www.burmeseclassic.com

ပထမနှိပ်ခြင်း၊ ၁၉၇၄၊ အုပ်ရေ ၂၅,၀၀၀။

ရန်ကုန်မြို့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း၊
စာပေဗိမာန်အုပ်ချုပ်ရေးအဖွဲ့
အုပ်ချုပ်ရေးမှူး ဦးထင်ကြီး (မှတ်ပုံတင်အမှတ် ၀၄၀၀) က
တာဝန်ခံ ထုတ်ဝေသည်။

စာပေဗိမာန်ပုံနှိပ်တိုက်အတွက်
ရန်ကုန်မြို့ အမှတ် ၂၀၅-၂၀၇၊ ပန်းဆိုးတန်း၊ အောင်ပန်းမြိုင်
ပုံနှိပ်တိုက်မှ ဦးအေးသိန်း ၀၁၆၉၃ (မြ) က ရိုက်နှိပ်ပေးသည်။

BURMESE CLASSIC .com

နံပါတ်	အကြောင်းအရာ	စာမျက်နှာ
	နိဒါန်း	၉
၁။	အဘယ်ကြောင့် နွေရာသီတွင် ခြင်ကောင်ပေါများရသနည်း....	၁၁
၂။	နွေရာသီတွင် အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသူများကို ခြင်ကောင်များ အဘယ်ကြောင့် ပို၍ ကိုက်ရသနည်း....	၁၂
၃။	ခြင်ကောင်အဖိုသည် သွေးမစုတ်တတ်၊ အဘယ်ကြောင့်နည်း ...	၁၃
၄။	ပျားသည် လုပ်သောပန်းကို လွယ်ကူစွာရှာဖွေတွေ့ရှိနိုင်သည်။ အဘယ်ကြောင့်နည်း....	၁၄
၅။	နံနက်ပိုင်းတွင် လိပ်ပြာများပျံသန်းရာ၌ အလွန်ထိုင်းမှိုင်းသည်၊အဘယ်ကြောင့်နည်း....	၁၆
၆။	လိပ်ပြာများ အဘယ်ကြောင့် လုပ်ချစ်စရာကောင်းသော အတောင်များ ပိုင်ဆိုင်ကြသနည်း....	၁၇
၇။	ပုဇဉ်းများသည် အခြား ပိုးကောင်းများထက် ပိုပြီး လျင်မြန်စွာနှင့် ကြာရှည် ပျံသန်းနိုင်သည်။ အဘယ်ကြောင့်နည်း	၁၉
၈။	ပုဇဉ်းများ ‘ရေပက်ကစား’ ကြသည်။ အဘယ်ကြောင့်နည်း....	၂၁
၉။	အလွန်ကြာဝေးသော သစ်နှစ်ပင်ကို ပင့်ကူသည် ဘယ်ကဲ့သို့ဆက်ပြီး အိမ်ဆောက်သနည်း....	၂၂
၁၀။	တီကောင်သီချင်းဆိုတတ်သလော။ ...	၂၉

www.burmeseclassic.com

www.burmeseclassic.com

၁၁။ တီကောင်သည် အဘယ်ကြောင့် မြေဆီကောင်းအောင် ပြုပြင်နိုင်သနည်း.... ၂၅

၁၂။ မြွေကိုက်ခံရသောအခါ အဘယ်ကြောင့် သွေးများစွာ စီးကျရသနည်း.... ၂၇

၁၃။ ဂဏန်းကောင်များ ပုဇောင်းမှုတ် ကစားလေ့ရှိသည်။ အဘယ်ကြောင့်နည်း.... ၂၈

၁၄။ ပုစဉ်းရင်ကွဲ၊ ပုရစ်နှင့် ကျိုင်းကောင်တို့တွင် အသံပြွန်မရှိပဲ အဘယ်ကြောင့် 'သီချင်း' ဆိုနိုင်ကြသနည်း.... ၃၀

၁၅။ ပိုးကောင်များ 'ရည်းစားစကား' လိုက်ပြောပုံ ၃၁

၁၆။ ပိုးကောင်ငယ်များ အဘယ်ကြောင့် အရေခွံလဲရသနည်း.... ၃၃

၁၇။ ခြကောင်များ အဘယ်ကြောင့် အဆောက်အဦများကို ဖျက်ဆီးရသနည်း.... ၃၄

၁၈။ ကျိုင်းကောင်များ အဘယ်ကြောင့်အုပ်စုလိုက် သောင်းကျန်းရသနည်း.... ၃၆

၁၉။ ပုရွက်ဆိတ်များ အမြဲစစ်တိုက်လေ့ရှိသည်။ အဘယ်ကြောင့်နည်း.... ၃၈

၂၀။ ပျကောင်မေါများသည့်နေရာတွင် ပုရွက်ဆိတ် ပေါများလေ့ ရှိသည်။ အဘယ်ကြောင့်နည်း.... ၄၀

၂၁။ အဘယ်ကြောင့် ငါးများရေထဲတွင် မလှုပ်ရှားပဲ ငြိမ်သက်စွာ ရပ်နေနိုင်သနည်း.... ၄၂

၂၂။ ငါးများ တခါတရံ ရေမျက်နှာပြင်ပေါ် ခုန်တက်လေ့ ရှိသည်။ အဘယ်ကြောင့်နည်း.... ၄၃

၂၃။ ငါးသေဆုံးသောအခါ အဘယ်ကြောင့် ဝမ်းဗိုက်ပိုင်းသည် အပေါ်သို့ လန်နေရသနည်း.... ၄၄

၂၄။ ငါးအကြေးကို ကြည့်ခြင်းဖြင့် အဘယ်ကြောင့်ငါး၏သက်တမ်းကို သိနိုင်သနည်း.... ၄၆

၂၅။ ငါးပူတင်းကိုစားလျှင် အဘယ်ကြောင့် အဆိပ်တောက်ရသနည်း ၄၇

၂၆။ မိုးရွာသောနေ့တွင် ဖားအော်သံ ပို၍ကျယ်လောင်သည်။ အဘယ်ကြောင့်နည်း.... ၄၉

၂၇။ မြွေသည် အဘယ်ကြောင့် မိမိဦးခေါင်းထက်ကြီးသော ကြွက်ကိုမျိုချနိုင်သနည်း.... ၅၀

၂၈။ မြွေကိုအမြီးမှကိုင်ပြီး နှစ်ကြိမ်သုံးကြိမ် လှုပ်ခါလျှင် ထိုမြွေသေတော့သည်။ အဘယ်ကြောင့်နည်း.... ၅၁

၂၉။ မြွေတွင် ခြေမရှိပဲ အဘယ်ကြောင့် လျင်မြန်စွာ ရွေ့ရှားနိုင်သနည်း.... ၅၂

၃၀။ မြွေကိုရိုက်လျှင် 'ခုနစ်လက်မ' ကို ရိုက်ရသည်။ မည်သည့်အဓိပ္ပာယ်နည်း.... ၅၄

၃၁။ မြွေအလမ္ပာယ်ဆရာ၏ပြွေသံကိုကြားသော် မြွေဟောက်များ ထကကြသည်။ အဘယ်ကြောင့်နည်း.... ၅၅

www.burmeseclassic.com

www.burmeseclassic.com

၃၂။ လိပ်များတွင် အဘယ်ကြောင့် မာကျော သောအခွံရှိသနည်း.... ၅၇
၃၃။ လိပ်ကျောပေါ်တွင် စိုစွတ်နေပါက မိုးရွာမည်ဟု သိရသည်။ အဘယ်ကြောင့်နည်း.... ၅၉
၃၄။ အဘယ်ကြောင့် အချို့တိရစ္ဆာန်ငယ်များသည် ရာသီဥတုအပြောင်းအလဲကို ကြိုတင်သိရှိကြသနည်း.... ၆၀
၃၅။ ငှက်များ သစ်ကိုင်းပေါ်တွင် နားအိပ်သောအခါ အဘယ်ကြောင့်ပြုတ်ကျခြင်း မဖြစ်သနည်း... ၆၂
၃၆။ ပျံလွှားငှက်များ သမုဒ္ဒရာကို ကျော်ဖြတ်ပျံသန်းစဉ် မည်သည့်နေရာတွင် အနားယူသနည်း။ မည်သည့် အစာကို စားကြသနည်း ၆၃
၃၇။ စင်ရော်များ အဘယ်ကြောင့် ပင်လယ်ကူးသင်္ဘော နောက် လိုက်ရသနည်း.... ၆၅
၃၈။ ဒေါင်းငှက်များသည် အရောင်အဆင်း လှသော အကြော့ဝတ်ဆင်ထားသူကို မြင်လျှင် အမြီး ကားပြလေ့ ရှိသည်။ အဘယ်ကြောင့်နည်း.... ၆၆
၃၉။ သာလိကာနှင့်ကြက်တူရွေးတို့သည် အဘယ်ကြောင့်လူစကားပြောတတ်သနည်း.... ၆၇
၄၀။ ကနောင် မင်းသားကို ခေါင်းကိုက်စေသော 'ဥနှင့်ကြက်'.... ၆၉

မာတိကာ

၄၁။ ကြက်မများ အဘယ်ကြောင့် အချိန်မှန်ဝပ်ကြသလဲ... ၇၂
၄၂။ ကြက်မများ အုပြီးသောအခါ အဘယ်ကြောင့် 'တဂို့ဂို့-ဂို့ဂို့'ဟုအော်ရသနည်း.... ၇၄
၄၃။ 'မျက်နှာ' နီသောကြက်မသည် ဥအုလိမ့်မည်ဟု ဆိုရိုးစကားရှိသည်။ အဘယ်သို့သော အဓိပ္ပာယ်နည်း.... ၇၅
၄၄။ ဆောင်းရာသီတွင် ကြက်မများကို လျှပ်စစ်မီးရောင်ထိုးပေးလျှင် ဥပိုအုသည်။ အဘယ်ကြောင့်နည်း.... ၇၇
၄၅။ ကြက်မပျိုကို မွေးခြင်းသည် ကြက်မအိုကို မွေးခြင်းထက် ပို၍ တွက်ခြေကိုက်သည်။ အဘယ်ကြောင့်နည်း.... ၇၈
၄၆။ ကြက်မများ ပိုးကောင်များများ စားလေ ဥများများ အုလေဖြစ်သည်။ အဘယ်ကြောင့်နည်း.... ၈၀
၄၇။ ကြက်ငယ်များ ဥအကာမှ ဖောက်ထွက်လာသည်နှင့် တပြိုင်နက် အစာ စားနိုင်သည်။ အဘယ်ကြောင့်နည်း.... ၈၁
၄၈။ ဝမ်းဘဲများ ဥမဖောက်တတ်ချေ။ အဘယ်ကြောင့်နည်း.... ၈၃
၄၉။ ခွေးကအမဲရိုး၊ ကြောင်က ငါးရိုး စားနိုင်သည်။ အဘယ်ကြောင့်နည်း ၈၄

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

၅၀။ ဆပ်ကပ်ပွဲထဲမှ ခွေးကလေးများ ဂဏန်းသင်္ချာ တွက်တတ်သည်။ အဘယ်ကြောင့်နည်း.... ၈၇

၅၁။ ဆပ်ကပ်ဆရာသည် ကြာပွတ်ကို အဘယ်ကြောင့် ကိုင်ဆောင်ထားရသနည်း.... ၈၈

၅၂။ ယုန်နားရွက်ဘာကြောင့်အလွန်ရှည်ရသနည်း. ၉၀

၅၃။ ကြွက်များ အဘယ်ကြောင့် ပစ္စည်းများ ကိုက်ဖြတ်ရသနည်း.... ၉၂

၅၄။ ဆင်နှင့်ကြံ့ ရေချိုးပြီးသော အခါ ကိုယ်ပေါ် ရွှံ့သဲများ ပက်ဖြန်းလေ့ရှိသည်။ အဘယ်ကြောင့်နည်း.... ၉၃

၅၅။ သဘာဝအလျောက် သေဆုံးသောဆင်သေအလောင်းကိုမည်သူမျှ မတွေ့ရချေ၊အဘယ်ကြောင့်နည်း.... ၉၄

၅၆။ သမင်ဖိုတွင် ဦးချိုပေါက်ပြီး အဘယ်ကြောင့် သမင်မတွင် မပေါက်သနည်း— ၉၆

၅၇။ ကုလားအုပ်သည်သဲကန္တာရတွင် ရေရှိသောနေရာကို သိနိုင်သည်။အဘယ်ကြောင့်နည်း. ၉၈

၅၈။ နွားမများသီချင်းသံကြားသောအခါ နို့ပိုထွက်သည်။ အဘယ်ကြောင့်နည်း ... ၉၉

၅၉။ မျောက်များအလွန်အတုခိုးသည်။ အဘယ်ကြောင့်နည်း .. ၁၀၀

၆၀။ မျောက်များ အဘယ်ကြောင့် စားပိုနှင့်အောင် စားနိုင်ကြသနည်း.... ၁၀၂

နိဒါန်း

ဤစာအုပ်ကိုမဖတ်မီ သင့်တွင် "အဘယ်ကြောင့်" ဟူသော မရှင်းလင်းသည့် အရာများစွာ ရှိပေလိမ့်မည်။ မြွေအလမ္ပာယ်ဆရာကြီး၏ မြွေသံကို ကြားသော် မြွေဟောက်များ အဘယ်ကြောင့် ထကရသနည်း။ ငှက်များ သစ်ကိုင်းပေါ်တွင် နားအိပ်သောအခါ အဘယ်ကြောင့် ပြုတ်ကျခြင်း မဖြစ်သနည်း။ စင်ရော်များ အဘယ်ကြောင့် ပင်လယ်ကူးသင်္ဘောကိုလိုက်ပြီး ပျံသန်းရသနည်း။ မြွေများ အဘယ်ကြောင့် မိမိဦးခေါင်းထက် ကြီးသောကြွက်ကို မျိုချနိုင်သနည်း။ ငါးပုတင်းကိုစားလျှင် အဘယ်ကြောင့် အဆိပ်မတောက်စေတတ်သနည်း။ ပင့်ကူအိမ်တွင် ကပ်နေသော ပိုးကောင်များ အဘယ်ကြောင့် အစွ ခေါင်းလွတ်သာ ကျန်ရစ်ရသနည်း။ ဆင်နှင့် ကြံ့တို့ ရေချိုးပြီးသောအခါ အဘယ်ကြောင့် ကိုယ်ပေါ်သို့ ရွှံ့သဲများ ပက်ဖြန်းထားရသနည်း။ ဤကဲ့သို့ နေ့စဉ်ကြုံတွေ့နေရသော သတ္တဗေဒ၏ အခြေခံသဘောတရားများကို ဤစာအုပ်တွင် စုံလင်စွာ တင်ပြထားပါသည်။ ပတ်ဝန်းကျင်တွင် တွေ့မြင်ချက်များကို အမှုမဲ့အမှတ်မဲ့ မရှုမြင်ပဲ ဤအရာသည် အဘယ်ကြောင့် ဤသို့ ဖြစ်ပျက်ရသည်၊ မည်သို့ ဆက်လက်ဖြစ်ပေါ်မည်။ မည်သို့ ပြုပြင်လျှင် ကောင်းမည် စသည်ဖြင့် အကြောင်းရင်းကို စစ်ကြောထုတ်နုတ်ပြထားပြီး တရုပ်ရှိသတ်အားလည်း ဤသို့မြင်တတ်ရှုတတ်၊ စိတ်ကူးတတ်အောင် ဆွဲဆောင်ခေါ်ငင်၍ ဆွေးနွေးတင်ပြထားပါသည်။

ဤစာအုပ်သည် သိပ္ပံဗဟုသုတများကို အရှင်းတိုင်း ဖောက်သယ်မချပဲ လူတိုင်းကြုံဘူးမြင်ဘူးခဲ့သည့် ကိုယ်တွေ့အဖြစ်အပျက်

www.burmeseclassic.com

www.burmeseclassic.com

များကို ဇာတ်လမ်းဆင်ကာ မသိမသာ ဖော်ပြသွားသည်။ ဤစာအုပ်တွင် ပါဝင်သော မေးခွန်းများသည် လုပ်သားပြည်သူများသာမက သင်္ချာပညာဆည်းပူးနေကြသည့် ကျောင်းသားကျောင်းသူများလည်း မေးသင့်၊ စဉ်းစားသင့်၊ သိထားသင့်သည့် မေးခွန်းများပင် ဖြစ်သည်။

ဤစာအုပ်သည် သင်္ချာဗေဒပညာကို ကျောင်းသူကျောင်းသားများ မြတ်နိုးစိတ် ဖြစ်ပေါ်စေနိုင်မည်ဆိုလျှင် စာရေးသူအဖို့ ဤစာအုပ်ကို ရေးရကျိုး နပ်ပြီဖြစ်ပါကြောင်း။

သိပ္ပံမျိုးသန့်

၁။ ။အဘယ်ကြောင့် နွေရာသီတွင် ခြင်ကောင် ပေါများရသနည်း

ဂျပန်သမိုင်းပုံပြင်တခုတွင် ဂျပန်စစ်သူကြီးတဦးသည် စစ်ရှုံးနိမ့်သဖြင့် မြင်းစီးကာ လွတ်ရာသို့ထွက်ပြေးလာရာ မြစ်ကမ်းပါးတခုသို့ ရောက်လေသော် အလွန်အံ့ဩဖွယ်ကောင်းသော ရှုခင်းတခုကို တွေ့မြင်ရ၏။ ထိုရှုခင်းမှာ အခြားမဟုတ်။ ပုရွက်ဆိတ်များသည် "စစ်သူကြီး ဤနေရာတွင် သေဆုံးရမည်" ဟူသည့် စာတန်းပုံဖော်ထားသည်ကို တွေ့ရခြင်းပင်ဖြစ်၏။ စစ်သူကြီးလည်း ပုရွက်ဆိတ်များ သရုပ်ဖော်ထားသည့် စာတန်းကိုဖတ်မိပြီး ဤမျှသေးငယ်လှသော ပုရွက်ဆိတ်များပင် ငါ့ကို သရော်နေချေပြီ ဟူ၍ တွေးတောကာ ကိုယ့်လည်ပင်းကိုယ်ဖြတ်ပြီး အဆုံးစီရင်လိုက်လေသည် ဟု ဖော်ပြထားသည်။

ပုရွက်ဆိတ်များ ဘယ်ကဲ့သို့ ထိုစာတန်းကို သရုပ်ဖော်နိုင်ကြသနည်း။ အမှန်မှာ ထိုစစ်သူကြီး၏ရန်သူဖက်မှ အလွန်ပညာရှိသော အမတ်တဦးက စစ်သည်တော်တဦးကို ရှေးဦးစွာစေလွှတ်ပြီး သကြားဖျော်ရည်ဖြင့် ထိုကမ်းခြေတွင် ထိုစာတန်းကို ရေးထားစေခြင်းဖြစ်သည်။ ပုရွက်ဆိတ်များသည် သကြားနံ့ရ၍ ဝိုင်းအုံစားသောက်ကြခြင်းဖြင့် စာတန်းပေါ်လာသည်။ ပုရွက်ဆိတ်များ အချိုကြိုက်တတ်သည့်အချက်ကို အသုံးပြုပြီး စစ်သူကြီးကို သရော်စိတ်ဆိုးစေခဲ့ခြင်းဖြစ်သည်။

ပုရွက်ဆိတ်များသည် သကြားနံ့ရသောအခါ အုံလာကြသည်၊ ထို့အတူ ယင်ကောင်များသည်လည်း ညစ်ပတ်သောအနံ့ကိုပုံနှင့်ငါး

www.burmeseclassic.com

www.burmeseclassic.com

များပေါ်တွင် အုံလေ့ရှိသည်။ ဤကဲ့သို့ဖြစ်ရခြင်းမှာ မွှေးကြိုင်သော ပန်းရနံ့သည် လူကိုဆွဲဆောင်နိုင်သကဲ့သို့ သကြားနံ့နှင့်အမှိုက်ပုံနံ့တို့သည် ပုရွက်ဆိတ်နှင့် ယင်ကောင်တို့ကို ဆွဲဆောင်နိုင်သောကြောင့် ဖြစ်သည်။ သိပ္ပံပညာရှင်များ လေ့လာချက်အရ ရာသီဥတုပူအိုက်သောအချိန်နှင့် လေထုစိုထိုင်းနေသောအချိန်များတွင် လူ့အရေခွံမှ အာမိုးနီးယမ်း အက်စစ်ဓာတ်ဆား၊ လက်တစ်အက်စစ်ဓာတ်ဆားနှင့် အာမိုးနီးယမ်းဒြပ်ပေါင်းများ စိမ့်ထွက်သည်ကို တွေ့ရသည်။ ထိုဓာတုပစ္စည်းများသည် ပူအိုက်၍ လျင်မြန်စွာ ပြန့်နှံ့ခြင်း မပြုနိုင်ချေ။ ထိုဓာတုပစ္စည်းများသည် ခြင်ကောင်ကို ဆွဲဆောင်နိုင်ခြင်းကြောင့် ခြင်ကောင်များသည် လူကိုလိုက်ပြီးထိုးလေပေသည်။ သို့ကြောင့် ပူအိုက်သောနွေရာသီတွင် ခြင်ပေါများခြင်း ဖြစ်သည်။

သို့သော်လည်း အချို့စိမ့်ထွက်သော ဓာတုပစ္စည်းများသည် ခြင်ကောင်ကို နှင်ထုတ်နိုင်သည်။ ဥပမာ အမွှေးတိုင် ခြင်မီးနှင့်ကြိုးစ တမျိုးကို မီးရှို့ခြင်းဖြင့် ခြင်ကိုနှင်ပစ်နိုင်သည်။

BURMESE CLASSIC .com

၂။ ။နွေရာသီတွင် အနက်ရောင်အကျႌဝတ်ဆင်ထားသူကို ခြင်ကောင်များ အဘယ်ကြောင့်ပို၍ ကိုက်ရသနည်း၊

ခြင်ကောင်တွင် မျက်စေ့ကြီးတစုံရှိသည်။ ထိုမျက်စေ့ကြီးသည် ဦးခေါင်းပိုင်း၏ လေးပုံသုံးပုံခန့် ရှိသည်။ ထိုမျက်စေ့အစုံကို ပိုးကောင်ဗေဒတွင် 'ကွန်ပေါင်းမျက်စေ့' ဟု ခေါ်သည်။ ယင်းကို မျက်စေ့ငယ်ပေါင်း မြောက်မြားစွာဖြင့် အထပ်ထပ်တည်ဆောက်ထားသည်။ ထိုမျက်စေ့ကြီးတစုံသည် အရာဝတ္ထုကို ခွဲခြားကြည့်ရှုနိုင်သည့်အပြင် အရောင်အဆင်းနှင့် ပြင်းအားချင်းမတူသော အလင်းတန်းတို့ကိုလည်း ခွဲခြားနိုင်သည်။

ခြင်ကောင်သည် များသောအားဖြင့် မှေးမှိန်သောအလင်းရောင်ကို နှစ်သက်သည်။ အလွန်မှောင်ခြင်း၊ လင်းခြင်းတို့ကို မနှစ်သက်ချေ။ သို့သော်လည်း ခြင်ကောင်အမျိုးပေါင်း မြောက်မြားစွာရှိခြင်းကြောင့် အလင်းရောင်အနည်းအများ ကြိုက်နှစ်သက်ပုံမှာ တူညီကြလိမ့်မည်မဟုတ်ချေ။ အချို့ခြင်ကောင်များသည် နေ့လယ်ပိုင်းတွင် လှုပ်ရှားကြပြီး အချို့မူ မှုန်းလွဲနှင့် ဆည်းဆာချိန်တွင် လှုပ်ရှားလေ့ရှိသည်။ မည်သည့်အချိန်အခါတွင် လှုပ်ရှားစေကာမူ အလင်းရောင်ကိုရှောင်ရှားကြရန် ကြိုးစားကြမြဲဖြစ်သည်။ နေ့လယ်ပိုင်းလှုပ်ရှားသည့် ခြင်ကောင်သည်လည်း မွန်းလွဲသုံးလေးနာရီလောက်မှ စတင်လှုပ်ရှားလေ့ရှိသည်။ ထို့ကြောင့် ကျွန်ုပ်တို့အကျႌအနက်ရောင်ဝတ်ဆင်ထားသောအခါ အလင်းတန်းမှေးမှိန်နေခြင်းကြောင့် ခြင်ကောင်၏အကြိုက် တွေ့လေတော့သည်။ အကယ်၍ အကျႌဖြူဝတ်ဆင်ထားပါက အလင်းရောင် တောက်ပခြင်းကြောင့် ခြင်ကောင်သည် သင့်ကိုရှောင်ရှားရန်ကြိုးစားလိမ့်မည်။ ထို့ကြောင့် အကျႌနက်ဝတ်ဆင်ထားသောသူသည် အကျႌဖြူဝတ်ဆင်ထားသောသူထက် ခြင်ကောင် ပိုကိုက်ခြင်းခံရသည်။

၃။ ။ခြင်ကောင်အဖိုသည် သွေးမစုတ်တတ်၊ အဘယ်ကြောင့်နည်း

နွေရာသီတွင် လူကို ဒုက္ခအပေးဆုံးမှာ ခြင်ကောင်ဖြစ်သည်။ လူ့ကိုယ်ပေါ်တွင်နားပြီး သွေးစုတ်လေ့ရှိသည်။ အကယ်၍ ထိုခြင်များကို ဖမ်းပြီးလေ့လာလျှင် ယင်းတို့သည် ခြင်ကောင်အမများသာဖြစ်ကြောင်း တွေ့ရလိမ့်မည်။

အဘယ်ကြောင့် ခြင်ကောင်အဖိုသည် သွေးမစုတ်တတ်သနည်း။ ခြင်ကောင်များ မည်ကဲ့သို့သွေးစုတ်သည်ကို ဦးစွာလေ့လာကြည့်ကြဦးစို့။ ခြင်ကောင်၏ပါးစပ်အင်္ဂါသည် ပါးစပ် အပ် ချောင်း

www.burmeseclassic.com

www.burmeseclassic.com

ခြောက်ခုဖြင့် တည်ဆောက်ထားသည်။ ယင်းတို့မှာ အပေါ်နှုတ်ခမ်း၊ အပေါ်မေးစေ့နှစ်ခု၊ အောက်မေးနှစ်စေ့ခုနှင့် လျှာတို့ဖြစ်ကြသည်။ အောက်မေးစေ့တွင် သွားကလေးရှိသည်။ ထိုအစ်ခြောက်ချောင်းသည် အောက်နှုတ်ခမ်းချိုင့်တွင် ရှိသည်။ ခြင်ကောင်အမ သွေးစုပ်သော အခါ အောက်နှုတ်ခမ်းကို ခေါင်းအောက်တွင် နောက်ပိုင်းသို့ ကွေးသည်။ ထိုနှုတ်ခမ်းဖြင့် အစ်များကို ထိန်းထားသည်။ အောက်မေးစေ့ကို လူ၏အရေခွံထဲသို့ ထိုးသွင်းသည်။ အခြားပါးစပ်အစ်များလည်း ထိုနေရာမှ ထိုးဝင်သွေးစုတ်သည်။ ခြင်ကောင်အဖို၏ ပါးစပ်အစ်ချောင်းသည် ပျောက်ကွယ်နေသည်။ ယင်း၏အောက်မေးစေ့သည် သေးငယ်ပြီး တိုနေသည်။ ထိုကြောင့် သတ္တဝါများ၏ အရေခွံထဲသို့ မထိုးသွင်းနိုင်ချေ။ ထိုကြောင့် ခြင်ကောင်အဖိုသည် သွေးမစုတ်နိုင်ပေ။ ခြင်ကောင်အဖို၏ အာဟာရဓာတ်သည် ပန်းဝတ်ရည်၊ သစ်ပင်ဝတ်ရည်နှင့် အခြားဝတ်ရည်တို့မှ ရသည်။ ယင်း၏သက်တမ်းသည် ၆ ရက်မှ ၇ ရက်သာ ရှည်သည်။ ခြင်ကောင်အမ၏ အာဟာရဓာတ်သည် အထက်ဖော်ပြပါများအပြင် သတ္တဝါများ၏ သွေးကို စုတ်နိုင်သည်။ သွေးစုတ်ပြီးသော ခြင်ကောင်အမ၏ ဥသာလျှင် ရင့်ကျက်လိမ့်မည်။ ခြင်ကောင်အမ၏ သက်တမ်းသည် ရက်ပေါင်း ၃၀ ကြာမြင့်သည်။

၄။ ။ပျားများသည် လှပသော ပန်းများကို လွယ်ကူစွာ ရှာဖွေ တွေ့ရှိနိုင်သည်။ အဘယ်ကြောင့်နည်း။

သင်ဝန္နလပန်းခြံသို့ရောက်ဘူးပေလိမ့်မည်။ ပန်းခြံအတွင်းဝယ် ရာသီအလိုက် ပန်းများဝေဝေဆာဆာပွင့်နေသည်ကို တွေ့ရပေလိမ့်မည်။ ထိုလှပသောပန်းပွင့်များကို ပျားများအုံပြီး ပန်းဝတ်မှုန်နှင့် ပန်းဝတ်ရည်စုတ်နေကြသည်ကို သင်တွေ့မြင်ရလိမ့်မည်။ ပျားများ

သည် အဘယ်ကြောင့် အရောင်ရှိသောပန်းပွင့်၏ ပန်းဝတ်ရည်ကိုသာ စုတ်ရသနည်း။ ပန်းဝတ်ရည်၏အမွှေးနံ့ကြောင့်လော၊ ပန်း၏အရောင်အဆင်းကြောင့်လော။

ဤမေးခွန်းကိုမဖြေကြားမီ ပျားသည် ပန်းရနံ့နှင့် အရောင်ကို မည်ကဲ့သို့ခွဲခြားပုံကို ရှေးဦးစွာသိရှိထားရန်လိုသည်။

ပျားများသည် တွေ့ရာပန်းတိုင်းပေါ်တွင် နားခြင်းမဟုတ်။ ပန်းပွင့်များကို ရွေးချယ်ပြီးမှနားကြသည်။ ပျားတွင် ဖော့ဗ္ဗာဦးချိုတစုံရှိသည်။ ထိုသေးငယ်သောဦးချိုလေးပေါ်တွင် ဂန္ဓာရုံအင်္ဂါရှိသည်။ ထိုဂန္ဓာရုံအင်္ဂါသည် ပန်းမျိုးစုံ၏အနံ့ကို ခွဲခြားနိုင်သည့်ပြင် မျိုးမတူသော ပျား၏ပျားအိမ်များကိုလည်း ခွဲခြားနိုင်စွမ်းသည်။ ပျားအုပ်များတွင် မတူသောအနံ့များရှိကြသည်။ အနံ့တူသောပျားများစုပြီး ပျားအိမ်ဆောက်လေ့ရှိသည်။ ထို့ပြင် ပျားများသည် ယင်းတို့၏ဝမ်းဗိုက်ပိုင်းမှ အမွှေးနံ့သာနံ့များကို ထုတ်လွှတ်နိုင်သည်။ ပျားများ ပန်းဝတ်မှုန်နှင့်ဝတ်ရည်စုတ်ယူသောအခါ ထိုအမွှေးနံ့သာကို ပန်းပေါ်တွင် ပြန့်နှံ့စေသည်။ ဤသို့ဖြင့် ထိုပန်းများကို လွယ်ကူစွာ ရှာဖွေတွေ့ရှိနိုင်သည်။

၎င်းပြင် ပျား၏ကြီးမားသောမျက်လုံးတစုံသည် ခြားနားသော အရောင်ရှိသည့် ပန်းပွင့်ကို ခွဲခြားနိုင်သည်။ သို့သော်လည်း ပျား၏ရူပါရုံအားနှင့် လူတို့၏ရူပါရုံအားကို မတူညီကြချေ။ ယင်းတို့သည် များသောအားဖြင့် အလင်းလှိုင်းတိုများကိုသာ မြင်ကြရသည်။ သိပ္ပံပါရဂူများ၏လေ့လာချက်အရ ပျားသည် အနီ၊ အဝါ၊ အစိမ်း၊ အပြာ၊ ခရမ်းရောင် စသည့် အရောင်လှိုင်းအလျားတို့ကို ခွဲခြားနိုင်သည်။ ထို့ကြောင့် ပျားများသည် လှပသောပန်းပွင့်များကို လွယ်ကူစွာ ရှာဖွေတွေ့ရှိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

၅။ ။နံနက်ပိုင်းတွင် လိပ်ပြာများ ပျံသန်းရာ၌ အလွန်ထိုင်းမှိုင်းကြသည်။ အဘယ်ကြောင့်နည်း

လိပ်ပြာတွင် လှပကျယ်ပြန့်သော တောင်ပံရှိသည်။ တခါတရံ ထိုတောင်ပံဖြင့်လေထဲပျံဝဲနေသည်။ အလွန်စိတ်ကြည်နူးဖွယ်ကောင်းသော ရှုခင်းဖြစ်သည်။

သို့သော်လည်း နံနက်ပိုင်းတွင်ပျံသန်းနေသော လိပ်ပြာများကို သင်မြင်လျှင် အံ့အားသင့်နေလိမ့်မည်။ အကြောင်းမှာ နံနက်ပိုင်း လိပ်ပြာများပျံသန်းရာတွင် အလွန်ထိုင်းမှိုင်းနေသည်။ တောင်ပံကို အားကုန်ခတ်သော်လည်း အမြင့်သို့ပျံမတက်နိုင်ချေ။

အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်း....။ အစာအိမ် ဝမ်းပိုက်ချောင်နေ၍လော။ ထိုသို့ကားမဟုတ်ပါ။ နံနက်ခင်း၏စိုထိုင်းသော ပတ်ဝန်းကျင်ကြောင့် သာဖြစ်ပါသည်။

နေ့လယ်ပိုင်းတွင် မြေမျက်နှာပြင်သည် နေ၏အပူရှိန်ကြောင့် လေငွေ့အပေါ်သို့တက်မည်။ လိပ်ပြာသည် ထိုတက်လာသောလေငွေ့ကို တောင်ပံကြီးကားပြီး ဗညီးစိမ်ခံ ပျံဝဲနေနိုင်သည်။ အားထုတ်နေ့မလိုပဲ ပေါ့ပါးသွက်လက်စွာဝဲနေနိုင်သည်။ နံနက်ပိုင်းတွင် မြေမျက်နှာပြင်အေးနေ၍ရှင်း၊ လေထုသည်လည်း စိုထိုင်းနေ၍ရှင်း လိပ်ပြာသည် နေ့လယ်ကဲ့သို့ လေငွေ့ကြားတွင် ခိုကပ်ပျံဝဲခြင်း မပြုနိုင်သည့်ပြင် တောင်ပံကြီးနေခြင်းကြောင့် "ဆေးအတွက်ကြောင့်လေး"ဖြစ်နေသည်။

အခြားအကြောင်းတချက်မှာ လိပ်ပြာသည် မြက်ပင်နှင့်သစ်ရွက်များကြားတွင် အနားယူလေ့ရှိခြင်းကြောင့် နံနက်ခင်းတွင် နှင်းများကြောင့်ရှင်း၊ စိုထိုင်းသော လေထုကြောင့်ရှင်း အတောင်ပံ စိုစွတ်နေသည်။ စိုနေသော တောင်ပံသည် ပို၍လေးလံမည် ဖြစ်ခြင်းကြောင့် ပျံသန်းရာတွင် အလွန်ခက်ခဲလှသည်။

၆။ ။လိပ်ပြာများအဘယ်ကြောင့်လှပချစ်စရာကောင်းသောအတောင်များ ပိုင်ဆိုင်ကြသနည်း

စာရေးသူ ငယ်စဉ်က ရောင်စုံလှပသည့် လိပ်ပြာများကို လိုက်လံဖမ်းပြီး ကစားခဲ့သည်။ ဖမ်းမိသော လိပ်ပြာ၏ အတောင်များကို လက်ဖြင့် ထိရုံမျှဖြင့် လှပချစ်စရာကောင်းသော ရောင်စုံအမှုန့်၊ အကွက်များ ပျက်စီးသွားပြီး လှပသည့် ဖောက်ထွင်းမြင်နိုင်သော အတောင်တထပ် ပေါ်လာသည်ကို တွေ့ရသည်။ အဘယ်ကြောင့် ဤသို့ ဖြစ်ရသည်ကို ထိုစဉ်ကာလက မသိခဲ့ချေ။

လိပ်ပြာအတောင်ပေါ်ရှိ ချစ်စရာကောင်းသော ရောင်စုံအဆင်းအကွက်များသည် အတောင်၏မျက်နှာပြင်ပေါ်တွင် ဖုံးထားသည့် အကြေးမှုန့်များ ဖြစ်သည်။

အကြေးပြားပုံသဏ္ဍာန် မျိုးစုံရှိ၍ လိပ်ပြာတကောင်၏အတောင်ပေါ်တွင် ကွဲပြားခြားနားသော အကြေးပြား မျိုးစုံရှိသည်။

အကြေးပြား၏မျက်နှာပြင်ပေါ်တွင် ၁၀ မှ ၁၀၀၀ ထိ အရေအတွက်ရှိသော အလျားလိုက် အရစ်များရှိသည်။ အနုမြူခိုက်ကရိစကုပ်ဖြင့် ကြည့်သော် ထိုအလင်းယိုင်အားရှိသည့် အလျားလိုက် အရစ်များပေါ်တွင် အခြားအပေါ်လွှာများ ဓာတုပ်မှာကဲ့သို့ အထပ်ထပ် တည်ရှိသည်ကို တွေ့ရသည်။ ထိုကဲ့သို့ အရစ်များလေးလှပသော အရောင်များ ပို၍ ပေါ်လွင်လေ ဖြစ်သည်။ အကြေးပြား၏မျက်နှာပြင်ပေါ်တွင်ထူးခြားသည့် ဆေးရောင်ကွဲလေးများ ရှိသည်။ ယင်းကို ဓာတုဆေးရောင်ဟု ခေါ်သည်။ ထိုအရောင်

www.burmeseclassic.com

များသည် အလွန်လှပသော်လည်း အောက်စီဂျင်ဓာတ် တိုးခြင်း (Oxidation) ကြောင့်ရင်း၊ အပြန်အလှန် ဓာတ်ပြောင်းလဲခြင်းကြောင့်ရင်း စသည့်ဓာတုပြောင်းလဲခြင်းကြောင့် အရောင်မှာ တဖြည်းဖြည်းမှိန်၍ နောက်ဆုံး ပျောက်ကွယ်သွားတော့သည်။ အချို့သတ္တဗေဒဌာနတွင် စုဆောင်းထားသည့် လိပ်ပြာပုံ အယ်လဘန်တွင် လိပ်ပြာအတောင် ဆေးရောင်ပျက်နေသည်ကို တွေ့ရသည်။ ဤကဲ့သို့ဖြစ်ခြင်းမှာ အပူချိန် အနိမ့်အမြင့် ကြီးပြီး နေရောင်ခြည် တိုက်ရိုက်ထိုးမိသော အခန်းတွင်ထားခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် သတ္တဗေဒ အယ်လဘန်များ စုဆောင်း သိမ်းဆည်းထားသော အခန်း အဝတ်နက်ဖြင့် မှန်ပေါ်အုပ်ပြီး ထိန်းသိမ်းထားရသည်။ သို့မှသာ နေရောင်ခြည်ကြောင့် ဓာတုပြောင်းလဲမှုဖြစ်ခြင်းမှ ကာကွယ်နိုင်သည်။ လိပ်ပြာအတောင်၏ အကြေးပြားပေါ်တွင် ရူပဆေးရောင် (ဝါ) ရုပ်ဆေးရောင် တမျိုးလည်း ရှိသည်။ ထိုဆေးရောင်သည် ရုပ်ဝတ္ထု မျက်နှာပြင်၏ထူးခြားသော တည်ဆောက်ပုံကြောင့် ယင်းပေါ်သို့ ကျသော အလင်းတန်းကို ပြန်ဟပ်ခြင်းသော်ရင်း၊ ယိုင်ခြင်းသော်ရင်း၊ ပိတ်ဆားခြင်းသော်ရင်း ပြုလုပ်နိုင်ခြင်းကြောင့် လှပသော ဆေးရောင် ဖြစ်ပေါ်လာသည်။

ထိုရူပဆေးရောင်သည် အောက်စီဂျင်ဓာတ် တိုးခြင်း၊ အပြန်အလှန်ဓာတ်ပြောင်းလဲခြင်း စသည့် ဓာတုဓာတ် ပြုခြင်းကြောင့် အရောင်မပြောင်းလဲချေ။ ထို့ကြောင့် ယင်းသည် တည်မြဲသောဆေးရောင်ဖြစ်သည်။ ထိုရူပဆေးရောင်သည် မတူညီသော အလင်းတန်းအောက်တွင် မတူညီသော အလင်းနှင့်အရောင် ဖန်တီးပေးသည်။ ထိုဓာတုဆေးရောင်နှင့် ရူပဆေးရောင်တို့သည် လိပ်ပြာများ၏အတောင်များကို ရှုမငြီးအောင် ဖန်တီးပေးသည်။

၇။ ။ပုဇဉ်းများအခြားပိုးကောင်များထက်ပိုပြီး လျင်မြန်စွာနှင့်ကြာရှည်စွာ ပျံသန်းနိုင်သည်။ အဘယ်ကြောင့်နည်း

မိုးဦးကာလ မိုးမရွာမီနှင့် မိုးရွာပြီးစအချိန်ကာလတွင် ပုဇဉ်းများသည် ရေခိုးရေငွေ့များပြည့်ဝနေသည့် ကောင်းကင်ယံတွင် ပျော်ရွှင်မြူးတူးစွာ ပျံဝဲနေလေ့ရှိကြသည်။ ပုဇဉ်းသည် ကျွမ်းကျင်သော လေယာဉ်မှူးမောင်းသည့် လေယာဉ်ကဲ့သို့ ရှေ့နောက်၊ ဝဲယာ၊ အဟုန်ယိုးပျံဝဲနိုင်သည်။ တခါတရံ ရဟတ်လေယာဉ်ကဲ့သို့ ကောင်းကင်တွင် တနေရာတည်းတွင် ငြိမ်သက်စွာ ရပ်နေနိုင်သည်။ သို့သော်လည်း သင်လိုက်ဖမ်းသောအခါ ကြယ်ကြွေသကဲ့သို့ လျင်မြန်စွာ ကောင်းကင်သို့ ထိုးတက်သွားပြီး ခဏကြာသော် သင့်နားသို့ ပြန်ရောက်လာလိမ့်မည်။ သင့်အား နောက်ပြောင်နေရော့သလား ဟု ထင်ရသည်။

ပုဇဉ်းသည် ပိုးကောင်လောကတွင် အမြန်ဆုံးပျံနိုင်သူဖြစ်သည်။ ယခင်က ပျား၏ပျံနှုန်းသည် ပိုးကောင်လောကတွင် အလွန်လျင်မြန်နေပြီ ဟုမှတ်ယူခဲ့ကြသည်။ ပျား၏ ပျံနှုန်းသည် တစက္ကန့်လျှင် ၄.၅ မီတာ၊ အတောင် ၂၅၀ ကြိမ်ခတ်ရသည်။ ပုဇဉ်း၏ပျံနှုန်းသည် တစက္ကန့်လျှင် ၇ မီတာ၊ အတောင် ၂၀ ကြိမ်မှ ၃၀ ကြိမ်သာ ခတ်ရန်လိုသည်။ ပုဇဉ်း၏ပျံနှုန်းသည် လျင်မြန်ရုံတင်မက ကြာရှည်စွာလည်း တာဝေးပျံနိုင်သည်။ နှစ်စဉ် နွေအကုန်မိုးဦးရာသီအကူးတွင် ပုဇဉ်းများစွာတို့သည် ပြင်သစ်နိုင်ငံ မြောက်ပိုင်းပင်လယ်ကမ်းခြေမှ ဗြိတိန်နိုင်ငံသို့ "ခရီးရှည်" ထွက်လေ့ရှိကြသည်။ ထိုခရီးရှည်ကို လေယာဉ်ဖြင့် ကမ္ဘာတပတ်မရပ်မနားပျံသန်းသည့် အချိန်လောက် ကြာရှည်စွာ ပျံသန်းနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com

နှစ်ပေါင်းသုံးသန်းမျှကာလကပင်လျှင် ကမ္ဘာပေါ်တွင် ပုဇဉ်း အမျိုးမျိုး ရှိနေခဲ့၏။ ထိုအချိန်အခါက ပုဇဉ်း၏ တောင်ပံနှင့် ပုံသဏ္ဌာန်သည် ယခုများခုတ်ကောင်နှင့် အလွန်သဏ္ဌာန်တူသည်။ တောင်ပံကို ဆန့်ကားလိုက်လျှင် အကျယ် ၇၀ စင်တီမီတာမျှရှိခဲ့သည်။ မည်သူမျှဖမ်းဝံ့လိမ့်မည်မဟုတ်။ ထိုမှတဆင့် ပျံသန်းမှုအစဉ်မပြတ် တိုးတက်မြင့်မားလာခြင်းကြောင့် ယင်း၏ ကိုယ်ပုံသဏ္ဌာန်နှင့် တောင်ပံသည် ယခုခေတ်တွင် တွေ့မြင်ရသော ပုံသဏ္ဌာန်ကဲ့သို့ ပြောင်းလဲဖြစ်ပေါ်လာသည်။

ပုဇဉ်း၏တောင်ပံသည် အဘယ်ကြောင့် ဤမျှ အားကောင်းရသနည်း။ ဇီဝဗေဒပညာရှင်များ၏စူးစမ်းလေ့လာချက်အရ ပုဇဉ်း၏ ရင်အုပ်ပိုင်းတွင် အတောင်ကိုခတ်ရန် အလွန်အားကောင်း သန်မာ ထွားကျိုင်းသည့် ကြွက်သားများ ရှိသည်။ ဖျားနှင့် ပုဇဉ်းရင်ကွဲတို့ ပျံဝဲစဉ် တောင်ပံများသည် ရှေ့နောက်ပြိုင်တူလှုပ်ရှားသည်။ ပုဇဉ်း၏ ရှည်လျားသော တောင်ပံနှစ်စုံသည် ပျံသန်းနေစဉ် ရှေ့ပိုင်း အတောင်ပံက အရှေ့ အပေါ်ပိုင်းသို့ ခတ်ရိုက်ပြီး နောက် ပိုင်း တောင်ပံက အောက်ပိုင်းသို့ခတ်ရိုက်သည်။ ထိုကြောင့် ပျံဝဲနေစဉ် မလှုပ်ရှားပဲ ရပ်နေနိုင်သည်။ သို့မဟုတ် ရှေ့သို့သော်၎င်း၊ နောက်သို့သော်၎င်း ပျံဝဲနိုင်သည်။ ပျံသန်းနှုန်းလည်းလျင်မြန်သည်။ အထူးသဖြင့် ပုဇဉ်းသည် ကိုယ်ပေါ့ပါးပြီး တောင်ပံ ကြီးနေခြင်းကြောင့်၎င်း၊ ကိုယ်ခန္ဓာသဏ္ဌာန်သည်၎င်း အလျင်နှုန်း မြန်မြန်နှင့်ခရီးဝေး ပျံသန်းရန်အတွက် ဖန်တီးပေးသည်။ ထို့ကြောင့်လည်း အခြား ပိုးကောင်များထက် ပိုပြီးပျံသန်းနိုင်သည်။

ပုဇဉ်းတွင် ကွန်ပေါင်း မျက်စေ့ရှိသည်။ ခေါင်းတခုလုံးသည် ကွန်ပေါင်း မျက်စေ့နှစ်လုံးဖြင့်ပြည့်နေသည်။ ကွန်ပေါင်းမျက်စေ့ တလုံးတွင် မျက်စိငယ်ပေါင်း ၁၀,၀၀၀ မှ ၂၈,၀၀၀ ထိရှိသည်။ အခြားပိုးကောင်၏ ၁၀ ဆ ဖြစ်သည်။ ပုဇဉ်း၏ ကွန်ပေါင်းမျက်စေ့သည် အခြားပိုးကောင်မျက်စေ့ကဲ့သို့ အနီးမှုန်မဟုတ်ချေ။ စမ်းသပ်ချက်အရ ၅ မီတာမှ ၆ မီတာထိ မြင်နိုင်သည်။ ယင်း၏ခြေသုံးစုံတွင်

အလွန်ချွန်ထက်သော ဆူးများရှိသည်။ ပိုးကောင်များ ထိုဆူးဖြင့် ထိုးမိပါက ပြေးလွတ်ရန်လမ်းမရှိတော့ပေ။ ယင်းသည် ပျံသန်းနေစဉ် ပိုးကောင်များကို ဖမ်းစားလေ့ရှိသည်။ ဤသို့ဖြင့် အချိန်ကုန်သက်သာခြင်းကြောင့် အခြား ပိုးကောင်များထက် ပိုမိုလျင်မြန်စွာနှင့် ကြာရှည်စွာ ပျံသန်းနိုင်ခြင်း ဖြစ်ဟန်တူသည်။

၈။ ။ပုဇဉ်းများ 'ရေပက်ကစား' ကြသည်။ အဘယ်ကြောင့်နည်း

ပုဇဉ်းများ ရေပေါ်တွင် ပျံဝဲကာ 'ရေပက်ကစား'သည့် ကြည်နူးဖွယ်ရာ ရှုခင်းကို ရှေးစာဆိုတော်များ၊ ခေတ်ဆန်းကဗျာ ဆရာများ ဖွဲ့နွဲ့စပ်ဆိုလေ့ ရှိသည်။ ရှေးစာဆိုတော်များ ပုဇဉ်းရေတွတ်သည်ကို ဖွဲ့နွဲ့စပ်ဆိုတတ်သော်လည်း အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ရသည်ကိုမူ မရှင်းပြနိုင်ခဲ့ပေ။

ပုဇဉ်းများသည် အခြားပိုးကောင်များနှင့် မတူချေ။ ကလေး ဘဝ ၁ နှစ်မှ ၂-နှစ်အချိန်အတွင်း ရေတွင် နေထိုင် စားသောက် ရသည်။ ပုံသဏ္ဌာန်သည် ကျွန်ုပ်တို့ တွေ့မြင်နေရသည့် ပုဇဉ်းနှင့် မတူပေ။ ခြေသုံးစုံ ရှိသော်လည်း ပျံသန်းရန် တောင်ပံ မရှိချေ။ အောက်နှုတ်ခမ်းသည် အလွန်ရှည်ပြီး ရှေ့သို့ ဆန့်ထုတ်နိုင်သည်။ နှုတ်ခမ်း၏ ရှေ့တွင် ညှပ်ရှိပြီး အစာညှပ်သော ကိရိယာဖြစ်သည်။ အနားယူနေချိန်တွင် အောက်နှုတ်ခမ်းကို ခေါက်ထားနိုင်ပြီး ပါးစပ် တခုလုံးကို ဖုံးအုပ်ထားနိုင်သည်။ ရေကန်တွင်းရှိ ခြင်ဥနှင့်အကောင် ငယ်များသည် ယင်း၏အစာဖြစ်သည်။ လူတို့ပြုစုမွေးမြူသော အခါ တီကောင်အပိုင်းအစနှင့် ပုစွန်ငယ်များ ကျွေးကြသည်။ ကြီးပြင်း လာသော ပုဇဉ်းငယ်သည် ရေတွင်ပေါက်နေသော မြက်မှတဆင့် ရေပေါ်သို့ တက်လာပြီး အခွံလဲခြင်းဖြင့် ပုဇဉ်းဘဝ အဖြစ်သို့ ရောက်လာသည်။ ထိုကြောင့် ကျွန်ုပ်တို့ တွေ့မြင်ရသော ပုဇဉ်း

www.burmeseclassic.com

www.burmeseclassic.com

'ရေပက်ကစားခြင်း'သည် အမှန်စင်စစ် ရေကစားနေခြင်းမဟုတ်ပဲ မျိုးပွားရန် အတွက် ရေကန်တွင်းသို့ ဥအုနေခြင်းသာ ဖြစ်သည်။ ထိုရေထဲသို့ ဥအုနေသည့် အမှုအရာကို ရှေးစာဆိုတော်များက ပုဇဉ်းရေကစားသည်ဟန် အဖြစ် စပ်ဆိုထားခြင်းသာဖြစ်သည်။

၉။ ။အလွန်ကွာဝေးသော သစ်နှစ်ပင်ကို ပင့်ကူ ဘယ်ကဲ့သို့ဆက်ပြီး အိမ်ဆောက်သနည်း

ချောင်းကလေးတဖက် ကန့်ပေါင်ရိုးရှိ သစ်ပင်နှင့် အခြားတဖက်ရှိ သစ်ပင်ကိုဆက်ပြီး ပင့်ကူအိမ်ဆောက်ထားသည်ကို တောနယ်များတွင် တွေ့ရလေ့ရှိသည်။ အိမ်ရှိထောင့်တထောင့်နှင့် အခြားအလွန်ဝေးသော ထောင့်တထောင့်ကိုဆက်ပြီး ပင့်ကူအိမ်ဆောက်ထားသည်ကိုလည်း တွေ့ရဖူးဖြစ်သည်။ ပင့်ကူသည် ရေမကူးတတ်၊ မပျံဝံတတ်ပဲနှင့် ဤ"ကောင်းကင် ပိုက်ကွန်"ကို ဘယ်ကဲ့သို့ တည်ဆောက်ခဲ့သနည်း။

ပင့်ကူဝမ်းပိုက်၏ နောက်ပိုင်းတွင် "ချည်မျှင်စက်"များရှိပြီး ပင့်ကူမျှင်များသည် ထို"ချည်မျှင်စက်"၏ အပေါက်ငယ်မှ စီးထွက်လာသည်။

ပင့်ကူမျှင်သည် ပရိုတင်းဓာတုပစ္စည်းဖြစ်သည်။ ယင်းသည် မိုးနှင့်ဆင်တူသည်။ ဝမ်းပိုက်မှစီးထွက်ခါစတွင် ပေကပ်သော 'ခော်ရည်'ဖြစ်ပြီး လေနှင့်ထိတွေ့သောအခါ မာပြီး မိုးမျှင်ဖြစ်သွားသည်။

လူသားတို့ မြစ်ချောင်းကို ဖြတ်ကူးရန် တံတား ထိုးရသကဲ့သို့ ပင့်ကူသည်လည်း တဖက်ကမ်းကို ကူးရန်အတွက် "ကောင်းကင်တံတား" တည်ဆောက်ရသည်။

ပင့်ကူ ကောင်းကင်တံတားထိုးပုံမှာ များစွာ စိတ်ဝင်စားဖွယ်ကောင်းသည်။ ပင့်ကူသည် ယင်းရပ်နေသော အမှတ်မှတဖက်ကမ်း

ရှိ သစ်ပင်ကိုမှီနိုင်သော အရှည်ရှိသည့် ပင့်ကူမျှင်ရှည်များကို ထုတ်လွှတ်ပြီး လေထဲတွင်ပျံဝဲစေသည်။ လွင်းဖောက်မြင်နိုင်သောမိုးမျှင်များလေထဲတွင် ဝဲနေသကဲ့သို့ထင်ရသည်။ ပင့်ကူသည် ယင်းရပ်နေသောအမှတ်မှ ခြေထောက်ဖြင့် ထိုမိုးမျှင်များကို အစဉ်မပြတ်ထိစမ်းနေသည်။

ရုတ်တရက် အမျှင်တမျှင်သည် မလှုပ်ရှားတော့ချေ။ ဤကဲ့သို့ မလှုပ်ရှားသောအမျှင်သည် လေတိုက်ခြင်းကြောင့် တဖက်ကမ်းသို့ ရောက်ပြီးသစ်ပင်နှင့်ငြိကပ်နေပေပြီ။ ထိုအခါ 'ကောင်းကင်တံတား' အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည်။

အိမ်၏ယက်မသည် အလုံးကြီးရသကဲ့သို့ ပင့်ကူသည်လည်း ၎င်းအိမ်၏ယက်မဖြစ်သည့် ထိုသစ်ပင်နှစ်ပင် ဆက်ထားသည့် ပထမဦးဆုံးအမျှင်ပေါ်တွင် ခေါက်တုံ့ခေါက်ပြန် သွားလာပြီး ကြီးမားသော "ယက်မ"ဖြစ်ရန် ပြုလုပ်သည်။

ထိုနောက် ထိုယက်မ၏အောက်တွင် မြှင်ပြီး အခြားယက်မတခု ပြုလုပ်ပြန်သည်။ ပင့်ကူအိမ်ကို ထိုယက်မ နှစ်ချောင်း၏ ကြားတွင် အောင်မြင်စွာ တည်ဆောက်နိုင်တော့သည်။

၁၀။ ။တီကောင်သီချင်းဆိုတတ်သလော။နားနှင့်မျက်စေ့ရှိသလော

သာမန်အားဖြင့် တီကောင်များသည် သီချင်းဆိုတတ်သည်ဟု လူအများ ယူဆကြသည်။ ရှေးစာဆိုတော်ကြီးများသည် တီကောင်များ၏ အော်သံများကို သာယာကြည်နူးဖွယ်ကောင်းသော သီချင်းဆိုသံဟူ၍ ကဗျာများတွင် ရေးစပ်ခဲ့ကြသည်ကို တွေ့ရသည်။ အမှန်အားဖြင့် တီကောင်များတွင် အော်သံ ပြုလုပ်နိုင်သော အင်္ဂါမရှိ။ ထိုကြောင့် အသံမပြုလုပ်နိုင်ချေ။ တီကောင်များ 'သီချင်း' ဆိုတတ်သည်ဟု ရှေးစာဆိုတော်များ ရေးစပ်ခဲ့ခြင်းမှာ တီကောင်

www.burmeseclassic.com

www.burmeseclassic.com

တွင်းထဲသို့ ဝင်ရောက် ပုန်းအောင်းလေ့ ရှိသော ပိုးကောင်များ၏ အော်သံများသာဖြစ်သည်။

တီကောင်တွင် နားလည်းမရှိချေ။ ထို့ကြောင့် တီကောင်ကို နားပင်းဟုခေါ်သည်။ သို့သော်လည်း စိတ်ဝင်စားဖွယ် ကောင်းသည်မှာ တီကောင်၏နံဘေးတွင် အသံများ ပြုလုပ်ပါကတီကောင်သည် တုံ့ပြန်မှု အချက်ပြန်ပြုသည်။ ဤကဲ့သို့ ဖြစ်ရခြင်းမှာ တီကောင်များ၏ အရေပြားတွင် ထိတွေ့မှု ဆဲလ်များ ထွားကျိုင်းခြင်းကြောင့်ဖြစ်သည်။ ထိတွေ့မှု ဆဲလ်များသည် တနေရာတွင် စုနေဘတ်ပြီး အရေပြားကို အဖုအထစ်ပေါ်စေသည်။ တီကောင် အရေပြားများတွင် ထိုကဲ့သို့ အဖုအထစ်ငယ်ပေါင်း များစွာရှိသည်။ ထို့ကြောင့်ပတ်ဝန်းကျင်မှ သေးငယ်သော လှုပ်ရှားမှုများကို ချက်ခြင်း သိရှိနိုင်သည်။

တီကောင်တွင် အအာဝတ္တုများ ကြည့်ရှုရန် မျက်စေ့မရှိပေ။ သို့သော်လည်း အလင်း၊ အမှောင်ကို ခွဲခြားနိုင်သော အာရုံကြောများရှိသည်။ အကယ်၍ တီကောင်ကို အပေါ်ကင်းယ် ဖောက်ထားသော မှောင်မဲသည့်ဗူးတွင် ထည့်ထားလျှင် နာရီအနည်းငယ်ကြာသော် ထွက်ပြေး လွတ်မြောက်သွားသည်ကို တွေ့ရမည်၊ ဤကဲ့သို့ဖြစ်ခြင်းမှာ တီကောင်များ၏ ကိုယ်မျက်နှာပြင်တွင် အလင်းရောင် အာရုံဆဲလ်များ ရှိခြင်းကြောင့် ဖြစ်သည်။ အထူးသဖြင့် ကိုယ်၏ ရှေ့ပိုင်းတွင် ထိုကဲ့သို့သော အာရုံဆဲလ်များ ပိုမိုများသည်။ ထို့ကြောင့်လည်း အလင်းနှင့် အမှောင်ကို ခွဲခြားနိုင်သည်။ ယေဘုယျအားဖြင့် တီကောင်သည် အလင်းရောင်ကို မနှစ်သက်ချေ။ ညတွင် လှုပ်ရှားသွားလာသော "ညမင်းသား" ဖြစ်သည်။

၁၁။ ။တီကောင်သည်အဘယ်ကြောင့် မြေဆီကောင်းအောင် ပြုပြင်နိုင်သနည်း

တီကောင်၏ ကိုယ်ခန္ဓာသည် နှစ်ဖက်ချွန်သော စက်ပိုင်းပြွန်ချောင်းနှင့်တူသည်။ ယင်း၏အစာချေ အင်္ဂါ (ပါးစပ်၊ လည်ချောင်း၊ အစာကြောင်း၊ သဲအိတ်၊ အစာအိမ်၊ အူ၊ အပေါက်ဝ) သည် စက်ဝိုင်းပြွန်ချောင်းကြီးထဲတွင် စက်ဝိုင်း ပြွန်ချောင်းငယ် စွပ်ထားသကဲ့သို့ တည်ရှိသည်။ ရှေ့ပိုင်းတွင် သန်မာထွားကျိုင်းသောကြွက်သားများသည် ဆန့်အားရှုံ့အား အလွန်ကြီးမားသည်။ နောက်ပိုင်းသည် ပါးစပ်ပိုင်းဖြစ်ပြီး၊ သွားများမရှိချေ။ သို့ရာတွင် အလျားလိုက်အတွန့်အလိပ်များစွာဘိုသည် ပါးစပ်အပြင်သို့လှန်ထုတ်နိုင်သည်။ ဤတည်ဆောက်ပုံရှိသော ပါးစပ်သည် စုပ်စမ်းခြင်း၊ မြေမှုံခြင်းနှင့် အစားအစာ မျိုချခြင်းအတွက် အသုံးဝင်သည်။

တီကောင်များ အစာစားရာတွင် ရွေးချယ်ခြင်းမရှိ။ ပါးစပ်ကို အပြင်သို့လှန်ထုတ်ပြီး သဲ၊ မြေဆီနှင့် ပုပ်သိုးသော သက်ရှိပစ္စည်းများကိုဝန်းရံပြီး တပြိုင်တည်းမျိုချသည်။ အစာသည်ကြွက်သားမျှင်ရှိသော လည်ချောင်းသို့ရောက်သောအခါ လည်ချောင်းဂလင်းမှ ထုတ်လွှတ်သောအရာများနှင့် ရောနှောကာ စိုစွတ်၊ စေးကပ်ပြီး၊ အစာတုံးလေးများအဖြစ် လုံးကျစ်စေသည်။ ပထမဆင့် အစာချေခြင်းပြုလုပ်ပြီး သဲအိတ်သို့ပို့လိုက်သည်။ သဲအိတ်တွင်ရှိသော သန်မာထွားကျိုင်းသည့် ကြွက်သားများ ရှုံ့ခြင်းကြောင့် ထိုသဲမြေများသည် အလွန်နူးညံ့သောအစာ အဖြစ်သို့ ပြောင်းလဲပြီး၊ အစာချေရန်အတွက် အစာအိမ်တွင်းသို့ ရောက်သွားသည်။ ဓာတုဗေဒပညာ

www.burmeseclassic.com

ရှင်များသည် ဤအခြင်းအရာများကို လေ့လာခြင်းဖြင့် တီကောင်သည် မြေဆီကောင်းအောင် ပြုပြင်နိုင်သည်ဟုမှတ်ချက်ချသည်။

တီကောင်သည် ရွှံ့မြေတွင် ခေါင်းကိုမြေထဲသို့စိုက်၍မြေမျိုလေ့ရှိပြီး၊ သက်ရှိပစ္စည်းများကိုအစာချေပြီး ကိုယ်ခန္ဓာမစုတ်ယူနိုင်သော သဲမြေများကို စအိုဝမှထုတ်ပစ်သည်။ ထို့ကြောင့် နွေဦးတွင်မြေပြင်ပေါ်၌ စေးကပ်သော မြေတုံးကလေး မြောက်မြားစွာကို တွေ့ကြရသည်။ သဲမြေများသည် တီကောင်၏အစာချေပြွန်ချောင်းကို ဖြတ်သန်းလာသောအခါ ကြမ်းတမ်းသောသဲမြေသည် နူးညံ့သွားသည်။ ခြောက်သွေ့သော သဲမြေသည် စိုစွတ်သွားသည်သာမက ဓာတုပစ္စည်းများစွာတိုးပွားလာခြင်းကြောင့် မြေဆီကောင်းဖြစ်သွားသည်။ တီကောင်များသည် မြေနုကို မြေလွှာအပေါ်ယံသို့ ရောက်စေပြီး၊ မြေကြမ်းကိုအောက်တွင် ဖုံးလွှမ်းစေသည်။ ဤကဲ့သို့ပြုခြင်းကြောင့် အသီးအနှံများကို အကျိုးပြုသည်။ သို့သော်လည်း သင်မေးလိမ့်မည်။ “သေးငယ်သော တီကောင်တွင် မည်မျှစွမ်းအားရှိမည်နည်း။ တီကောင်သည် မြေဆီကောင်းအောင် ပြုပြင်နိုင်စေဦးတော့ ထိုမျှကိုယ်ခန္ဓာသေးငယ်သော တီကောင်ကလေးများသည် ကျယ်ပြန့်လှသော မြေကွက်ကြီးများနှင့်နှိုင်းယှဉ်သော် မည်မျှအကျိုးသက်ရောက်နိုင်သနည်း”။

တီကောင်သည် အမှန်သေးငယ်ပါသည်။ သို့သော်လည်း ယင်းတို့၏အရေအတွက်သည် အလွန်များသည်။ ပါရဂူများ၏ စူးစမ်းတွက်ချက်မှုအရ တစ်စတုရန်းမီတာတွင် တီကောင် ၂၀၀ မှ ၈၀၀ အထိ ရှိသည်ဟုသိရသည်။ ကမ္ဘာပေါ်တွင် လူသားတို့မပေါ်ပေါက်မီ တီကောင်ရှိနေပြီဖြစ်သည်။ အချိန်ရှည်၊ အရေအတွက်ပါ များလှသည်များပြား၍ တီကောင်ကြောင့် မြေဆီကောင်းသွားသော လယ်မြေများမှာ လက်ချိုးရေ၍မရသော အရေအတွက်သို့ ရောက်လေတော့သည်။

၁၂။ ။မြွေ ကိုက် ခံရသောအခါ အဘယ်ကြောင့် သွေးများစွာ စီးကျရသနည်း

မြွေ၏ပုံသဏ္ဌာန်သည် တီကောင်နှင့် အနည်းငယ် ဆင်တူသည်။ သို့သော် မြွေ၏ ကိုယ်ခန္ဓာသည် အနည်းငယ် ပြားပြီး အရှည်အတို မညီမျှချေ။ ကြီးသောမြွေသည် ၂၀-စင်တီမီတာမျှရှိပြီး သေးငယ်သောမြွေသည် တစ်စင်တီမီတာမျှသာရှိသည်။ စေးကပ်သော အစေးရည်များ ထုတ်လွှတ်ပြီး ကိုယ်ခန္ဓာကို ပြောင်လက်စေသည်။ ရှေ့ပိုင်းနှင့် နောက်ပိုင်းတွင် စုတ်ပြွန် တခုစီရှိပြီး ခေါင်းပိုင်းရှိ စုတ်ပြွန်သည် သေးငယ်သည်။ နောက်ပိုင်းရှိစုတ်ပြွန်မှာမူ ကြီးသည်။ ထိုစုတ်ပြွန်များကို စုတ်ရန်နှင့် သွားလာလှုပ်ရှားရန် အတွက် အသုံးပြုသည်။ ယင်းတို့သည် အင်း၊ ချောင်းငယ်၊ ဆည်မြောင်းနှင့် ရေအိုင်ရှိ မြက်တွင် တွယ်ကပ်နေလေ့ရှိသည်။ တခါတရံ စိုစွတ်သော မြက်ခင်း၊ ရေနှင့်နီးကပ်သော သစ်ပင်ပေါ်၌လည်း ဝင်ရောက်နိုအောင်းလေ့ရှိသည်။ ယင်းတို့သည်ဆောင်းအကုန် နွေအကူးတွင် စတင်၍ လှုပ်ရှားသွားလာသည်။ နွေကူးဥတုတွင် ယင်းတို့သည် ခမ်းခြောက်နေသော ရေအိုင်၏ရွှံ့ထဲတွင် ငြိမ်သက်စွာ ပုန်းအောင်းနေသည် တွေ့ရှိနိုင်သည်။

မြွေသည် သွေးစုတ်ခြင်းဖြင့် အသက်တည်စေသည်။ ခေါင်းပိုင်းရှိ စုတ်ပြွန်၏အလယ် ဗဟိုသည် ၎င်း၏ ပါးစပ်ဖြစ်သည်။ ယင်းတွင် အသွားပြား သုံးပြားရှိပြီး ထိုအသွားပြားလေး ပေါ်တွင် သေးငယ်သော လွှသွားများရှိသည်။ ထိုလွှသွားများဖြင့် လူ၏အရေခွံကို ‘Y’ ပုံသဏ္ဌာန်ဒဏ်ရာ ရစေသည်။ မြွေသည်လူကို ကိုက်သောအခါ ထုတ်လွှတ်သော တံတွေးတွင် သွေးတိတ်ခြင်းကို

www.burmeseclassic.com

www.burmeseclassic.com

ပယ်ချက်သော ဓာတ်တမျိုးပါဝင်သည်။ ထိုဓာတ်ကြောင့် ဒဏ်ရာမှ စီးကျသော သွေးသည် မတိတ်တော့ချေ။ ထို့ကြောင့် မြွေကိုက်ခံရသော အခါ သွေးများစွာ စီးကျရခြင်းဖြစ်သည်။ ဤကဲ့သို့ ဖြစ်ခြင်းဖြင့် မြွေကို အကျိုးပြုသည်။ သွေးအဆက်မပြတ် စီးကျသောကြောင့် မြွေသည် အဆက်မပြတ် သွေးစုတ်ယူနိုင်သည်။ သွေးဝအောင်စုတ်ပြီး ကြာရှည်စွာ အစာမစားပဲ အသက် ရှင်နေနိုင်သည်။

မြွေသည် လူကို ကိုက်သောအခါ အလွန် အားကောင်းစွာဖြင့် ကပ်တွယ်နေပြီး ခက်ခဲစွာ ခွာချရသည်။ တခါတရံ မြွေကိုက်သောအခါ အသားထဲသို့ ဝင်သွားသည်ဟု ထင်ရတတ်သည်။

မြွေကိုက်ခံရသောအခါ ဆားရည်လောင်းခြင်းဖြင့် မြွေကို တိုက်ခိုက် ကွာကျစေနိုင်သည်။ ဒဏ်ရာကိုမှ ဆီးလဗားနိုက်ထရိုက် ဖျော်ရည်ဖြင့် ဆေးကြောနိုင်သည်။ ဆီးလဗားနိုက်ထရိတ် မရှိလျှင် ဒဏ်ရာ၏ပတ်ဝန်းကျင်ကို လက်ချောင်းများဖြင့် တမိနစ် နှစ်မိနစ်ခန့် နှိပ်ပေးပါ။ သွေးစီးခြင်းကိုရပ်စေနိုင်သည်။

၁၃။ ။ဂဏန်းကောင်များ ပူဖောင်းမှုတ်ကစားလေ့ရှိသည်။ အဘယ်ကြောင့်နည်း

စာရေးသူ ငယ်ရွယ်စဉ်က မေမေနှင့်အတူ ဈေးလိုက်သွားလေ့ရှိသည်။ စာရေးသူ ဂရုပြုမိသောအချက်မှာ မေမေဂဏန်းများဝယ်သောအခါ အကာခွံမာသော ဂဏန်း၊ ပူဖောင်း မှုတ်နေသော ဂဏန်းများကိုသာ ရွေးဝယ်သည်။ အဘယ်ကြောင့်ပါနည်း....။

ဂဏန်းသည် ရေတွင်နေထိုင်သော အကာခွံမာ သတ္တဝါမျိုးဖြစ်သည်။ ယင်းတို့သည် ငါးကဲ့သို့ ပါးဟက်ဖြင့် အသက်ရှူသည်။ ခြားနားခြင်းမှာ ဂဏန်းကောင်၏ပါးဟက်သည် ငါးကဲ့သို့မဟုတ်ပဲ

ခေါင်းပိုင်း၏ နှစ်ဖက်နှစ်ချက်တွင် ရှိသည်။ ယင်းတို့သည် ပါးဝှမ်းကဲ့သို့ နူးညံ့သောအရာများဖြစ်ပြီး ခန္ဓာကိုယ်၏နှစ်ဖက်တွင် ပေါက်နေသည်။ အပေါ်ယံတွင် မာကျောသည့် အကာခွံဖုံးထားသည်။ ရေတွင်ရှိနေစဉ် ကိုယ်ခန္ဓာ၏နောက်ပိုင်းမှ ရေစုတ်ယူသည်။ (ရေတွင်ပျော်ဝင်နေသော အောက်စီဂျင်ဓာတ်သည် ပါးဟက်သို့ရောက်သည်)။ ပါးဟက်မှ ဖြတ်ကျော်ပြီး ပါးစပ်၏နှစ်ဖက်နှစ်ချက်မှ မှုတ်ထုတ်သည်။

ဂဏန်းသည် ရေတွင်ကျက်စားသော သတ္တဝါဖြစ်သော်လည်း မကြာခဏ ကုန်းပေါ်သို့တက်ပြီးအစာရှာလေ့ရှိသည်။ ရေနှင့်ခွဲခွာသော်လည်း အသက်ရှင်နေနိုင်သည်။ ဂဏန်းကောင်များ ရေနှင့်ခွဲခွာ၍ အသက်ရှင်နေနိုင်ခြင်းမှာ ပါးဟက်တွင် ရေလှောင်ထားခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့်လည်း ရေမှခွဲခွာသော်လည်း ရေမှာကဲ့သို့ပင် အဆက်မပြတ် အသက် ရှူနိုင်သည်။ သို့သော်လည်း ကုန်းပေါ်တွင် နေထိုင်သောအချိန် ကြာမြင့်သောအခါ၊ လေကို ကြာရှည်စွာ ရှူထုတ်ခြင်းကြောင့် ပါးဟက်အတွင်းရှိ ရေငွေ့များသည် လေနှင့်အတူပါသွားသည်။ ထိုအခါ ပါးဟက် ခြောက်သွေ့လာပြီး အသက်ရှူ ကြပ်လာသည်။ ရေတွင်ကဲ့သို့ ပါးစပ်နှင့် ပါးဟက်ကို အသုံးပြုပြီး ကိုယ်ခန္ဓာနောက်ပိုင်းမှ လေကို အားကုန်ရှူသွင်းပြီး ပါးစပ် နှစ်ဖက်မှ ထုတ်လွှတ်သည်။ ရှူသွင်းသောလေ များခြင်းကြောင့် ပါးဟက်နှင့်လေ တွေ့ထိသောမျက်နှာပြင် ကျယ်ပြီး ပါးဟက်တွင်းရှိ ရေနှင့်လေ အတူမှုတ်ထုတ်ရခြင်းကြောင့် ပါးစပ်ဝတွင် ပူဖောင်း ကြာလေများလေ ဖြစ်နေသည်။ ဤကဲ့သို့ ပါးစပ်ဝတွင် ပူဖောင်းမှုတ်နေသော ဂဏန်းသည် အသက်ရှိသေးသည်။ ထို့ကြောင့် မေမေသည် ပူဖောင်းမှုတ်သည့် ဂဏန်းကောင်ကို ရွေးဝယ်ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၄။ ။ပုစဉ်းရင်ကွဲ၊ ပုရစ်နှင့် ကျိုင်းကောင်တို့တွင် အသံပြွန်မရှိပဲ အဘယ်ကြောင့် 'သီချင်း' ဆိုနိုင်ကြသနည်း

လူသားတို့ အသံထွက်အောင် ပြုလုပ်နိုင်ခြင်းမှာ လေသည် အာခေါင်ရှိ အသံပြွန်ကို ဖြတ်ရာတွင် တုန်ခါခြင်းကြောင့် အသံဖြစ်ပေါ်လာသည်။ လူတဦးနှင့်တဦး အသံကွဲခြင်းမှာ ပါးစပ်၊ လျှာ၊ နှုတ်ခမ်းနှင့် သွားတို့ ကွဲပြားသော ပုံသဏ္ဌာန် ရှိခြင်းကြောင့် ဖြစ်သည်။

ပုစဉ်းရင်ကွဲ၊ ပုရစ်နှင့် ကျိုင်းကောင်တို့တွင် အသံပြွန်မရှိပေ။ သို့သော်လည်း ထိုပိုးကောင်များသည် အသံပြုနိုင်သည်။ အဘယ်ကြောင့်နည်း...။ လွယ်လျက်နှင့် အဖြေရခက်သော မေးခွန်းတခုပင် ဖြစ်သည်။

ပုစဉ်းရင်ကွဲ အမိုသည် ပိုးကောင်လောက၏အဆိုကျော် ဖြစ်သည်။ ပုစဉ်းရင်ကွဲအမသည် အသံမပေးနိုင်။ ဂရိတေးကဗျာ တပုဒ်တွင် "ကံကောင်းလှသော ပုစဉ်းရင်ကွဲ....၊သင့်တွင်အသံမဲ့အသော ဇနီးရှိသကိုး....''ဟူ၍ စပ်ဆိုထားသည်။ 'ကျီကျီ'နှင့် အော်သံသည် ပုစဉ်းရင်ကွဲဖို၏ ဝမ်းပိုက်ပိုင်းမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ပုစဉ်းရင်ကွဲဖို၏ ဝမ်းပိုက်နှစ်ဖက်တွင် စက်ဝိုင်းသဏ္ဌာန်ကြီးမားသောအသံအမြှေးပါးရှိသည်။ ထိုအမြှေးပါးရှိ ကြွက်သားများ ကျုံ့ရှုံ့တုန်ခါသောအခါ ပုစဉ်းရင်ကွဲ၏ အသံ ဖြစ်ပေါ်လာသည်။

ဝမ်းပိုက်ပိုင်းတွင် လေအိမ်တန်ဆာပလာရှိသည်။ အသံအမြှေးပါးတုန်ခါသောအခါ လေအိမ်တန်ဆာပလာသည် ဟိန်းသံထွက်လာပြီး ယိုင်မြေးနှင့် ကြေးမုံအမြှေးတို့လည်း လိုက်၍ တုန်ခါခြင်းကြောင့် အသံဟိန်းထွက်လာသည်။ ပုစဉ်းရင်ကွဲ၏ အသံအနိမ့်အမြင့် ဖြစ်ခြင်းသည် အသံအမြှေးပါးအပြင်ရှိ အသံဖုံး ရွှေ့ရှားခြင်းကြောင့်ဖြစ်သည်။ (ဤနေရာတွင် လူ၏ပါးစပ် အကျဉ်းအကျယ် ပြုလုပ်ခြင်းဖြင့် အသံအနိမ့်အမြင့် ဖြစ်ပေါ်စေခြင်းနှင့်တူညီသည်) သို့သော်လည်း ပုစဉ်းရင်ကွဲ၏အသံအလိုက်သည် တပြေးတည်းသာဖြစ်ပြီး လူကဲ့သို့ အသံပြောင်းလဲခြင်း မပြုလုပ်နိုင်ချေ။

မတူသောပိုးကောင်များတွင် အသံထွက်ရန်နေရာနှင့် အသံပေးတန်ဆာပလာ၏ တည်ဆောက်ပုံလည်း မတူကြပေ။ ပုရစ်ကောင်သည် တောင်ပံ၏ပွတ်တိုက်ခြင်းမှ အသံဖြစ်ပေါ်လာသည်။ ပုရစ်ကောင်၏ အသံကို သင်သေချာစွာ ဂရုပြုလေ့လာပါက ၎င်း၏ လက်ျာတောင်ပံသည် လက်ဝဲတောင်ပံပေါ် ထပ်နေသည်ကိုတွေ့ရမည်။ ယာတောင်ပံဖြင့် ဝဲတောင်ပံကို ပွတ်တိုက်ခြင်းဖြင့် ပုရစ်ကောင်၏ အသံဖြစ်ပေါ်လာသည်။ ပုရစ်ကောင် တေးသီချင်းဆိုသောအခါ တောင်ပံယဲ့လေးကို အထက်သို့ ကော့ကော့တင်သည်ကို ကြည်နူးစွာ တွေ့မြင်ရသည်။

ကျိုင်းကောင်လည်းအသံပေးနိုင်သည်။ သို့သော်လည်း ပုစဉ်းရင်ကွဲ၊ ပုရစ်တို့နှင့်မတူချေ။ ယင်း၏အသံသည် အတွင်းခြေဆစ်နှင့် တောင်ပံတို့ ပွတ်တိုက်ခြင်းမှ ဖြစ်ပေါ်လာသည်။ တောင်ပံမဲ့သော ကျိုင်းကောင်သည် အသံမပေးနိုင်တော့ချေ။

၁၅။ ။ပိုးကောင်များ 'ရည်းစား စကား' လိုက်ပြောပုံ

မိုးရာသီ၏သန့်ကောင်ယံတွင် သင့်အိမ်၏ပြူတင်းပေါက်မှ ထွက်ငြိမ်စွာ ဂရုစိုက်နားထောင်ပါ။ 'ကျီကျီ'၊ 'ကိကိ'၊ 'တီးတီး'စသည့် ပိုးကောင်များ၏အော်သံကိုသင်ကြည်နူးစွာကြားရမည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ရှေးစာဆိုတော်များသည် ထိုအသံများကို သဘာဝ၏တေးသံစုံ ဟု ဖွဲ့ရင်း၊ သာယာသော တောမြိုင်ကြီး တခုလုံးကို ဆူညံစေသော အော်ဟစ်သံဟူ၍ရင်း တင်စားဖွဲ့ဆိုထားခဲ့ကြသည်။

ပိုးကောင်များ အသံကုန် ဟစ်အော်ရခြင်းသည် မည်သည့် အတွက်ကြောင့်ပါနည်း။ သိပ္ပံပါရဂူများ ရှုစမ်းလေ့လာချက်အရ အလွန်စိတ်ဝင်စားဖွယ်ကောင်းသော အချက်များကိုတွေ့ရှိရသည်။

အဓိကအချက်သည် 'ရည်းစားစကား' ပြောရန် ပိုးပန်းနေခြင်း ဖြစ်သည် ဟုဆိုသည်။ ပုစဉ်းရင်ကွဲ၊ ပုရစ်တို့တွင် သဒ္ဒါရုံအင်္ဂါရှိကြသည်။ သို့သော်လည်း အသံပေးအင်္ဂါမှာမူ ပိုးကောင်အဖိုကောင်များတွင်သာရှိသည်။ အဖိုကောင်များ အသံကုန် အော်ဟစ်သောအခါ အမကောင်လည်းကြားကြားချင်း ပြေးလိုက်လာသည်။ ဆိုဗီယက် ပိုးကောင်ပါရဂူတဦး၏ လေ့လာချက်အရဆိုသော် ပုရစ်အဖိုကောင် အသံပေးလိုက်လျှင် အမကောင်သည် အဖိုကောင်ကိုမတွေ့မြင်ရသော်လည်း အလွန် ဝေးကွာသော နေရာမှ အော်ဟစ်နေသော ပုရစ်ဖိုကောင်နားသို့ အရောက်လာခဲ့သည် ကိုတွေ့ရသည်။

ထိုပါရဂူ၏တဆင့်တက်ပြီးလေ့လာချက်အရ ပုရစ်အမကောင်၏ သဒ္ဒါရုံအင်္ဂါကို ဖြတ်ပစ်သောအခါ ပုရစ်အဖိုကောင် အားပြုအောင် အော်ဟစ်သော်လည်း ပုရစ်အမကောင်သည် ပြေးလိုက်မသွားတော့သည်ကို တွေ့ရသည်။ ထို့ကြောင့် ထိုပါရဂူကြီးသည် ပိုးကောင်များ အော်ဟစ် အသံပေးခြင်းသည် 'ရည်းစားစကား' ပြောရန် ပိုးပန်းနေခြင်းဖြစ်သည် ဟု မှတ်ချက်ချသည်။

ထိုပါရဂူ၏တင်ပြချက်ကို သိပ္ပံပါရဂူများစွာတို့သည် စမ်းသပ်ချက်များစွာ ပြုလုပ်ပြန်သည်။ ယင်းတို့သည် အသံချုပ်စက်ဖြင့် ပုရစ်အဖိုကောင်၏ အသံကို ပုရစ်အမထံသို့ လွှင့်ပေးသည်။ ပုရစ်အမကောင်သည်အသံချုပ်စက်နားကပ်လာပြီးဖောင့်ဖွာရှိုးချိုဖြင့် အသံချုပ်စက်ကို ထိလှုပ်သည်ကိုတွေ့ရသည်။ မှတ်ပြားဖြင့် ပုရစ်အဖိုကောင်၏ အသံကိုသွင်းပြီး အမကောင်ကို လွှင့်ပေးသောအခါ ထိုကဲ့သို့ တုန့်ပြန်မှုများကိုတွေ့ရပြန်သည်။ အထက်ပါ လေ့လာချက်အရ ပိုး

ကောင်များ၏ အော်ဟစ်သံသည် ချစ်ရေးဆိုနေခြင်း ဖြစ်သည့်ပြင် ပျော်ရွှင်မြူးတူးခြင်းကိုလည်း ပြသည်။

ပိုးကောင်ပါရဂူများ၏ လေ့လာချက်အရ ကျိုင်းကောင်များ ပျံဝဲစဉ် ကြီးမားသောအသံ ဖြစ်ပေါ်စေသည်။ ထိုအသံများသည် ရန်သူကိုကြောက်လန့်စေရန် ဖြစ်သည်ဟုဆိုကြသည်။

အချို့ ပိုးကောင်ငယ်များ အသံပေးခြင်းမှာ ဆာလောင်နေ၍ အမေကို အချက်ပေး ခေါ်နေခြင်းဖြစ်သည်။

မိုးရာသီတွင် ပိုးကောင်အော်သံပေါင်းစုံ ကြားရခြင်းမှာထိုရာသီသည် ချစ်ရေးဆိုကြသော ရာသီဖြစ်ခြင်းကြောင့်ဖြစ်သည်။

၁၆။ ။ပိုးကောင်ငယ်များ အဘယ်ကြောင့် အရေခွံလဲရသနည်း

ပိုးကောင်များ၏ မာကျောသော အရေခွံသည် ထိုပိုးကောင်၏ လုံခြုံရေးနှင့် ပတ်ဝန်းကျင်နှင့် လိုက်လျောစွာ နေနိုင်အောင် ဖန်တီးပေးသည်။ သို့သော်လည်း ထို 'ကိုယ်ထည်အင်္ကျီ' သည် နုပျို နေသော ပိုးကောင်များ အတွက် ကြီးထွားခြင်းကို အဟန့်အတားဖြစ်စေသည်။ ထိုခွံမာအတွင်း၌သာ ကြီးထွားမှုပြုရလျှင် အလွန်ကျဉ်းကြပ်ပေမည်။ ခေါင်းပိုင်းတွင် ကြီးထွားရန် နေရာပင် မရှိအောင် ဖြစ်နေသည်။ ထို့ကြောင့် ပိုးကောင်များ ကြီးထွားမှု မပြုလုပ်မီ ကန့်သတ်သော အချိန်တွင် ထိုခန္ဓာကိုယ်နှင့် မတော်တော့သည့် 'ကိုယ်ထည်အင်္ကျီ' ကို ချွတ်ပစ်ရသည်။ သို့မှသာ ကိုယ်ခန္ဓာများ ဆက်လက်ကြီးထွားလာနိုင်သည်။

ပိုးကောင်များ အရေခွံတကြိမ်လဲတိုင်း ကိုယ်ခန္ဓာသည်လည်း ကြီးထွားလာသည်။ ကိုယ်တွင်းအင်္ဂါသည်လည်း ပြောင်း လဲကြီးထွားလာသည်။ ပြင်ပ လက္ခဏာသည်လည်း တပြိုင်နက်တည်း လိုက်၍ ပြောင်းလဲလာသည်။ ထို့ကြောင့် ပိုးကောင်ငယ်

www.burmeseclassic.com

www.burmeseclassic.com

များ၏ ကြီးထွားမှု ပုံသဏ္ဍာန်အပြောင်းအလဲနှင့် အရေခွံလဲခြင်းသည် မှုသေ သဘောဖြစ်နေသည်။

ပိုးကောင် အရေခွံ လဲသော အရေအတွက်သည် ပိုးကောင်မျိုးအလိုက် ကွဲပြားခြားနားသည်။ တချို့နှစ်ကြိမ်သုံးကြိမ်၊ တချို့ခြောက်ကြိမ်အထိလဲသည်။ ယေဘုယျအားဖြင့် လေးငါးကြိမ်လဲကြသည်။ ဥပမာ ဟင်းရွက်ပင်ကို ဖျက်ဆီးသော လိပ်ပြာတမျိုးသည် လေးကြိမ်လဲသည်။

ပိုးကောင်များ အဘယ်ကြောင့် အရေခွံလဲရသနည်း။ သိပ္ပံပါရဂူများ၏ ယူဆချက်အရ။ ပိုးကောင်များ အရွယ်ရောက်သောအချိန်တွင် ကိုယ်ခန္ဓာတွင်းမှ အရေခွံချွတ်ခြင်းကို နှိုးဆော်ပေးနိုင်သည့် အရည်တမျိုး ထွက်လာသည်။ ထိုအရည်၏ သတ္တိကြောင့် အရေခွံဟောင်းနှင့် အရေခွံသစ် ခွဲခြားလာပြီး တဖြေးဖြေး ပေါ်လွင်သော အရေခွံသစ် ဖြစ်ပေါ်လာသည်။ နောက်ဆုံးတွင် ပိုးကောင်သည် ဝမ်းပိုက်ပိုင်း ကြွက်သားကို ချုံ့ယုံ့ခြင်းဖြင့် ရင်အုပ်ပိုင်း၏ သွေးဖိအားကို မြင့်လာစေသည်။ ထိုအခါ ခါးသည် ခုံးလာပြီး အရေခွံဟောင်းသည် ခေါင်းနှင့် ရင်အုပ်ပိုင်းတလျှောက် ကွာကျလာသည်။ ရေတွင်ကျက်စားသော ပိုးကောင်များသည် ရေ၊ လေကိုစုပ်ပြီး ကိုယ်ခန္ဓာကို ဖောင်းကြွစေသည်။ ထိုအခါ ကိုယ်ခန္ဓာ၏ နုပြောင်းသော နေရာမှ အက်ကွဲပြီး လှုပ်ရှား၍ အပြင်သို့ တိုးထွက်လာသည်။ အရောင်အမျိုးမျိုးလည်း ဖြစ်ပေါ်လာကြလေသည်။

၁၇။ ။ခြကောင်များ အဘယ်ကြောင့် အဆောက်အဦများကို ဖျက်ဆီးရသနည်း

အပူပိုင်းဒေသရှိ နေအိမ်များ၊ လှေများ၊ မှန်ဘီဒိုများ၊ စာအုပ်များ စသည်တို့သည် များသောအားဖြင့် ခြကိုက်ခံရလေ့ရှိကြသည်။ ခြကောင်ကြောင့် ပင်လယ်တွင် လှေမှောက်ခဲ့ရသည့် ပုံဝတ္ထုကို ငယ်ရွယ်စဉ်က ဖတ်စာအုပ်တွင် သင်ကြားခဲ့ဘူးသည်။ ခြကောင်ကိုက်စားထားသော အရာဝတ္ထုများသည် အဆွေးနှင့်အပေါက်များ ကျန်ရစ်လေ့ရှိသည်။

သင်မေးလိမ့်မည် ။ ခြကောင်သည် ဤသစ်သားများ၊ စက္ကူများကို အဘယ်ကြောင့် ကိုက်စားရသနည်း။ ဤအစာများစားခြင်းဖြင့် အသက်ရှင်နေနိုင်သလော ။

သစ်သားတွင် အော်ဂဲနစ်ဒြပ်ပေါင်းများ ပါဝင်သည်။ အဓိက ပါဝင်သောပစ္စည်းမှာ အမျှင်ဓာတ်နှင့် သစ်သားဓာတ် ဖြစ်သည်။ အမျှင်ဓာတ်သည် ဂလူးကို့ သကြားဓာတ်ပါသော ဒြပ်ပေါင်းဖြစ်သည်။ အကယ်၍ဓာတုဗေဒနည်းဖြင့် သစ်သားပြားများကို ပေါင်းတင်ပါက အာဟာရဓာတ်ပြည့်ဝသည့်ဂလူးကို့စ်ကိုရလိမ့်မည်။ ပေါင်းတင်ခွဲထုတ်ခြင်း မပြုသေးလျှင် ယင်းတွင် အာဟာရဓာတ် မည်မျှပင် ပါဝင်နေစေကာမူ အစာချေဖျက်ယူရန် မတတ်နိုင်ပေ။

ထူးဆန်းအံ့ဖွယ်ရာအချက်မှာ ခြကောင်၏ အူထဲတွင် အလွန်သေးငယ်သည့်အနိမ့်စားသတ္တဝါ တမျိုးရှိသည်။ ယင်းကို 'ခြကောင်၏ကပ်ပါး'ဟု ခေါ်သည်။ ထိုကပ်ပါးကောင်သည် ခြကောင်စားသွားသောအခါ သစ်သားအမျှင်များကို နူးညံ့နေအောင်ဝါးကိုက်ပေးပြီး ခြကောင်ကို အစာချေဖျက်ယူစေသည်။ ယင်းကပ်ပါးငယ်သည်လည်း ထိုအာဟာရအနည်းငယ် စုတ်ယူပြီး အသက်ရှင်နေထိုင်သည်။ ခြကောင်နှင့်ကပ်ပါးကောင်တို့ ဤသို့"အညီမညာ" နေထိုင်ခြင်းကြောင့် ခြကောင်အား သစ်သားဖျက်ဆီးရာ 'ပါရဂူဘွဲ့' ရစေလေသည်။

သာမန် အဆောက်အဦများ၏ ယက်မနှင့် တိုင်များကို သစ်သားဖြင့် ဆောက်လုပ်ထားလေ့ရှိသည်။ အကယ်၍ မိုးရေယိုပြီး ထိုယက်မနှင့် တိုင်ပေါ်စီးဆင်းပါက ထိုနေရာသည် ခြကောင်များ ကျက်စားရာ ဒေသဖြစ်သွားပေလိမ့်မည်။ ခြကောင်များ တမျိုးလုံး တဆွေလုံး ထိုနေရာသို့ပြောင်းရွှေ့နေထိုင်ကြလိမ့်မည်။ ကာလကြာသော် ထိုအိမ်ကြီး ပြိုဆင်းရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အချို့ ခြကောင်ကို အထူးလေ့လာသည့် ပါရဂူများသည် ခြကောင်၏ ထိုအခြင်းအရာကို အသုံးပြုပြီး ခြကောင်ကို သုတ်သင်ရှင်းလင်းပစ်သည်။

၁၈။ ။ကျိုင်းကောင်များ အဘယ်ကြောင့် အုပ်စုလိုက် သောင်းကျန်းရသနည်း

ကျိုင်းကောင်များ အုပ်စုလိုက် လှုပ်ရှားခြင်းမှာ အလွန် အံ့ဩဖွယ်ကောင်းသည်။ ပုံသန်းနေစဉ်ရင်း၊ မြေပေါ်တွင် အနားယူနေစဉ်ရင်း အုပ်စုမကွဲပဲ နေထိုင်စားသောက်လေ့ ရှိသည်။ အုပ်စုကွဲထွက်သော ကျိုင်းကောင်များကို မြင်ရခဲသည်။ ထို့ကြောင့် ကျိုင်းကောင်များကို အုပ်သင်းဖွဲ့ နေထိုင်သော မိုးကောင်ဟု ခေါ်သည်။

ကျိုင်းကောင်များ ဤကဲ့သို့ အုပ်စုလိုက် နေထိုင်ရခြင်းမှာ ပတ်ဝန်းကျင်နှင့် နေ့စဉ် ဘဝအလေ့အကျင့်ကြောင့် ဖြစ်သည်။

ဥအုမြိုးပွားသော ရာသီမှ စကောင်ပြောပါအံ့။ ကျိုင်းကောင်အမသည် ဥချရန် နေရာများကို စေ့စပ်စွာ ရွေးချယ်လေ့ရှိသည်။ ယေဘုယျအားဖြင့် ခြောက်သွေ့သော မြေဆီလွှာ၊ အပူချိန်အသင့်တင့်နှင့် နေရောင်ခြည်တိုက်ရိုက်ကျသော နေရာများသည် အသင့်လျော်ဆုံးဖြစ်သည်။ ကျယ်ပြန့်သော လယ်ကွင်းပြင်ထက် အထက်ပါ လိုအပ်ချက်နှင့် ပြည့်စုံနေသော နေရာမရှိပေ။ ထို့ကြောင့် ကျိုင်းကောင်များသည် မကျယ်ဝန်းလှသော နေရာဒေသတခုတွင် စုပြုံပြီး ဥအုရခြင်းကြောင့် ဥအတုံးအခဲများ ဖြစ်ပေါ်သည်။ (ဥတတုံးလျှင် ၃၅ လုံးမှ ၁၁၅ လုံးထိရှိသည်) ထိုဒေသတွင် အပူချိန်ကွာခြားမှု နည်းခြင်းကြောင့် ထိုဥများသည် တပြိုင်တည်း ပေါက်ဖွားသည်။ ထိုကျိုင်းကောင် မျိုးငယ်များသည် ငယ်ရွယ်စဉ်ကတည်းက အုပ်စုလိုက် ကြီးပြင်းခြင်း၊ ပိုင်းပင်းကူညီခြင်း၊ အတူ

တကွ နေထိုင်ကျက်စားခြင်း စသည်တို့ကြောင့် ကြီးရင့်လာသော အခါ၌လည်း ထိုငယ်ရွယ်စဉ်က ဓလေ့များ ဆက်လက်ထိန်းသိမ်းထားနိုင်လေတော့သည်။

ကျိုင်းကောင်များ အုပ်စုလိုက် သောင်းကျန်းနိုင်ခြင်းမှာ ကိုယ်ခန္ဓာအတွင်း တည်ဆောက်ပုံ အခြေအနေကြောင့်လည်း ဖြစ်သည်။ ယင်းတို့၏ ကိုယ်အပူချိန်သည် သွေးနွေးသတ္တဝါကဲ့သို့ မဟုတ်ပဲ ပတ်ဝန်းကျင်မှ အပူချိန်နှင့် မကွာခြားလှပေ။ သို့သော်လည်း အနည်းငယ်မြင့်သည့် ကိုယ်အပူချိန် ရှိမှသာ အတွင်းကိုယ်အင်္ဂါ လှုပ်ရှားမှုကို အထောက်အကူ ပေးနိုင်သည်။

ထိုလိုအပ်ချက်ကြောင့် ကျိုင်းကောင်များသည် အုပ်စုလိုက် တကောင်နှင့် တကောင် ပူးပူးကပ်ကပ် နေခြင်းဖြင့် ကိုယ်အပူချိန် မလျော့သွားအောင် ထိန်းသိမ်းထားသည်။ အခြားအချက်မှာ ပတ်ဝန်းကျင်မှ အပူချိန်များ အဆက်မပြတ် ရရှိခြင်းဖြင့် ကိုယ်အင်္ဂါ လှုပ်ရှားမှုကို အထောက်အကူ ပြုနိုင်စေသည်။ ထို့ကြောင့် ယင်းတို့သည် အုပ်စုလိုက် လှုပ်ရှား၍ နေကို ဦးတည်ပြီး ပျံသန်းလေ့ရှိသည်။

အုပ်စုလိုက်လှုပ်ရှားသော ကျိုင်းကောင်တွင် တူညီသော ထူးခြားသည့် ကိုယ်တွင်းအင်္ဂါ တည်ဆောက်ပုံ ရှိခြင်းကြောင့် တကောင်သော ကျိုင်းကောင် ကောင်းကင်တွင် ပျံဝဲနေသည်ကို မြင်ရလျှင် ကျန်ကျိုင်းကောင်များလည်း လိုက်၍ ပျံဝဲလေတော့သည်။ ထို့ကြောင့် ကျိုင်းကောင်များ၏ အုပ်စုသည် လျင်မြန်စွာဖွဲ့စည်းနိုင်သည်ပြင် ပို၍လေလေ အုပ်စုကြီးထွားလာလေလေ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉။ - ။ပုရွက်ဆိတ်များ အမြဲစစ်တိုက်လေ့ရှိသည်။ အဘယ်ကြောင့်နည်း

နွေရာသီတွင် သစ်ပင်၌အရွယ်အဖုံဖုံသော ပုရွက်ဆိတ်များ ကူးလူးသွားလာခြင်း၊ ဖက်ရွက်များ၊ ပိုးကောင်သေများကိုသယ်ဆောင်ခြင်းများ ပြုလုပ်ကြသည်။ တခါတရံ ရင်ဆိုင်တွေ့ဆုံမိကြသောအခါ အုပ်စုလိုက် ကိုက်ဖြတ်သတ်ပုတ်လေ့ရှိသည်။

ပုရွက်ဆိတ်များ ဘာကြောင့်စစ်တိုက်ရသနည်း - ။နာမည်ကျော် "အသက်ရှင်ရေး အတွက် တိုက်ပွဲ" စာအုပ်တွင် ဤသို့ ဆိုထားသည်။ "သဘာဝတွင်း၌ရှိ သက်ရှိများတို့သည် အစာ၊ရေငွေ့၊နေရောင်ခြည်၊ နေထိုင်ရန်ဒေသနှင့် မျိုးပွားခြင်း၊ ရရန်အတွက် အကျိုးမပေးသော ပတ်ဝန်းကျင်အခြေအနေ၊ ရန်သူအန္တရာယ်၊ ပြိုင်ဖက်များနှင့် တိုက်ပွဲဝင်ရလေ့ရှိသည်။ တိုက်ပွဲ၏နိဂုံးတွင် အများအပြားသေဆုံးရလေ့ရှိသည်။" ထိုစာအုပ်တွင် အသက်ရှင်ရေးတိုက်ပွဲကို သုံးမျိုး ခွဲခြားထားသည်။ သက်ရှိများနှင့် သဘာဝတို့၏ တိုက်ပွဲ၊ မျိုးတူချင်းတိုက်ပွဲ၊ မျိုးမတူချင်း တိုက်ပွဲတို့ဖြစ်သည်။

အချို့ပိုးကောင်ပါရဂူများသည် ပုရွက်ဆိတ်များ၏ တိုက်ပွဲကို အစာလုစားခြင်းမှ ဖြစ်ပေါ်လာသော တိုက်ပွဲဟု ယူဆကြသည်။ ထို့ကြောင့် မျိုးတူချင်းတိုက်ပွဲ သီအိုရီဖြင့် ရှင်းသည်။

များစွာသော ပိုးကောင်ပါရဂူများသည် ထိုတိုက်ပွဲကို မျိုးတူချင်းတိုက်ပွဲဟု မယူဆပဲ ခါ့ဘုတ်ပြန်မှု တမျိုးကြောင့် ဖြစ်သည်ဟု ယူဆကြသည်။

ထိုယူဆချက် မှန်ကန်ကြောင်း သက်သေပြရန်အတွက် ပါရဂူများက အောက်ပါစမ်းသပ်ချက်ပြုလုပ်ကြသည်။ မတူသောသိုက်မှ

ပုရွက်ဆိတ်နှစ်ကောင်ကို အတူတကွထားသောအခါ ယင်းတို့၏ ဖေ့ာ်မှုတ်ရုံ ဦးချိုချင်း ထိသောအခါ ထသတ်ကြလေတော့သည်။ သိုက်တူပုရွက်ဆိတ်များ အတူတကွထားသောအခါ ယင်းတို့တွေ့ဆုံသော်လည်း ကိုက်ဖြတ် သတ်ပုတ်ခြင်း မပြုလုပ်ကြချေ။ အပြန်အလှန်ပင် အစာကျွေးကြသည်။

အထက်ပါအခြင်းအရာကို ပိုးကောင်ပါရဂူများက အောက်ပါအတိုင်း ရှင်းလင်းသည်။ မတူသောသိုက်မှ ပုရွက်ဆိတ်၏ ကိုယ်ပေါ်တွင် ထူးခြားသော "သိုက်နံ့"ရှိသည်။ ထို"သိုက်နံ့"သည် အသိုက်ဆောက်ရာတွင် အသုံးပြုသော ပစ္စည်း၊ သိုလှောင်ထားသောအစာနှင့် ကိုယ်ပေါ်မှ ဗိန်ထွက်အရာ တို့ပေါ်တွင်မူတည်သည်။ ပုရွက်ဆိတ်တိုင်းတွင် "သိုက်နံ့"ကို ခွဲခြားနိုင်သည့် စွမ်းအင်ရှိသည်။ မိမိသိုက်ဝင်မဟုတ်သော ပုရွက်ဆိတ်များကို တွေ့ဆုံသောအခါ ကိုက်ကြလေတော့သည်။ ထိုကဲ့သို့ စစ်ပွဲငယ်လေးမှ စစ်ပွဲကြီးသို့တိုင် ကူးပြန့်လေ့ရှိသည်။ စိတ်ဝင်စားဖွယ် ကောင်းသောအချက်မှာ တိုက်ပွဲမပါဝင်ခဲ့ကြသော ပုရွက်ဆိတ်များ ကို ရေဖြင့်လောင်းပြီး ထပ်မံတွေ့ဆုံပေးသောအခါ တိုက်ခိုက်ခြင်းမပြုတော့ပဲ အိမ်နီးချင်း နေကြသည်ကိုတွေ့ရသည်။

အကယ်၍ ပုရွက်ဆိတ်တကောင်၏ကိုယ်ပေါ်တွင် ရေမွှေးဆွတ်ပေးပါက ထိုပုရွက်ဆိတ်သည် အိမ်မပြန်နိုင်တော့ချေ။ သိုက်တူပုရွက်ဆိတ်များသည် ယင်းကို ရန်သူကဲ့သို့ဆက်ဆံပြီး မောင်းထုတ်ကြသည်။

အချို့ပုဂ္ဂိုလ်တို့က ပုရွက်ဆိတ်များ အုပ်စုလိုက် တိုက်ပွဲဆင်ရာတွင် အုပ်စုကြီးခြင်း၊ ငယ်ခြင်းနှင့် တိုက်ရိုက်ဆက်စပ်သည် ဟု ဆိုသည်။ အထူးသဖြင့် မျိုးမတူသောပုရွက်ဆိတ်အုပ် တွေ့ဆုံကြသောအခါ ချက်ခြင်းသကိုက်ကြတော့သည်။ ပုရွက်ဆိတ် တကောင်စီ တွေ့ဆုံလျှင် ရန်ပွဲဖြစ်ရန် အခွင့်အရေးနည်းသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀။ ။ပျကောင်ပေါများသည့်နေရာတွင်ပုရွက်ဆိတ်ပေါများလေ့ရှိသည်၊အဘယ်ကြောင့်နည်း

မိုးဦးကာလတွင် လယ်ယာသီးနှံများပေါ်၌ ပျကောင်များစွာ အုံနေကြသည်။ ထိုပျကောင် စုအုံနေသော လယ်ယာသီးနှံများ ပေါ်တွင် ပုရွက်ဆိတ်များကို ဧည့်သည်တော်အဖြစ် အမြဲ တွေ့ရ လေ့ရှိသည်။ တလမ်းလုံး သွားလာ လှုပ်ရှားနေကြသည်။ စည်ကားလှလေစွ။ ထိုအခြင်းအရာကို များစွာသော သူတို့က ပုရွက်ဆိတ်ပိုးကောင်ကို စားနေသည်၊ 'အစာ'သယ်ဆောင်နေသည်ဟု ယူဆကြသည်။ အမှန်မှာ ပုရွက်ဆိတ်သည် 'နွား ထိန်းကျောင်း' နေခြင်းသာဖြစ်သည်။

အကယ်၍ သင်သေချာ ဂရုတစိုက် လေ့လာပါက ပုရွက်ဆိတ်သည် မကြာခဏဆိုသလို ပျကောင်၏နောက်ပိုင်းကို ဖော့မှုတ်ရုံ ဦးချိုဖြင့် ထိုးနှက်နေသည်ကို တွေ့ရလိမ့်မည်။ ယင်းတို့သည် 'အညမည' သဘောဖြင့် နေထိုင်အသက်ရှင်ကြသည်။ သေးငယ်သော ပျကောင်သည် ပုရွက်ဆိတ်၏ ဖြေးညှင်းစွာ ထိုးနှက်ခြင်းကြောင့် ဝမ်းမြောက်ဝမ်းသာ တင်ပါးကို ကော့တင်ပြီး 'ပျားရည်နှင်း' ဟူသည့် ချိုမွှေးသော အရသာ ရှိသည့် အရာကို စိမ့်ထုတ်သည်။ ထိုအရာကို ပုရွက်ဆိတ်လည်း တဝကြီးအားမနာစတမ်း သုံးဆောင်လေသည်။ ထို့ကြောင့် ပျကောင်ပေါများသော နေရာတွင် ပုရွက်ဆိတ်ပေါများလေ့ရှိသည်။

အကယ်၍ ပျကောင်သည် ရန်သူများ (ဥပမာ ယင်ကောင်၊ ပုရွက်ကောင် စသည့်ပိုးကောင်များ) နှင့် တွေ့ဆုံသောအခါ ပုရွက်ဆိတ်က ကာကွယ်တိုက်ခိုက်ပေးသည်။ ထို့ကြောင့် ပျကောင်ပေါများသည့် နေရာတွင် ယင်း၏ပတ်ဝန်းကျင်၌ ပုရွက်ဆိတ် အစောင့်တပ်များ ချထားသည်။

အခြား အကြောင်းတချက်မှာ ပျကောင်များ ကျက်စားသည့်ဒေသတွင် အစာ ရှားပါးလာပါက ပုရွက်ဆိတ်သည် ပျကောင်ကို အစာပေါများရာ ဒေသသို့ သယ်ဆောင်ပို့ပေးသည်။ ဤသည်မှာလည်း ပုရွက်ဆိတ်ပေါများရခြင်း အကြောင်းတရပ်ဖြစ်သည်။

ပျကောင်သည် ပုရွက်ဆိတ်ကို 'ပျားရည်နှင်း'ပေးသည့်အတွက် တဦးနှင့်တဦး မှီခိုခြင်းမင်နေကြသည်။ မှီခိုစိတ်ဝင်စားဖွယ်ကောင်းသော အချက်မှာ ပျကောင်ဥထားသည့် ဥကို ဆောင်းကူးရန်အတွက် ပုရွက်ဆိတ်က မိမိ၏ အိမ်သို့ သယ်ဆောင်ပြီး ဆောင်းကူးရန် ကာကွယ်ပေးသည်။ ဆောင်းကူးဥများ မွေးထုတ်ရန် နွေးသောနေ့တွင် အပြင်ဖက်သို့ ထုတ်ပြီး နေလှန်းသည်။ နေလှန်းပြီး မြေအောက်အိမ်သို့ ပြန်သယ်ဆောင်သွားသည်။ နွေကူးရာသီတွင် ပျကောင်ငယ်များ ပေါက်ဖွားသောအခါ ပုရွက်ဆိတ်သည် ထိုပျကောင်ငယ်ကို ယင်းတို့နှစ်သက်သည့် သစ်ပင်နားသို့ သွားချပေးပြန်သည်။

ပျကောင်နှင့် ပုရွက်ဆိတ်များ ဤသို့'အညမည' သဘောဖြင့် နေထိုင်ပုံသည် တိရစ္ဆာန်လောကတွင် တွေ့ရခဲသည်။

ထို့ကြောင့် ပျကောင်ကို နှိမ်နင်းလိုလျှင် ယင်းနှင့် ပုရွက်ဆိတ်တို့ကို အဆက်ပြတ်အောင် ပြုလုပ်မှသာ အောင်မြင်နိုင်မည်။

မှတ်ချက်။

ပျကောင်သည် အစားကြီးသော ပိုးကောင်ဖြစ်သည်။ ယင်းသည် နွေရာသီ မပြတ် အပင်များမှ ဝတ်ရည်ကို စုတ်ယူသည်။ထိုစုတ်ယူသော ဝတ်ရည်ကို အချို့တဝက်အာဟာရအဖြစ် စုတ်ယူပြီး ကျန်အပိုင်းများကို စအိုမှ ထုတ်ပစ်သည်။ ထိုစအိုမှ ထုတ်လိုက်သော အရာတွင် သကြားဓာတ် ပါသောကြောင့် 'ပျားရည်နှင်း'ဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၁။ ။အဘယ်ကြောင့် ငါးများ ရေထဲတွင် မလှုပ်ရှားပဲ ငြိမ်သက်စွာ ရပ်နေနိုင်သနည်း

ရွှေငါးကန်ရှေ့တွင် သင်ရပ်ပြီး ဂရုစိုက်ကြည့်ရှုလျှင် ရေထဲတွင် မလှုပ်ရှားပဲ ငြိမ်သက်စွာရပ်နေသည့် ငါးများကိုတွေ့ရမည်။ ထိုအမူအယာများသည် လွန်စွာ ကြည့်နှုးဖွယ်ကောင်းသည်။

ငါးများသည် လေထက် သိပ်သည်းဆ များစွာကြီးသော ရေတွင် နေထိုင်ကျက်စားသည်။ ငါး၏ကျောပိုင်း ကျောရိုး၏ အောက်တွင် လေပြည့်ဝနေသည့် အဖြူရောင်အိတ်ရှည်တခုရှိသည်။ ထိုအိတ်ရှည်မှာ ငါးစည်ဖောင်းဖြစ်သည်။ ငါးများသည် ထိုငါးစည်ဖောင်းကို အသုံးပြုပြီးရေအောက်အနက်တွင် လေထုတ်ခြင်း၊ ရှူသွင်းခြင်း စသည်တို့ကို ကိုယ်ခန္ဓာ၏ သိပ်သည်းဆနှင့် ရေ၏သိပ်သည်းဆတို့ ညီမျှနီးပါးဖြစ်အောင် ထိန်းသိမ်းထားသည်။

ဇင်ဖြင် ငါးတွင် ငါးဆူးတောင် ဟူသည် ကျောပိုင်းရှိအရာသည် လှေ၏တက်မကဲ့သို့ ငါးကိုထိန်းထားသည်။ ပါရဂူများ၏ စမ်းသပ်ချက်အရ ငါးဆူးတောင်ဖြတ်ထားသောငါးကို ရေသို့ပြန်ချပြီးကြည့်ရှုရာ ထိုငါးသည် မိမိကိုယ်ကိုမထိန်းနိုင်တော့ပဲ ဘယ်ယိုင်ညာယိုင်ဖြစ်နေသည်။

ငါးများ ရေတွင်မလှုပ်ရှားပဲ ငြိမ်သက်စွာနေနိုင်ခြင်းမှာ ငါး၏ ကိုယ်ခန္ဓာရှေ့ပိုင်း ဝမ်းဗိုက်နှာပြင်ရှိ ရင်ဆူးတောင်တစုံ နှင့်လည်း သက်ဆိုင်သည်။ ငါးများသည် ပါးဟက်မှလေရှူသွင်းပြီး ပါးဟက်ဖုံးမှ ရေအဖြစ်မှုတ်ထုတ်သည်။ ဤသို့ပြုခြင်းဖြင့် ငါးကိုရှေ့သို့ တွန်းပေးခြင်းနှင့် တူသည်။ ထိုအားကို ချေဖျက်စေရန် ယင်း၏ ရင်ဆူးတောင်ကို လျင်မြန်စွာ တချက်နှစ်ချက် ခတ်ပေးရသည်။ သို့မှသာ ရေတွင် ငြိမ်သက်စွာ ရပ်နေနိုင်မည်။

၂၂။ ။ငါးများ တခါတရံ ရေမျက်နှာပြင်ပေါ် ခုန်တက်လေ့ရှိသည်။ အဘယ်ကြောင့်နည်း

ငါးများ အဘယ်ကြောင့် ရေမျက်နှာပြင်ပေါ်သို့ခုန်တက်လေ့ရှိသနည်း.....။

ငါးများရေမျက်နှာပြင်ပေါ်သို့ခုန်တက်ခြင်းမှာ ရေထဲတွင် လေလုံလောက်မှုမရှိသောကြောင့်ဖြစ်သည်။ ယင်းတို့ရေမျက်နှာပြင်ပေါ်သို့ခုန်တက်ပြီး လေထဲရှိ အောက်စီဂျင်ဓာတ်ကို စုတ်ယူခြင်းဖြစ်သည်။ ထိုအခြင်းအရာကို တံငါသည်များက ငါး "ခေါင်းဖော်ခြင်း" ဟု ခေါ်သည်။

ငါးများတွင် ဤအခြင်းအရာများ ဆောင်းတွင်း ညနေခင်းနှင့် နွေရာသီ လျှပ်စီးလက်ပြီးသောအခါများတွင်ဖြစ်လေ့ရှိသည်။ ရုက္ခဗေဒပညာရှင်များ၏အဆိုအရ အစိမ်းရောင် သစ်ပင်များသည် နေရောင်ခြည်အောက်တွင်သာ 'ဖိုတိုစင်းသစ်' ပြုလုပ်သည်။ ထိုအခါမှသာ အောက်စီဂျင် ဓာတ်ထုတ်လွှတ်သည်။ ညဖက်တွင် အောက်စီဂျင်ဓာတ် စုတ်ယူသည်။ ရေထဲတွင်ပေါက်နေသော အပင်များသည်လည်း ညတွင်ရေထဲမှ အောက်စီဂျင်ဓာတ်စုတ်ယူသည်။ ထို့ကြောင့်ရေထဲတွင် အောက်စီဂျင်ဓာတ်လျော့နည်းသွားခြင်းကြောင့် ငါးများသည် ရေပေါ်သို့ ခုန်တက်ပြီး အသက်ရှူရသည်။

ဆောင်းရာသီတွင် ရေတွင်းရှိ အော်ဂဲနစ်ပစ္စည်းများ အောက်ဆီဒေးရှင်းဖြစ်ခြင်းကြောင့် ရေတွင်းရှိ အောက်စီဂျင် များစွာကို သုံးပစ်သည်။ အခြားတချက်မှာ တခါတရံငါးများအလွန်ပြိတ်ခြင်း နေခြင်းကြောင့် ရေရှိ အောက်စီဂျင်သည် ငါးများ ကြာရှည်စွာ အသုံးပြုရန် မလုံမလောက်ဖြစ်လာသည်။ တဖန်မြက်ခင်းပြင် [သို့].

www.burmeseclassic.com

ဆောင်းပေါ်မှ သတ္တုဓာတ်နှင့် ကန့်ဖြစ်ပေါင်းများပါဝင်သည့် ရေများ စီးဝင်ခြင်းကြောင့် အောက်စီဂျင်ဓာတ်လျော့နည်းသွားသည်။

အကယ်၍ ထိုအချိန်အခါတွင် ရေကန်ထဲသို့ ရေသွင်းခြင်းများ မပြုလုပ်ခဲ့လျှင် "ခေါင်းဖော်ခြင်း" ပြဿနာ ပြင်းထန် လာလိမ့်မည်။ နောက်ဆုံးတွင် ငါးများ သေကြေပျက်စီးလိမ့်မည်။ နွေရာသီတွင် လှိုင်းလေငြိမ်၍ မိုးရွာပြီးသောအခါ ရေမျက်နှာပြင်၏ အပူချိန်ကျဆင်းသွားသည်။ ရေကန်အောက်ရှိ ရေ၏အပူချိန်မှာ မြင့်မြဲမြင့်နေသည်။ ရေနွေးသည် အပေါ်သို့တက်သည်။ ထိုအခါရေကန်အောက်ရှိ ပုပ်သိုးသောအရာများပါ ရေပေါ်သို့ အတူပါလာသည်။ ပုပ်သိုးသောအရာများသည် အောက်စီဂျင်ဓာတ် များစွာစုပ်ပြီး ပို၍ပုပ်သိုးသည်။ တဖန် ကာဗွန်နိုက်ဩက်ဆိုဒ်ဓာတ်ငွေ့ ထုတ်လွှတ်သည်။ အကယ်၍ ပြုပြင်မှုအရေးမယူလျှင် ငါးများ 'ခေါင်းဖော်ခြင်း' ဖြစ်ပေါ်လိမ့်မည်။ ကြာလျှင် ငါးများသေကုန်လိမ့်မည်။

၂၃။ ငါးသေဆုံးသောအခါ အဘယ်ကြောင့် ဝမ်းဗိုက်ပိုင်းသည် အပေါ်သို့ လန်နေရသနည်း

ငါးများ အသက်ရှင်နေစဉ် ရေထဲတွင် မနေရာအတိအကျ ယူထားနိုင်သည်။ ရေမျက်နှာပြင်ပေါ်သို့ ပေါ်ခြင်းမရှိ။ ရေအောက်သို့လည်း မြုပ်ခြင်းမရှိ။ ငါးများစွာတို့၏ ကိုယ်ထဲတွင် ကိုယ်အလေးချိန်ကို ထိန်းသိမ်းထားသော အင်္ဂါရှိသည်။ ယင်းမှာ ငါးစည်ဖောင်းဖြစ်သည်။ ယင်းသည် ရေအတိမ်အနက် မတူသော နေရာတွင် လေထုတ်ခြင်း၊ လေစုတ်ခြင်းများ ပြုလုပ်ပြီးကိုယ်၏ အလေးဆနှင့် ပတ်ဝန်းကျင်ရှိရေ၏အလေးဆတို့ တူညီအောင် ပြုလုပ်ပေးသည်။ ထိုသို့ပြုခြင်းဖြင့် ငါးသည် မည်သည့်ရေလွှာတွင် မဆို လွယ်ကူစွာ နေထိုင်နိုင်သည်။

ငါးတကောင်သည် ရေနက်မှရေတိမ်သို့ ကူးသွားသောအခါ

ရေ၏ဖိအား လျော့နည်းသွားခြင်းကြောင့် ငါးစည်ဖောင်းပွင့်ရှိ လေငွေ့သည် ပွလာပြီး ကိုယ်အလေးချိန်လျော့သွားသည်။ ထိုအခြေအနေတွင်အပေါ်တက်ရန်ရှိသည်။ အပေါ်မတက်ရန် (ဝါ) ထိုအခြေအနေကိုချေဖျက်ရန် ငါးစည်ဖောင်းတွင်းမှ လေထုအနည်းငယ်ထုတ်ပစ်ရမည်။ အကယ်၍ ငါးသည် ရေတိမ်မှရေနက်သို့ ကူးသွားလျှင် ကိုယ် အလေးဆ တိုးလာမည်။ ထိုအခါ စည်ဖောင်းထဲသို့ လေစုတ်သွင်းရမည်။ ဤသို့ပြုလုပ်မှသာ ရေအလွှာတွင် ရပ်နေနိုင်မည်။ ငါးသေပြီးသောအခါ ကိုယ်ခန္ဓာတခုလုံး ညှိမျှရန် ထိန်း ပေးသည့် အင်အားမရှိတော့ချေ။ ငါးစည်ဖောင်းလည်း လေထု ပြည့်နေ လေသည်။ ကိုယ်အလေးဆ လျော့နည်းနေသည်။ ငါး ကျောပိုင်းသည် များသောအားဖြင့် ကျောရိုးနှင့် ကြွက်သား များ သောနေရာများ ဖြစ်ခြင်းကြောင့် အလေးဆများသည်။ ဝမ်းဗိုက် ပိုင်းတွင် ကိုယ်တွင်းအင်္ဂါများ (ဥပမာ-အစာချေအင်္ဂါ၊ အသွေး အကြောစွန့်အင်္ဂါ) ရှိ၍ ဟာကွက် ပိုများခြင်းကြောင့် အလေးဆ ငယ်သည်။ ထိုကြောင့် ငါးသေဆုံးသောအခါ အလေးဆ ငယ် သည့် ဝမ်းဗိုက်ပိုင်းသည် အပေါ်သို့လန်နေသည်။

သို့သော်လည်း ငါးပေါ်ရှုပ်၊ ငါးမူကကွင်း စသည့်ငါးတို့သည် ငါးစည်ဖောင်း မရှိခြင်းကြောင့် ကိုယ်ထည်သည် ရေထက်လေး သည်။ ထိုငါးများ ရေတဲနေရာတွင် ရပ်တည်နေရန် ငါးဆူးတောင် ကို အမြဲလှုပ်ခတ်ပေးရသည်။ သို့မှသာ ကိုယ်ထည် အောက်သို့ မြုပ်မသွားပေ။ ထိုငါးများ သေဆုံးသောအခါ ရေအောက်သို့ မြုပ်ဆင်းသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၄။ ။ငါးအကြေးကို ကြည့်ခြင်းဖြင့် အဘယ်ကြောင့် ငါး၏သက်တမ်းကို သိနိုင်သနည်း။

ငါးအကြီးအငယ် အမျိုးမျိုးရှိသည်။ ငါး၏ သက်တမ်းကို သိရှိရန် ခက်ခဲလှပေ။ ငါး၏ကိုယ်ပေါ်မှ အကြေးပြားတပြားကိုယူပြီး သေချာစွာ ကြည့်ရှုလေ့လာပါက သိရှိနိုင်သည်။

အဘယ်ကြောင့် ငါးအကြေးကိုကြည့်ခြင်းဖြင့် ငါး၏သက်တမ်းကို သိနိုင်သနည်း။

ငါးပါရဂူများ၏ လေ့လာပြောချက်အရ ငါး၏ အသက်ငယ်သော နှစ်တွင် တကိုယ်လုံး အကြေးပြားနှင့် ပြည့်နေလေပြီ။ အကြေးပြားသည် အပေါ်ပြား ကြီးငယ်သို့ဖြင့် စုပေါင်းတည်ဆောက် ထားခြင်း ဖြစ်သည်။ အကြေးပြား၏ အလယ်ဗဟိုသည် ထူပြီး အနားများသည် ပါးနေသည်။ အပေါ်ဆုံးအထပ်သည် အရွယ် အငယ်ဆုံး ဖြစ်သည်။ သို့သော်လည်း သက်တမ်းအကြီးဆုံးဖြစ်သည်။ အောက်ဆုံးအထပ်သည် အကြီးဆုံးဖြစ်သည်။ သို့သော်လည်း သက်တမ်း အငယ်ဆုံး ဖြစ်သည်။ အကြေးပြား ပေါက်ဖွားလာသည်နှင့် ယင်း၏ မျက်နှာပြင်ပေါ်တွင် အပေါ်ပြားတထပ် ဖြစ်ပေါ်လာသည်။ ငါး၏ သက်တမ်း ကြီးလာသည်နှင့်အမျှ အပေါ်ပြား အရေအတွက်လည်း အစဉ်မပြတ် တိုးလာသည်။

တနှစ်အတွင်း ရာသီဥတုပေါ်တွင် ငါးများ၏ ကြီးထွားနှုန်း မတူညီကြပေ။ သာမန်အားဖြင့် နွေကူးရာသီနှင့် နွေရာသီတွင် ကြီးထွားနှုန်း မြန်သည်။ မိုးရာသီတွင် နှေးသည်။ ဆောင်းရာသီတွင် ကြီးထွားခြင်း ရပ်တန့်နေသည်။ နောင်နှစ် နွေကူးရာသီကျမှ ပြန်လည် ကြီးထွားသည်။ အကြေးပြားသည်လည်း ဤကဲ့သို့ပင် နွေကူးရာသီ

နှင့် နွေရာသီတွင်ကြီးထွားသောအပိုင်းသည် ကျယ်သည်။ မိုးရာသီတွင် ကြီးထွားသောအပိုင်းသည် ကျဉ်းသည်။ ဆောင်းရာသီတွင် ကြီးထွားမှုရပ်တန့်နေသည်။ အကျဉ်းအကျယ် မတူညီသော အပေါ်ပြားများသည် ဗဟိုချက်ကိုပတ်ပြီး စီရိနေသည်။ ထိုဖြစ်ပေါ်လာသော အရစ်ကို "သက်တမ်းရစ်" ဟုခေါ်သည်။ 'သက်တမ်းရစ်' ၏ အရေအတွက်သည် ငါး၏သက်တမ်းနှင့်တူညီသည်။

နွေကူးရာသီနှင့် နွေရာသီတွင် ကြီးထွားသည့် ကျယ်ပြန့်သော အပေါ်ပြားများသည် ကျဲစွာ စီရိနေပြီး မိုးရာသီတွင် ကြီးထွားသည့် ကျဉ်းသော အပေါ်ပြားသည် စိပ်စွာစီရိနေသည်။ ယင်းနှစ်ခုကြားတွင် နယ်နိမိတ်ကြောင်း ထင်ရှားစွာပေါ်လွင်နေသည်။ ထိုနယ်နိမိတ် လမ်းကြောင်းသည် ပထမနှစ်နှင့် ဒုတိယနှစ်ကို ခွဲခြားထားသည့် လမ်းကြောင်းဖြစ်သည်။ ယင်းကို 'နှစ်တမ်း' ဟုခေါ်သည်။ 'နှစ်တမ်း' များသော ငါးသည် အသက်ကြီးပြီး 'နှစ်တမ်း' နည်းသော ငါးသည် အသက်ငယ်သည်။

ထို့ကြောင့် ငါးအကြေးကိုကြည့်ပြီး 'နှစ်တမ်း'ကို ရေတွက်ခြင်းဖြင့် ငါး၏သက်တမ်းကို သိရှိနိုင်သည်။

ငါးသက်တမ်းကို ကြည့်တတ်ခြင်းသည် ငါးဖမ်း လုပ်ငန်းတွင် များစွာအသုံးဝင်သည်။ သက်ကြီးများကို ဦးစွာဖမ်းစားနိုင်သည်။ သို့မှသာ စီးပွားရေးတွက်ကိန်းနှင့် ကိုက်ညီမည်။

၂၅။ ။ငါးပူတင်းကိုစားလျှင် အဘယ်ကြောင့် အဆိပ်တောက်တတ်သနည်း။

'ငါးပူတင်းကို အသက်နှင့်လဲစားမည်'။ ဤစကားသည် ဂျပန် အမျိုးသားစကားပုံတခုဖြစ်သည်။ ဤစကားပုံကိုကြည့်ခြင်းဖြင့် ငါး ပူတင်းအသားသည် အလွန်အရသာရှိသော ငါးသားဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ထင်ရှားသည်။ အသက်နှင့် လဲစားထိုက်အောင် အရသာရှိသည်ဟု ဆိုသည်။

ငါးပုတင်းသားသည် အရသာမွှေးကြိုင်သော်လည်း စားမိသူအချို့မှာ အဆိပ်တောက်ပြီး သေရွာသို့ရောက်ရသည်။ ဤကဲ့သို့ ငါးပုတင်းစား၍ အဆိပ်သင့်သောသူများရှိခြင်းကြောင့် ငါးပုတင်း၏ အသားသည် အဆိပ်ရှိသည်ဟု ယူဆကြသည်။ အမှန်အားဖြင့် ငါးပုတင်း၏အစိတ်အပိုင်းတိုင်း အဆိပ်မရှိချေ။ အဆိပ်သည် များသောအားဖြင့် ယင်း၏ 'မျိုးပွားဂလင်း' (သုက်အိမ်၊ ဥအိမ်နှင့် ဥအပါအဝင်) နှင့် ကိုယ်တွင်းအင်္ဂါများ (အသည်း၊ အူ) စသည့်အပိုင်းတွင် တည်ရှိသည်။ ယင်းအစိတ်အပိုင်း၏ဖွဲ့စည်းပုံတွင် အပူချိန်ခံနိုင်သော၊ အချဉ်ဓာတ်ခံနိုင်သော၊ သို့သော်လည်း ဇေ့များက လွယ်ကူစွာ ဖျက်ဆီးနိုင်သော 'ငါးပုတင်းအဆိပ်ဓာတ်' အရောဝင်လျက်ရှိသည်။ ငါးပုတင်းအမျိုးအစားနှင့် အစိတ်အပိုင်းတို့ ကွဲပြားခြားနားခြင်းကြောင့် အဆိပ်ဓာတ်လည်း ကွဲပြားခြားနားသည်။ ရာသီအလိုက် အဆိပ်ဓာတ် အပြင်းအပျော့ ပြောင်းလဲမှုရှိသည်။ ယေဘုယျအားဖြင့် ဥတာခံ့ဖွံ့ဖြိုးမှုရှိသော ဆောင်းရာသီနှင့် နွေကူးရာသီကြားတွင် အဆိပ်ဓာတ်အပြင်းဆုံးဖြစ်သည်။ ထိုအဆိပ်ဓာတ်ကို လူများစားမိသောအခါ အကြောများ ကျင်လာပြီး အန်ခြင်း၊ ခြေလက်အားပျက်နေခြင်း၊ နောက်ဆုံးတွင် နှလုံးခုန်ခြင်းနှင့် အသက်ရှူခြင်း လုံးဝရပ်သွားပြီး သေဆုံးလေတော့သည်။ ငါးပုတင်းသေသောအချိန် ကြာမြင့်လျှင် အဆိပ်သည် မျိုးပွားအိမ်မှ တကိုယ်လုံးသို့ ပြန့်နှံ့သွားတတ်သည်။ ဆေးကြောပစ်ရန် မလွယ်ကူချေ။ ထို့ကြောင့် ပုပ်သိုးနေသော ငါးပုတင်းသည် အဆိပ် ပို ပြင်းသည်။

ငါးပုတင်းအဆိပ်ရှိသော်လည်း အခွံခွာပြီး ကိုယ်တွင်းအင်္ဂါနှင့် သွေးရည်ပါသော အသားများကို ဖယ်ရှားပါ။ ပြီးနောက် သန့်ရှင်းစွာ ဆေးကြောကာ ရေကြည်တွင် ခဏကြာမျှ စိမ်၍ ချက်ပြုတ်စားသောက်လျှင် အဆိပ်တောက်ခြင်း မဖြစ်တော့ချေ။

ပင်လယ်ကမ်းရိုးတန်းတလျှောက်တွင် နေထိုင်ကြသော တံငါသည်များသည် ငါးပုတင်းအသားကို အခြောက်နေလှန်းပြီးစားကြသည်။ ဤသို့ဖြင့် အဆိပ်မရှိတော့ချေ။ ဂျပန်ပြည်မှ ငါးပုတင်းစည်သွတ်ဗူး ထုတ်လုပ်သည်။ ထိုစည်သွတ်ဗူးများသည် သေချာကြပ်မတ်ပြီး ထုတ်လုပ်သော ထုတ်ကုန်များဖြစ်သောကြောင့် စိတ်ချစွာစားသုံးနိုင်ပေသည်။

၂၆။ ။မိုးရွာမည်သာနေ့တွင် ဖားအော်သံပို၍ ကျယ်လောင်သည်။ အဘယ်ကြောင့်နည်း

စာဆိုတော်ဦးကြင်ဥသည် 'မိုးဥတုတွင်' ဖားများ ပျော်ရွှင်မြူးတူးပုံကို ဖွဲ့ဆိုထားသည်။ ထို့ကြောင့် ဖား၏အော်သံကို ရှေးပဝေဏီကတည်းက လူများ ဂရုပြုနေခဲ့ကြသည်။

မိုးရွာပြီဆိုလျှင် အင်းအိုင် ချောင်းမြောင်းများဘေးတွင် ဖားများ ဆူညံနေအောင် အော်ဟစ်နေကြသည်ကို တွေ့ရသည်။ အခြင်းအခုံပွဲ ကျင်းပနေခြင်းလော။ အတီးအမှုတ်ပြိုင်ပွဲ ကျင်းပနေခြင်းလော။

အဘယ်ကြောင့် ဖားများ ထိုအချိန်ကိုမှ ရွေးပြီး အာကျယ် အာကျယ် လုပ်ရသနည်း။

ဖားသည် အအေးလွန်၊ အပူလွန်နှင့် ခြောက်သွေ့သောဒေသတွင် နေထိုင်လေ့မရှိချေ။ စိုစွတ် မြေသောနေရာတွင် နှစ်သက်စွာ နေထိုင်ကျက်စားကြသည်။ မိုးရွာခါနီးတွင် လေထုဖိအားနိမ့်ကျပြီးအစိုဓာတ်များလာခြင်းကြောင့် လေထဲရှိ ရေငွေ့များလာသည်။ ဖားတို့၏ အရေခွံသည် ရေငွေ့များစွာစုပ်မိခြင်းကြောင့် လန်းမြန်းစွာ ရွှင်လန်းလာသည်။

၎င်းပြင် မိုးရာသီတွင် ချိုင့်ဝှမ်းများ ရေပြည့်နေခြင်းကြောင့် ဖိုးမကောင်မျိုးစုံ မျိုးပွားချိန်ဖြစ်သည်။ ဆောင်းကူးမှ နိုးလာသောဖား

www.burmeseclassic.com

www.burmeseclassic.com

သည။ ထိုအချိန်တွင် အစာများစွာဖြည့်ရန် လိုအပ်ပြီး ကုန်ခန်းသော အားအင်နှင့် မျိုးပွားရန်အတွက် အသင့်ပြင်ထားရန် လိုသည်။ မျိုးပွားချိန် ရောက်သောအခါ ပိုချပျော်ရွှင်စွာ ရေထဲသို့ ရွှေ့ပြောင်းနေထိုင်ပြီး ချောင်းဘေးနှင့် ကန်ဘေးတွင် အော်ဟစ်မြည်တူးနေသည်။ မျိုးစပ်ခြင်း၊ ဥအုခြင်းများပြီးသောအခါ အနည်းငယ် ဆိတ်ငြိမ်လေတော့သည်။

၂၇။ ။မြွေသည် အဘယ်ကြောင့် မိမိဦးခေါင်းထက်ကြီးသောကြွက်ကို မျိုချနိုင်သနည်း

“လေဘာကြီးလှသောမြွေကလေး၊ ဟထားလိုက်သည့်ပါးစပ်၊ ဆင်ကြီးကိုပင် မျိုချနိုင်ပါဘိ”

အထက်ပါစာပိုဒ်သည် အင်္ဂလိပ်ပုံဝတ္ထုထဲမှ မြွေနှင့်ဆင်ပုံပြင်မှ ကောက်နုတ်သော စာပိုဒ်ဖြစ်သည်။ မြွေသည် ဆင်ကိုမျိုချနိုင်၏လော။ မမျိုနိုင်ပေ။ ဤပုံပြင်မှာ လေဘာကြီးသူကို သရော်ထားသောပုံပြင်ဖြစ်သည်။

မြွေများသည် ဆင်ကို မမျိုနိုင်သော်လည်း မိမိဦးခေါင်းထက်ကြီးသော ကြွက်နှင့်ဖားများကိုမူ မျိုချနိုင်သည်။ မယုံလျှင်ပုံပြင်လို့ မှတ်ပါလေ။ မြွေပါရဂူများ၏အဆိုအရ မြွေပွေးသည် ယင်း၏ ဦးခေါင်းထက် ဆယ်ဆများကြီးသော ဖားကို မျိုချနိုင်သည် ဟုဆိုသည်။ အာဖရိကတိုက်မှ စပါးကြီးမြွေသည် ဝက်အကောင်လုံးကို မျိုချနိုင်သည်။

အခြားသတ္တဝါများသို့ မိမိဦးခေါင်း၏ ထက်ဝက်မျှကြီးသော အစာဝတ္ထုကို မျိုချလိုလျှင် မျိုချ၍မရပေ။ မြွေသည် အဘယ်ကြောင့် ဤမျှမျိုသွင်းဆောင်နိုင်သနည်း။

သင်နေ့စဉ်အသုံးပြုသည့် ကြက်ခြေခတ် မီးညှပ်ကိုယူပြီး ရှေ့ညှပ်ချောင်းတစုံနှင့် လက်ကိုင်ညှပ်ချောင်းတစုံကို တမျဉ်းတည်း

တပြေးတည်းဖြစ်အောင် သင်ချိုး၍မရပေ။ ဆိုလိုသည်မှာ ကြားထောင့်ကို ၁၈၀° ပြုလုပ်၍မရ။ အိမ်သုံးခေါက်မီးညှပ်၏ပါးစပ်ကိုမူ ၁၈၀° မက ထို့ထက်ပင်ကြီးအောင် ချဲ့နိုင်သည်။ သတ္တဝါများ၏ ပါးစပ်ဖွင့်နိုင်ခြင်း၊ မဖွင့်နိုင်ခြင်းမှာလည်း ဤသဘောတရားနှင့် တူသည်။

ကျွန်ုပ်တို့၏ပါးစပ်ရိုး တခုနှင့်တခု ဆက်ထားသောနေရာသည် အရိုးဖြင့်ပြီးသည်။ ထို့ကြောင့် ဟလိုက်သောအခါ အရိုးဆစ်၏ ဆွဲထိန်းမှုကြောင့် ကြီးစွာမဟနိုင်ချေ။ မြွေ၏ပါးစပ်တွင် အရိုး တခုနှင့်တခု ဆက်ထားသောနေရာသည် အရိုးရှိသည့်ပြင် အီလာစတစ် ဆွဲကန်အားရှိသော ရော်ဘာကဲ့သို့ အချင်ရှိသည်။ ထို့ကြောင့် ကြီးမားသောအစာကို မျိုချနိုင်သည်။

မြွေများအစာကိုမမျိုမီ မျိုမည့်အစာကို အရှည်လိုက်ဖြစ်အောင် ဆွဲဆန့်ပြီး ပါးစပ်တွင်းရှိ ချွဲတံသွားဖြင့် အာခေါင်တွင်းသို့ ပို့ပေးသည်။ ရင်အုပ်ပိုင်းတွင် ကြွင်းဆက်နံရိုးများ မရှိ၍ အာခေါင်မှ မျိုချသောအစာသည် အရှည်လျားလိုက် ချဲ့နိုင်သော သားရေအိတ်ထဲသို့ ရောက်သည်။ မြွေသည် တံတွေးများဆုတ်ပြီး အစာများ ချောမွတ်စွာမျိုချသည်။

၂၈။ ။မြွေကိုအမြီးမှကိုင်ပြီး နှစ်ကြိမ်သုံးကြိမ် လှုပ်ခါလျှင် ထိုမြွေသေတော့သည်။ အဘယ်ကြောင့်နည်း

မြွေအလမ္ပာယ်ဆရာများ မြွေဖမ်းပုံကို ကြည့်ပါလေ။ မြက်တောထဲမှ ဖြတ်သွားသော မြွေကို အနောက်မှ အမြီးလိုက်ဖမ်းသည်။ ဖမ်းမိလေပြီ။ မြွေခေါင်းလည်း ချက်ခြင်းလှည့်လာသည်။ ထိုအခိုက် မြွေအလမ္ပာယ်ဆရာသည် အလွန် လျင်မြန်ဖြတ်လတ်သောနှုန်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com

မြွေကို အမြီးမှကိုင်ပြီး နှင်ကြိမ်သုံးကြိမ် ဆန့်ခါသည်။ ထိုမြွေသည်ကြီး မလှုပ်ရှားနိုင်တော့ချေ။

သင့်ရင်အုပ်ပိုင်းကို သင်ကိုင်ကြည့်ပါ။ တချောင်းနှင့်တချောင်း ချိတ်ဆက်မှုမရှိသော နံရိုးကိုစမ်းမိလိမ့်မည်။ ထိုနံရိုးကို အလယ်ဗဟိုမှ ရင်အုပ်ရိုးက ချိတ်ဆက်စီရင်ထားသည်။ မြွေတွင် ရင်အုပ်ရိုး မရှိခြင်းကြောင့် နံရိုးများ တချောင်းနှင့် တချောင်း ကွဲကွာနေသည်။

မြွေ၏ကျောရိုးဆစ်များသည် အလွန်ဖျတ်လတ်သည်။ မြွေများ အိပ်မောကျနေသည်ကို သင်မြင်ဘူးပေလိမ့်မည်။ ခွေခိုင်းနေသည့်မှာ ဆန်ကောကြီးနှင့်တူသည်။ မြွေအလမ္ဗာယ်ဆရာသည် မြွေကို အမြီးပိုင်းမှကိုင်ပြီး ခါသောအခါ ကျောရိုးဆစ်များ ပြုတ်သွားသည်။ နံရိုးများသည် မူလကတည်းက အဆက်အစပ်မရှိခြင်းကြောင့် ကျောရိုးဆစ်များ ပိုအပြုတ်လွယ်သည်။ ထိုအခါ အရိုးဆစ်ထဲမှ အရိုးဆီမျှင်များ ထွက်လာသည်။ တခါတည်းပြုတ်သွားသည်။ အရိုးဆီမျှင်နှင့် ကိုယ်ခန္ဓာ အစိတ်အပိုင်းကို [illegible] ဆက်ပြတ်သောအခါ အသက်ပျောက်[illegible]တော့သည်။

၂၉။ ။မြွေတွင်ခြေမရှိပဲ အဘယ်ကြောင့် လျင်မြန်စွာရွေ့ရှားနိုင်သနည်း

“မှန်ယေဂ္ဂာငယ်၊ လျှောင်ကလေးပဲ၊ ဒန်းတော်
ဘုရားကြီး အစွေ့စွေ့၊ မကြီးလို့ချင် တပေါ်လျှော့ပါ၊
မထွေးကိုတော့ အားလုံးပြေ။ စိမ်းစိမ်း သွယ်သွယ်
ဟိုဒီ တန်းလို့၊ ယက်ကန်းကြီးက လှုပ်ခိုက်လေ။
……………………………………………
……………………………………………”
……………………………………………

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှမြွေများ သစ်ပင်ပေါ်သို့ တက်လိုက် ဆင်းလိုက်၊ တန်းလန်းနေလိုက် စသည်ရှုခင်းကိုကြည့်ပြီး စပ်ထားသော ကဏ္ဍာဖြစ်သည်။ မြွေတွင်ခြေမရှိပဲ ဘယ်ကဲ့သို့ သစ်ပင်ပေါ်သို့ လျင်မြန်စွာ တက်နိုင်ဆင်းနိုင်ပါသနည်း။

မြွေ၏ကိုယ်ခန္ဓာတခုလုံးကို အကြေးခွံများ ဖုံးလွှမ်းနေသည်။ သို့သော်လည်း မြွေ၏ကိုယ်ခန္ဓာမှ အကြေးခွံနှင့် ငါး၏ကိုယ်ခန္ဓာပေါ်မှ အကြေးခွံတို့ ဂုဏ်သတ္တိချင်း မတူကြချေ။ မြွေ၏ကိုယ်ခန္ဓာမှ အကြေးခွံသည် ကိုယ်ခန္ဓာ အပြင်ဖက်ဆုံး အရေခွံလွှာမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မြွေကိုယ်ခန္ဓာပေါ်ရှိ အကြေးခွံသည် အလွန် ခိုင်ခံ့ ပျော့ပြောင်းသည်။ ကိုယ်ခန္ဓာ ဖွံ့ဖြိုးကြီးထွားသကဲ့သို့ လိုက်ပြီး မကြီးထွားနိုင်။ ထိုကြောင့် နှစ်လ၊ သုံးလတကြိမ် အရေခွံလဲပြောင်းရသည်။ လဲပြောင်းပြီးသောအခါ အကြေးခွံ ပိုမိုကြီးလာသည်။ ယခင်ကထက်ပို၍ ခိုင်ခံ့ပျော့ပြောင်းလာသည်။ မြွေ၏ ကိုယ်ခန္ဓာပေါ်ရှိ အကြေးခွံသည် ကိုယ်ခန္ဓာကို ကာကွယ်ထားသော ‘သံချပ်အကျႌ’ဖြစ်သည့်ပြင် ရွေ့ရှားသွားလာရန် တခုတည်းသော ‘ကိရိယာ’ဖြစ်သည်။

မြွေများ တွားသွားစဉ် ယင်း၏သေးငယ်ရှည်လျားသော ကိုယ်ပုံသဏ္ဌာန်သည် ‘S’ ပုံ တိတိကျကျ ကွေးနေသည်။ ‘S’ပုံသဏ္ဌာန်ရှိ သံလမ်းပေါ်တွင် ပြေးနေသော ရထားတွဲကြီးနှင့်တူသည်။ ကိုယ်ခန္ဓာ၏ နောက်ဖက်ပိုင်းသည် ရှေ့ဖက်ပိုင်း ရွေ့သောနေရာ လမ်းကြောင်းအတိုင်း လိုက်ရွေ့သည်။ မြွေရွေ့ရှားစဉ် ‘S’ပုံသဏ္ဌာန်၏ ဖုထစ်သောအပိုင်း၏ အကြေးခွံသည် အနည်းငယ်ကြွလှုပ်နေသည်။ ထိုကြွနေသော အကြေးခွံ၏ အချွန်ပိုင်းကို အသုံးပြုပြီး မညီညာသော မြေမျက်နှာပြင်ကို ဆွဲထားသည်။ ထိုအခါ အကြေးခွံသည် ခြေကဲ့သို့ ကိုယ်ခန္ဓာကိုရှေ့သို့ ရွေ့ရှားစေသည်။

မြွေကိုယ်ခန္ဓာ၏ အပြင်ဖက်အရေခွံသည် အလွန်ပျော့ပျောင်းသည်။ အကြေးခွံနှင့် မြေမျက်နှာပြင်တို့ ထိတွေ့သောအခါ ယင်း၏ကိုယ်ခန္ဓာအတွင်းပိုင်းသည် ဦးစွာရွေ့ပြီး နောက်အရေခွံသည်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ခန္ဓာနှင့်လိုက်ပြီး ရွေ့သို့ရွေ့သည်။ ဤကဲ့သို့ လှုပ်ရှားမှုသည် ကြွားသွားစဉ်သာ အထောက်အကူပြုသည် မဟုတ်။ သစ်ပင်ကြီး ပေါ်သို့ တက်သော အခါတွင်လည်း များစွာ အသုံးဝင်သည်။ အကယ်၍ မြွေကို ချောမွတ်သော ဖန် (သို့) မှန် (သို့) သံပြားပေါ် တင်ထားပါက မြွေမှာ မလှုပ်ရှားနိုင်တော့ပေ။ ထို့ကြောင့် မြွေကို 'မြက်ခင်းမာရသွန်'ဟု ခေါ်သည်။

၃၀။ ။မြွေကိုရိုက်လျှင် 'ခုနစ်လက်မ'ကို ရိုက်ရသည်ဆိုရိုးရှိသည်။ မည်သည့်အဓိပ္ပာယ်နည်း

'အမလေး....၊ မြွေကြီး....' သင်အော်ငြီးသည်နှင့် တပြိုင်နက် အုတ်ခဲ [သို့] ဝါးခြမ်းရှာပြီး မြွေကိုလိုက်ရိုက်လိမ့်မည်။

မြွေကိုရိုက်လျှင် ချက်ကောင်းမိရန် လိုသည်။ မြွေကို ရိုက်လျှင် 'ခုနစ်လက်မ'ဟူသည့် ဆိုရိုးစကားရှိသည်။ အချို့ကလည်း 'သုံးလက်မ' ဆိုကြသည်။ ဘယ်လိုပဲပြောပြော၊ ဆိုရိုးစကားများသည် အတွေ့အကြုံဗဟုသုတမှ ပေါက်ဖွားလာသော စကားခွန်းများဖြစ်ခြင်းကြောင့် သူ့အဓိပ္ပာယ်နှင့်သူ လေးနက်နေသည်။ 'ခုနစ်လက်မ' ဖြစ်စေ 'သုံးလက်မ'ဖြစ်စေ၊ တူညီသောအချက်မှာ မြွေ၏ကျောရိုးကို ရိုက်ရန် ပြောဆိုခြင်းဖြစ်သည်။

သတ္တဝါ၏ကျောရိုးကျိုးသောအခါ အကြောများပြတ်ပြီးကိုယ်ခန္ဓာ အစိတ်အပိုင်းများ တခုနှင့်တခု အဆက်ပြတ် နေလိမ့်မည်။ အကယ်၍ ထိုတချက်ကို အမြီးပိုင်းပေါ်တွင် ရိုက်မိပါက အခြေအနေ လုံးဝ ပြောင်းလဲသွားလိမ့်မည်။ အိမ်မြှောင်ကောင်ကို သင် အမြီးရိုက်မိက အမြီးကိုစွန့်ပစ်ပြီး ထွက်ပြေးလိမ့်မည်။ ထို့ကြောင့် 'အိမ်မြှောင်အမြီးပြတ်'များကို နေရာတကာ တွေ့ရခြင်းဖြစ်သည်။

သင်မေးလိမ့်မည်။ ဒီလိုဆိုယင် 'မြွေကိုရိုက်လျှင် ကျောရိုး' ဟု မဆိုပဲ အဘယ့်ကြောင့် 'ခုနစ်လက်မ'၊ 'သုံးလက်မ' စသည်တို့ ပြောဆိုရသနည်း။ အဖြေကား 'သုံးလက်မ'သည် မြွေ၏အရိုးကျိုးရန် အလွယ်ဆုံးသော နေရာဖြစ်သည်။ ထိုနေရာကို ကျိုးအောင် ရိုက်လျှင် ဦးခေါင်းထောင်ပြီး မကိုက်နိုင်တော့ချေ။ 'ခုနစ်လက်မ' သည် မြွေ၏ အသည်းနှလုံးတည်ရာ နေရာဖြစ်သည်။ ထိုကိုယ်ခန္ဓာ၏ 'နှိုးစက်' ပျက်စီးသွားလျှင် ကောန်မုချသေရလိမ့်မည်။ သို့သော်လည်း မြွေတိုင်း 'သုံးလက်မ'၊ 'ခုနစ်လက်မ' ဟူ၍ မဟုတ်ချေ။ မြွေအမျိုးအစားအလိုက်ပြီး အနည်းငယ် ကွဲပြားလိမ့်မည်။

လူများသည် မြွေကိုတွေ့လျှင် ရိုက်ချင်ကြသည်။ မြွေမျိုးတွင် အဆိပ်ပြင်းမြွေများရှိသည်။ မြွေဟောက်၊ မြွေပွေး၊ မြွေစိမ်း စသည်တို့၏ ကိုက်ခြင်းခံရလျှင် သေရှာရောက်နိုင်သည်။ သို့သော်လည်း မြွေဘုရင်၊ လင်းမြွေစသော မြွေများသည် လူကိုအန္တရာယ်မပေးသည့်ပြင် ရောဂါပိုးပြန့်ပွားစေသည့်ကြွက်များကိုကူညီရှင်းပေးသည်။

မြွေဆိုးမြွေကောင်းကို အရောင်အဆင်း မြင်ရုံမျှဖြင့်မခွဲခြားအပ်။ အရောင် ညစ်ပုပ်သော လင်းမြွေသည် အပြင် အရောင်အဆင်း ကြောက်စရာ ကောင်းသော်လည်း မြွေဆိုးမဟုတ်ချေ။ အပြင်ပန်း လှပသည့် မြွေပွေးသည် အဆိပ်ပြင်းသော မြွေဖြစ်နေသည်။ မြွေပွေးကိုက်ခံရသောအခါ ဒဏ်ရာအပေါ်ပိုင်းကို ပတ်အီး ကြပ်ကြပ် စည်းထားပါ။ ပြီးနောက် ဒဏ်ရာမှအဆိပ်သွေးများ ညှစ်ထုတ်ပြီး နီးရာ ဆေးရုံသို့ အမြန်ပြေးပါလေ။

၃၁။ ။မြွေအလမ္ပာယ်ဆရာ၏ မြွေသံကိုကြားသော် မြွေဟောက်များ ထကကြသည်။ အဘယ်ကြောင့်နည်း

လူအုပ်ကြီး၏အလယ်တွင်ကုလားမြွေအလမ္ပာယ်ဆရာကြီးသည် အားကောင်းကောင်းနှင့် ပါးဖောင်းပြီး မြွေမှုတ်နေသည်။ ထို မြွေအလမ္ပာယ်ဆရာကြီးသည် ခွေရက်ထိုင်ပြီးတူးထူးဆန်းဆန်း တီး

www.burmeseclassic.com

www.burmeseclassic.com

လုံးများမှုတ်ပြီး အာရုံစွဲဆောင်နေသည်။ ခဏကြာသော် မြွေဟောက်ထည့်ထားသော ခြင်း၏အဖုံးကို ဖွင့်လိုက်သည်။ မြွေဟောက်၏လည်ပင်း အပြင်သို့ ဆောင်တက်လာပေပြီ။ ထိုအခါ မြွေဟောက်၏လည်ပင်းသည် ဖောင်း၍ကြီးလာသည်။ မျက်မှန်သဏ္ဍာန် အရစ်ကြောင်းသည်း အထင်းသား ပေါ်နေသည်။ မြွေအလမ္ပာယ်ဆရာကြီးသည် အားကုန်ထုတ်ပြီး မှုတ်နေသည်။ ကိုယ်ခန္ဓာကိုလည်း ဘယ်ယိမ်းညာယိုင်၊ ခေါင်းကိုလည်း ဘယ်ယိမ်းညာယိုင် အလွန်စိုးရိမ်တကြီး ဖြစ်သကဲ့သို့ အားသွန်ခွန်စိုက် မြွေမှုတ်နေသည်။ မြွေဟောက်၏ခေါင်းပိုင်းသည်လည်း မြွေအလမ္ပာယ်ယိုင်သကဲ့သို့ ဘယ်ယိုင်ညာယိုင် ဘယ်ယိမ်းညာယိမ်း ပြုနေသည်။ မြွေဟောက်ကြီးသည် တေးဂီတသံကို နားလည်သကဲ့သို့ ပြုမူနေသည်။ မြွေအလမ္ပာယ်မှုတ်သော တီးလုံးအတိုင်း ထကနေသည်။

သို့သော်လည်း မြွေအလမ္ပာယ်ဆရာကြီးမှာ ကိုလူညာကြီးသာ ဖြစ်သည်။ လိမ်ညာဖော်မှု ပါရဂူဘွဲ့ပေးလျှင် သူ့အပြင် မည်သူ ရနိုင်အံ့နည်း။ ကျွန်တော်ကား မြွေအလမ္ပာယ်ဆရာကြီးအား ဂရုဏာ သက်မိသည်။ အကြောင်းမှာ မြွေအလမ္ပာယ်ဆရာကြီးသည် အလုပ်လက်မဲ့ဘဝမှ လွတ်မြောက်ရန် ဤသို့ကြံရခြင်းဖြစ်သည်။ သို့သော် လည်း 'အမှန်တရားသည် ဘယ်တော့မှဖုံးကွယ်၍မရ' ဟူသကဲ့သို့ ယခုနှ သိပ္ပံခေတ်တွင် သာ၍ပင် ဖုံးကွယ်ထား၍မဖြစ်နိုင်တော့ချေ။

အဖြစ်မှန်မှာ ဤသို့သာဖြစ်သည်။

မြွေဟောက်သည် တေးဂီတကို နားမလည်ပါ။ မြွေအလမ္ပာယ် ဆရာမှုတ်သော ရှူးရှဲသည့် ပြွေသံ၏ ဆွပေးမှုကြောင့် ဒေါသ စိတ် မာန်ထပြီး ပါးပျဉ်းထနေခြင်းဖြစ်သည်။ မြွေအလမ္ပာယ်၏ လှုပ်ရှား သောကိုယ်ကို ကြည့်ပြီး လိုက်လှုပ်ရှားနေခြင်းမှာ ပေါက်ရန် အချက်ကောင်း ရှာနေခြင်းသာဖြစ်သည်။ တေးဂီတ၏ စည်းဝါး ကျသော တီးလုံးကို နားလည်နေသောကြောင့် မဟုတ်ပါချေ။ အမှန် ကား ယနေ့တိုင်အောင် တေးဂီတသံနားလည်သော မြွေမျိုးမရှိ သေးပါ။ တေးဂီတသံကိုနားထောင်ပြီးကခြင်းမှာ သာ၍မဖြစ်နိုင်ချေ။

ရုပ်ရှင်တွင်ရှင်း၊ ဆပ်ကပ်ပွဲတွင်ရှင်း၊ သချို့ပြကွက်များတွင် မြွေ၊ ကျား၊ မြင်းသို့ စသည့်တိရစ္ဆာန်များသည် တေးဂီတသံ နား ထောင်ပြီး စည်းဝါးကျ တီးလုံးကိုလိုက်၍ သရုပ်ဆောင် ကပြနိုင် သကဲ့သို့ ပြထားသည်။ အဖြစ်မှန်ကား တေးဂီတသံ၏တီးလုံးကို တိရစ္ဆာန်များ နားထောင်ပြီး လိုက်လှုပ်ရှားခြင်း မဟုတ်ပဲ ထို တိရစ္ဆာန်များ၏ လှုပ်ရှားမှုနှင့်ကိုက်ညီသော တေးဂီတတီးလုံးဖြင့် လိုက်တွဲပေးခြင်းသာဖြစ်သည်။

၃၂။ ။လိပ်များတွင် အဘယ်ကြောင့် မာကျောသော အခွံရှိသနည်း

“သံခမောက်ကို ထိပ်မှာဆောင်းလို့၊ ဦးခေါင်းမှောက်
တဲ့ သတ္တဝါ။ ခြေလက်တိုတို ကိုယ်ကပိုင်းတော့၊
ပြေးကိုင်းရှုံးလိမ့်ထင်ရတာ။ ကုန်းမှာရေမှာ အနေ
သွားတဲ့၊ သစ်ရွက်ဝါးလို့ မြက်စားကာ။ မယ်
ထွေးမိခင်ကမ္ဘာမဟာ၊ လူစင်စစ်က လိပ်ဖြစ်ရှာ။
တခါအုယင် တပြုံကြီးပေါ့၊ ရေစီးသောင်စပ် သဲ
ပြင်မှာ၊ တောတွင်း လိပ်ကို သောင်စာ မီးနဲ့၊
လက်ခုပ်တီးယင် ထွက်လို့လာ။ ဖမ်းပါ ဖမ်းပါ။

လိပ်သည် အထက်ဖော်ပြပါအရည်အချင်းနှင့် ပြည့်စုံသည့်ပြင် အခြားတိရစ္ဆာန်များသက် ထူးခြားချက် များစွာရှိသေးသည်။

လိပ်သည် အဆုတ်ဖြင့် အသက်ရှူသည်။ သဘောထား နူးညံ့ သည်။ အငတ်နှင့်အစာငတ်ဒဏ်ကို ကြာရှည်စွာ ခံနိုင်သည့်ပြင် တိရစ္ဆာန်များထဲတွင် အသက်ရှည် ဖြစ်သည်။ ခြေလေးချောင်းဖြင့် ရေကူး နိုင်သည့်ပြင် ကုန်းပေါ်တွင်လည်း သွားလာနိုင်သည်။ ကိုယ်ခန္ဓာသည် ပြားပြီး ကျယ်ပြန့်သည်။ မာကျော နိုင်ခံ့သော

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

လိပ်ခွံ ခံ့ခိုင်းသားသည်။ ကျောခွံများ အဝါရောင်(သို့)အညိုရောင်ဖြစ်ပြီး ရင်အုပ်ခွံမိုင်းသည် ပို၍ အရောင်ဖျော့သည်။ အမျိုးအစားအလိုက် အရောင်အနည်းငယ် ကွဲပြားခြားနားသည်။

လိပ်ခွံသည် အပြင်ရိုး ဖြစ်သည်။ ကိုယ်ခန္ဓာ လှုပ်ရှားခြင်းကို ထိန်းပေးသည့်ပြင် ခန္ဓာတွင်းအင်္ဂါများနှင့် ကိုယ်တွင်းမှ ရေငွေ့ပျံခြင်းကို ကာကွယ်ထားသည်။ ရန်သူနှင့်တွေ့သောအခါ ဦးခေါင်း၊ အမြီးနှင့် ခြေလေးချောင်းတို့ကို လိပ်ခွံထဲတွင် ဝှက်ထားသည်။

လိပ်ခွံ၏ဗဟိုတွင် သုံးကြောင်း သင်ရှားစွာ ခွဲခြားထားသည်။ စုစုပေါင်း ၁၃ ကွက်ရှိသည်။ ယင်းကို "အဓိကအခွံ" ဟု ခေါ်သည်။ ဗဟိုအကြောင်းရှိ ငါးကွက်ကို ကျောရိုးခွံဟု ခေါ်သည်။ ၎င်းသည်ကျောရိုးမှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဘေးနှစ်ဖက်တကြောင်းစီတွင် စုစုပေါင်း ၂၄ကွက်ရှိသည်။ ယင်းကို နံရိုးခွံဟုခေါ်သည်။ ၎င်းသည် နံရိုးမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ကမ္ဘာမြေကြီး ဖြစ်ပေါ်လာစဉ်က ရာသီဥတု ပိုနွေးခြင်းမှ ခန်းခြောက်ခြင်းသို့ ပြောင်းလဲလာသည်။ အချို့သမုဒ္ဒရာများ ကုန်းမြေအဖြစ်သို့ ပြောင်းလဲသွားသည်။ ကုန်းနှင့်ရေတွင် ကျက်စားသော သတ္တဝါများကို ကုန်းပေါ်သို့ ရောက်စေသည်။ ကုန်းပေါ်တွင်နေ၍ ကိုယ်ခန္ဓာတွင်းမှ ရေငွေ့များ အငွေ့ပျံခြင်းမှ ကာကွယ်ရန်အတွက် မာကျောသော အခွံ ဖြစ်ပေါ်လာရသည်။

ပတ်ဝန်းကျင်၏ပြောင်းလဲမှုသည် သက်ရှိများ၏ ကိုယ်ခန္ဓာနှင့် ဆက်စပ်နေသည်။ သက်ရှိများ၏ ကိုယ်ခန္ဓာများလည်း လိုက်ပြောင်းမှသာ ဖြစ်ပေါ်လာသော ပတ်ဝန်းကျင်သစ်တွင် ဆီလျော်စွာ နေထိုင်အသက်ရှင်နိုင်မည် ဖြစ်သည်။ သဘာဝ၏ အပြောင်းအလဲဒဏ်ကို အကြိမ်ကြိမ် ဆုံတွေ့ခဲ့ရပြီးသောအခါ မိမိအတွက် ကောင်းသော အရာများကို ဆက်လက်ထိန်းသိမ်း တိုးတက်အောင် ပြုလုပ်ကြမည်ဖြစ်၏။ ပြင်ပ ပုံသဏ္ဌာန်သာ ပြောင်းလဲသည်မဟုတ်၊ ကိုယ်ခန္ဓာတွင်းလည်း လိုက်လံပြောင်းလဲရသည်။ ဤသည်မှာ ရုပ်နှင့်ခန္ဓာ အပြောင်းအလဲ တူညီခြင်းဖြစ်သည်။

၃၃။ ။လိပ်ကျောပေါ်တွင် စိုစွတ်နေပါက မိုးရွာတော့မည်ဟု သိရသည်။ အဘယ်ကြောင့်နည်း

BURMESE CLASSIC .com

လိပ်ကို သက်ရှိ မိုးလေဝသတိုင်း မီတာဟုခေါ်ဆိုလျှင် မည်သူမျှမငြင်းကြပေ။

သင်ဂရုစိုက် လေ့လာပါ။ အကယ်၍ လိပ်၏ကျောခွံသည် ခြောက်သွေ့နေပါက ယခုရက်အတောအတွင်း နေသာလိမ့်မည်မှာ ကောင်းလှ၏။ အကယ်၍ လိပ်၏ကျောခွံပေါ်တွင် စိုစွတ်နေပါက သင်အပြင်ထွက်လျှင် ထီးယူရန် မမေ့ပါနှင့်။

မည်သို့သော သဘောတရားပေနည်း။

လိပ်၏ကျောခွံကိုလေ့လာကြစို့။ (၁) လိပ်၏ကျောခွံ အကြောင်းများသည် အလွန်စိပ်ခြင်းကြောင့် ရေစုပ်ခြင်း၊ ရေသုတ်ခြင်း အလွန်နည်းသည်။ (၂) လိပ်သည် အပူချိန်ပြောင်း သတ္တဝါဖြစ်ခြင်းကြောင့် ကျောခွံကိုကည့်မြဲသော ကိုယ်အပူချိန်များ မထိန်းကိုက်၊ မသက်ဆိုင်နိုင်ချေ။

ထိုအချက်နှစ်ချက်နှင့် ပြည့်စုံခြင်းကြောင့် လေထုထဲရှိ ရေနွေးရေငွေ့ကို တုန့်ပြန်နိုင်သည်။

နေသာသော နေ့တွင် လေထုထဲတွင် လေဖိအား မြင့်မြင်းကြောင့် ရေငွေ့ပျံသော ဧရိယာ ကျယ်ဝန်းသည်။ ထိုကြောင့် လိပ်၏ကျောခွံနှင့် တွေ့ထိသော ရေခိုးရေငွေ့ သည်နည်းပါးခြင်းကြောင့် ခြောက်သွေ့နေသည်။ မိုးရွာခါနီးတွင် လေထုတွင်းရှိ လေဖိအား လျော့နည်းလာပြီး ရေခိုးရေငွေ့ ပို၍ သိပ်သည်းလာသည်။ မြင့်ကြီးနှင့် နီးကပ်လေလေ ရေခိုးရေငွေ့ သိပ်သည်းလေလေဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းကြောင့် လိပ်၏ကျောခွံနှင့် တွေ့ထိသော ရေခိုးရေငွေ့သည် အလွန်အေးသည့်ခြင်းကြောင့်၎င်း၊ ကျောခွံ၏ အခြင်းကြောင့်၎င်း၊ ရေခိုးရေငွေ့များ ကျောခွံပေါ်တွင် ပို၍စုနေသည်။ ထို့ကြောင့် ကျွန်ုပ်တို့ လိပ်ကျော စိုစွတ်နေသည်ဟု မြင်ရတော့သည်။

အမှန်ကား မိုးရွာခါနီးတွင် လိပ်၏ ကျောခွံပေါ်တွင်သာ စိုစွတ်သည် မဟုတ်။ ကျောက်ပြားများ အင်တေများ ပေါ်တွင် လည်း စိုနေသည်ကို တွေ့ရသည်။ သဘောတရားမှာ လိပ်ကျောစိုရ ခြင်းနှင့် အတူတူပင်ဖြစ်သည်။

၃၄။ ။အဘယ်ကြောင့် အချို့ တိရစ္ဆာန်ငယ် များသည် ရာသီဥတုအပြောင်းအလဲကို ကြိုတင် သိရှိကြသနည်း။

'ပျံလွှားနိမ့်ပျံ၊ မိုးကြီးလာ။'
'မြွေကူးလူးဖြတ်၊ တိမ်လွှာနက်။'

အထက်ပါ မိုးလေဝသ ခန့်မှန်း ဆိုရိုးစကားများသည် တောင်သူ လယ်သမားများ၏ အတွေ့အကြုံ တွေ့ရှိချက်မှ ပေါက်ဖွားလာသော ဆိုရိုးစကားများ ဖြစ်ကြသည်။

တိရစ္ဆာန်များ၏ အမူအရာပြောင်းလဲခြင်းကို ကြည့်ပြီး မိုးလေဝသ အခြေအနေကို ခန့်မှန်းခြင်းသည် မှန်ကန်သည့်ပြင် သိပ္ပံ သဘောတရားနှင့်လည်း ကိုက်ညီသည်။

ရာသီဥတု အပြောင်းအလဲကို ကြိုတင်သိနိုင်သော တိရစ္ဆာန်များစွာရှိသည်။ ဥပမာ၊ ဖားပုရွက်ဆိတ် နှင့်ငါးမျိုးအချို့တို့ဖြစ်သည်။ ယင်းတို့သည် မိုးလေဝသ အပြောင်းအလဲကို တုံ့ပြန်ပုံချင်း (နေထိုင်ပုံ ပြောင်းလဲခြင်း) ကွဲပြားခြားနားကြသည်။ ငါးသလဲထိုးကို ဥပမာအဖြစ် တင်ပြပါအံ့။

ငါးသလဲထိုးသည် သက်ရှိမိုးလေဝသတိုင်း ကိရိယာဟု ခေါ် ဆိုလောက်အောင် တိကျသည်။ ယင်းကို သဲနှင့်ခဲလုံးများ ထည့် ထားသော ဖန်အိုးထဲတွင် မွေးမြူထားသောအခါ ဖန်အိုးရေအောက်ခြေရှိ အောက်စီဂျင်ကို အသုံးပြုပြီး အသက်ရှင်နေသည်။ လေထုထဲတွင် လေဖိအားမြင့်သောအခါ ကောင်းကင်တွင် ရေခိုးရေငွေ့နည်း ခြင်းကြောင့် ရေတွင် အောက်စီဂျင် ပျော်ဝင်ခြင်း များသည်။ ထို အခါ ငါးသလဲထိုးသည် ရေဖန်အိုး၏ အောက်ခြေတွင် ငြိမ်သက်စွာ ကိန်း စက်နေမည်။ ဤအခြင်းအရာသည် ရာသီဥတု သာယာခြင်းကို ပြ သည်။ အကယ်၍ လေထုများ စိုစွတ်နေသောအခါ လေထုဖိအား နိမ့်ကျလာပြီး ဖန်အိုးတွင်းရှိ ရေတွင် အောက်စီဂျင်ဓာတ် လျော့နည်း လိမ့်မည်။ ထိုအခါ ငါးသလဲထိုးသည် သဲပေါ်တွင် ငြိမ်သက်စွာ အိပ်စက်ခြင်း မပြုနိုင်တော့ပဲ ရေပေါ်သို့ ပေါ်လာသည်။ ကြာရှည် စွာ ကူးလူးသွားလာပြီး မနေတတ် မထိုင်တတ် ဖြစ်နေသည်။ တခါတရံ ရေပေါ်သို့ခုန်တက်သည်။ ဤအခြင်းအရာသည် မိုးသာ တော့မည်ကို ကြိုတင် သိရှိခြင်းကိုပြသည်။ အကယ်၍ ယင်း၏ ကိုယ်ခန္ဓာသည် ရေပေါ်သို့ပေါ်သည့်ပုံသဏ္ဍာန်ဖြင့် မလှုပ်မရှားပေါ် လာပြီး ကြာရှည်စွာ ဤအတိုင်း ရေပေါ်တွင် ခေါင်းထိုး ဖော်ထား ပါက မိုးသည်းထန်စွာ ရွာတော့မည်ကိုပြသည်။ အကယ်၍ ယင်း ၏ကိုယ်သည် အပေါ်အောက် မော်နေပြီး ပြင်းထန်စွာ လှုပ်ရှား၍ ခေါင်းကို မကြာခဏ ရေပေါ်သို့ ဖော်ကာ အသက်ရှူပြီး လျင်မြန် စွာ အိုးပေါက်မှ လေပြန်ထွက်လျှင် လေမုန်တိုင်း ကျတော့မည် ကိုပြသည်။ ဤသို့ဖြင့် ငါးသလဲထိုးသည် ရာသီဥတုအခြေအနေများ ကို အလွန်တိကျစွာ ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

၃၅။ ။ငှက်များသစ်ကိုင်းပေါ်တွင် နားအိပ်သောအခါ အဘယ်ကြောင့်ပြုတ်ကျခြင်း မဖြစ်သနည်း

သစ်ပင်ပေါ်တွင် နားလေ့ရှိသော ငှက်များသည် သစ်ပင်ပေါ်တွင်ပင် နားအိပ်ကြသည်။ သို့သော်လည်း အိပ်ငိုက်ခြင်းကြောင့် မြေသို့ ပြုတ်ကျခြင်း မဖြစ်ပေချေ။ အဘယ်ကြောင့်နည်း....။

သစ်ပင်ပေါ်တွင် နားအိပ်သော ငှက်များ၏ ခြေချောင်းပုံများသည် သစ်ကိုင်းများကို ဖမ်းထားရန် အသင့်ဖြစ်အောင် တည်ဆောက်ထားသည်။ ငှက်များ သစ်ကိုင်းပေါ် နားပုံကို သေချာစွာ လေ့လာပါလေ။ ထိုငှက်များ သစ်ကိုင်းပေါ် ကျရောက်သာအခါ လည်ပင်းရိုး ကွေးပြီး အသာလေး ဝပ်နေသည်။ ထိုအချိန်တွင် ကိုယ်ခန္ဓာ၏ အလေးချိန်ဖိအားသည် ခြေရိုးလေးပေါ် ကျရောက်နေသည်၊ ခြေမှိုးနောက်ရှိ အကြောကိုလည်း တင်းနေစေသည်။ ၎င်းပြင် ခြေချောင်းရိုးငယ်များရှိ ကွေ့ကောက်နေသော အကြောများကိုလည်း တင်းနေစေသည်။ ထိုအခါ ခြေချောင်းများသည် ကွေးကောက်ပြီး သစ်ကိုင်းကို ခိုင်မြဲစွာ ဆုပ်ထားလေတော့သည်။ ထို့ကြောင့် ငှက်များ သစ်ကိုင်းပေါ်တွင် နားပြီး အိပ်နေသော်လည်း ကိုယ်အလေးချိန်ကြောင့် သစ်ကိုင်းကို တင်းတင်း ဖမ်းဆုပ်ထားနိုင်သည်။ မတ်ရပ်ထသောအခါ ခြေချောင်းအဖျားများ ဆန့်ထွက်လေတော့သည်။

အခြား အကြောင်းတစ်ချက်မှာ ငှက်များ၏ ဦးနှောက်သည် အခြား တွားသွားတိရစ္ဆာန်များထက် ဖွံ့ဖြိုးထွန်းကားသည်။ ယင်း၏ ဦးနှောက်ကြီး ထက်ဝက်တွင် အရစ်များမရှိသော်လည်း နှိုင်းယှဉ်လျှင် လွန်စွာ ပိုကြီးသည်။ ဦးနှောက်ငယ်ကား အဖွံ့ဖြိုးဆုံး ဖြစ်သည်။ လှုပ်ရှားခြင်းနှင့် ရုပ်ပုံရိပ်ကို သွက်လက်စွာ အပြောင်းအလဲ ပြုလုပ်ပေးနိုင်သည်။ ဤသို့ဖြင့် ကိုယ်ကို ကောင်းစွာ ညီမျှခြင်း၊ ထိန်းခြင်း ပြုလုပ်နိုင်ခြင်းကြောင့် ငှက်များ သစ်ကိုင်းပေါ်တွင် နားအိပ်သောအခါ ပြုတ်ကျခြင်း မဖြစ်ပေချေ။

၃၆။ ။ပျံလွှားငှက်များ သမုဒ္ဒရာကို ကျော်ဖြတ်ပျံသန်းစဉ် မည်သည့်နေရာတွင် အနားယူသနည်း။ မည်သည့်အစာကို စားသနည်း

အာရှတိုက်မှ ပျံလွှားများသည် မတ်လဆန်းတွင် အာရှတောင်ပိုင်းမှ မြောက်ပိုင်းသို့ ပျံသန်းလေ့ရှိသည်။ ဆောင်းဦးစတွင် တောင်ပိုင်းသို့ ပြန်လာသည်။ ဤကဲ့သို့ ခရီးရှည် သွားလာပျံသန်းပုံကို သမိုင်းအကိုးအကားဖြင့် ပြနိုင်သည်။

အာရှပျံလွှားများသည် များသောအားဖြင့် ဖိလိပိုင်၊ မလေးရှားကျွန်းဆွယ်၊ အိန္ဒိယ၊ နယူးဂီနီနှင့် သြစတြေးလျား မြောက်ပိုင်းတို့တွင် ဆောင်းကူးလေ့ရှိသည်။ အချို့ပျံလွှားများသည်။ ဇော်မိုဘို့တွင် ဆာမြောက်ပိုင်းတွင် ဆောင်းကူးကြသည်။ ပျံလွှားငှက်များ ပြောင်းရွှေ့ပျံသန်းစဉ် သောင်းနှင့်ချီပြီး အုပ်စုဖွဲ့ ပျံသန်း ပြောင်းရွှေ့လေ့ရှိသည်။ ၉°C အပူအချိန် လမ်းကြောင်းကို လိုက်ပြီး မြစ်ချောင်းအဆင်းအတိုင်းမှ ကျူပင်များအတိုင်း ပျံသန်းပြောင်းရွှေ့သည်။ ပျံလွှားငှက်များ၏ ပျံသန်းနှုန်း အလွန် လျင်မြန်ခြင်းကြောင့် ပျံသန်းပြောင်းရွှေ့ခြင်းကို နေ့ပိုင်းပြုလုပ်ကြသည်။ မြေကြီးပေါ်တွင် အစာတဖက်ရှာရင်း ရန်သူကို ရှောင်ရင်းဖြင့် ပြောင်းရွှေ့ပျံသန်းကြသည်။ ပျံလွှားများ အနားယူချိန်တွင် လမ်းကြီးတလျှောက်ရှိ ဓာတ်ကြိုးပေါ်တွင် ပြည့်ကြပ်စွာ နားနေကြသည်။ ပျံလွှားများပျံသန်းစဉ် တနေ့လျှင် မိုင် ၁၄၀ မျှ ခရီးရောက်သည်။ အကယ်၍

www.burmeseclassic.com

www.burmeseclassic.com

မျဉ်းဖြောင့်အတိုင်း ပျံသန်းလျှင် အများဆုံးတနေ့ ၂၉၀ မိုင် ပျံသန်းနိုင်သည်။

ပျံလွှားငှက်များ သမုဒ္ဒရာဖြတ်ကူးစဉ် ပင်လယ်ကျွန်းများ တခုနှင့်တခု ဆက်စပ်သောနေရာလမ်းကြောင်းအတိုင်း ပျံသန်းသည်။ ဤနည်းဖြင့် တကျွန်းမှ တကျွန်းသို့ လွယ်ကူစွာ ပျံသန်းနိုင်သည်။ အားကုန်လည်း သက်သာသည်။ ပင်လယ်သမုဒ္ဒရာကြီးများကို ကျော်ဖြတ်ပျံသန်းစဉ် ရှိသမျှအား အကုန်ထုတ်သုံးရသည်။ အံ့ဩဖွယ် အလျင်မြန်ဆုံးသော နှုန်းဖြင့် ပျံသန်းရသည်။ ထိုလမ်းခရီးသည် ပျံလွှားများအတွက် အန္တရာယ်အကြီးမားဆုံးဖြစ်သည်။

အာရှ ပျံလွှားများအဖို့ တောင်ပစိဖိတ် သမုဒ္ဒရာ ဖြတ်ကူးရခြင်းသည် အခက်ခဲဆုံးသော ခရီးဖြစ်သည်။ သိပ္ပံပညာရှင်များ၏ စာရင်းဇယားအရ နှစ်တနှစ်တွင် ပျောက်ဆုံးသွားသော ပျံလွှားငှက်၏ ၈၀ ရာခိုင်နှုန်းသည် ထိုလမ်းကြောင်း၏ 'ခရီးရှည်' ပေါ်တွင် အသက်ဆုံးရှုံးခဲ့ရသည်။

ပျံလွှားငှက်များ ထိုသို့ ပြောင်းရွှေ့ ပျံသန်းမည့် ကာလတွင် ယင်းတို့၏ ကိုယ်ခန္ဓာထဲတွင် အဆီများစွာ ဖြစ်ပေါ်သည်။ ခရီးစဉ်တလျှောက် အစာမစားပဲ ကိုယ်ခန္ဓာထဲတွင် သိုလှောင်ထားသော အဆီဖြင့် အသက်ရှင်နေနိုင်သည်။ လေယာဉ်ပျံများ မပျံသန်းမီ ဆီထိုးသကဲ့သို့သဘောရှာ ခရီးဖြတ်သန်းရန်အတွက် စွမ်းအင်စုဆောင်းရသည်။ လှောင်အိမ်တွင်ချုပ်နှောင်ထားသောငှက်ကိုဘရက်မျှအစာမပေးပြီး မကျွေးခဲ့လျှင် နားအေးအေး ဆည်နေလိမ့်မည်။ သို့သော်လည်း ပင်လယ်သမုဒ္ဒရာကြီးကို ဖြတ်သန်းရန် အဆီပြည့်နေသော ပျံလွှားငှက်များသည် လေးငါးရက် အစာမစားသော်လည်း အစာငတ်မသေကြချေ။

၃၇။ ။စင်ရော်များ အဘယ်ကြောင့် ပင်လယ်ကူး သင်္ဘောနောက် လိုက်ပြီး ပျံသန်းရသနည်း

သင်္ဘော ခုတ်မောင်းသွားသည့် စင်ရော်ငှက်များ သင်္ဘောနောက်ပျံဝဲလိုက်ပါနေသည်ကို မြင်ဖူးကြပေလိမ့်မည်။

စင်ရော်များ ပင်လယ်ကူးသင်္ဘောကို လိုက်ပြီး ပျံဝဲခြင်းမှာ ပင်လယ်ကူးသင်္ဘောပေါ်တွင် ထူးခြားသောအရာ ပါခြင်းကြောင့် စင်ရော်ကို ဆွဲဆောင်နေခြင်းလော၊ ဟုတ်ပါသည်။ ပင်လယ်ကူးသင်္ဘောပေါ်တွင် ထူးခြားသော ဘာတစုံတခုသော အားသည် စင်ရော်၏ ကိုယ်ခန္ဓာကို ပင့်ထားပြီး အတောင်ခတ်ခြင်းများ ပြုလုပ်စရာမလိုပဲ ငြိမ်သက်စွာ ပျံဝဲနေစေသည်။

စင်ရော်ကို ပင့်ထားသော ထိုအားသည် ကျွန်ုပ်တို့ စဉ်းစားသကဲ့သို့မဟုတ်။ ပင်လယ်ကူးသင်္ဘောပေါ်မှ ဖြစ်ပေါ်ခြင်းလည်း မဟုတ်။ ထိုအားသည် ကောင်းကင်လေထုမှ လာခြင်းဖြစ်သည်။

'လေဟူသည်မှာ လေထုလှုပ်ရှားခြင်းမှ ဖြစ်ပေါ်သောအရာ' ဟု ရှိ ပထဝီဝင်စာအုပ်တွင် ဆိုထားသည်။ လေထုထဲတွင် အပူချိန် မတူညီခြင်းကြောင့် လေထုလှုပ်ရှားခြင်း ဖြစ်ပေါ်သည်။ အထူးသဖြင့် ပင်လယ်သမုဒ္ဒရာတွင်လေထုလှုပ်ရှားရာတွင်ခုခံမှုတစုံတရာ (ဥပမာ ပင်လယ်ပြင်လှိုင်း၊ ပင်လယ်ကူးသင်္ဘောနှင့်ကျွန်းအစွယ်) နှင့် ဆုံမိလျှင် အပေါ်သို့တက်ပြီး အင်အားကောင်းသော လေစီးကြောင်း ဖြစ်ပေါ်သည်။ ထိုလေစီးကြောင်းကို အရွေ့လေစီးကြောင်းဟု ခေါ်သည်။ စင်ရော်သည် တောင်ပံကိုကားပြီး ထိုတက်လာသော လေ

www.burmeseclassic.com

www.burmeseclassic.com

စီးကြောင်းကို ကျွမ်းကျင်စွာ အသုံးချ၍ ကိုယ်ခန္ဓာကို ပင့်ထားစေကာ ပင်လယ်ကူးသင်္ဘော၏ကောင်းကင်ပေါ်တွင် ပျံဝဲနေသည်။

သင်္ဘောခရီးသည်၏ အမိကအစာသည် ငါးဖြစ်သည်။ ပင်လယ်ကူးသင်္ဘောများ နုတ်ခမောင်းစဉ် သင်္ဘောသဲ့ပိုင်းတွင် ရေလှိုင်းကြီးများ ထနေသည်။ ပင်လယ်ထဲမှ ငါးများ အပေါ်သို့ ပါလာသည်ကို မြင်တွေ့ရလေ့ရှိသည်။ ထိုအကြောင်းကြောင့် စင်ရော်များ ပင်လယ်ကူးသင်္ဘောကို လိုက်ပြီး ပျံသန်းရခြင်းဖြစ်သည်။

၃၈။ ။ဒေါင်းငှက်များသည် အရောင်အဆင်းလှသော အကျီဝတ်ဆင်ထားသောသူကို မြင်လျှင် အမြီးကားပြလေ့ရှိသည်။ အဘယ်ကြောင့်နည်း

ဒေါင်းငှက်ကို စတင်မြင်သောသူများသည် ဒေါင်းငှက်၏ လှပသော အတောင်အဆင်းများကြောင့် အနားမှမခွာနိုင်ဘဲ ဖြစ်နေသည်။ ဒေါင်းဖိုနှင့်ဒေါင်းမကို သင် သေချာဂရုစိုက် လေ့လာကြည့်လျှင် ဒေါင်းဖိုသည် ဒေါင်းမထက် ပို၍ လှပသည်ကို သင်တွေ့ရမည်။ အင်္ဂလိပ်ဇီဝဗေဒပညာရှင်တဦးက ထိုဖို-မဒေါင်းတောင်ပံတို့၏ အဆင်းအရောင်ကို "ဖို ဖယ်ရှားရောင်"ဟု ခေါ်သည်။

ငှက်မျိုးသည် လျှင်မြန်ဖွံ့ဖြိုးသော အထက်တန်း သတ္တဝါတမျိုးဖြစ်သည်။ အတတ်ပညာတွင် တဖက်ကမ်းခတ်အောင် တတ်မြောက်ကြသည်။ ထိုမ ... ဖို-မ ဖယ်ရှားရောင် ကဲ့သို့သော အတတ်ပညာတွင် ငှက်မျိုး ထင်ရှားလှသည်။ ဒေါင်းငှက်များကဲ့သို့ တလင်လျှင် မယားပေါင်းများစွာ ယူနိုင်သောငှက်မျိုးတွင် အမြဲအနေ၏ ဖန်တီးမှုကြောင့် ထိုအတတ်ပညာများ ပို၍ပေါ်လွင်သည်။

ဒေါင်းငှက်များ ချစ်ရေးဆိုသောအခါ အဖိုနှင့် အမိုငှက်ချင်း ပြိုင်ကြသည်။ အမငှက်ကို ချစ်ရေးဆိုရာတွင် ကြက်ကဲ့သို့ အကြမ်း

နည်းကိုမသုံး။ ဒေါင်းဖိုနှစ်ကောင် အတောင်ကား၍ အလှပြိုင်ခြင်းဖြင့် ဒေါင်းမကို ပြိုင်လုကြသည်။ အဆင့်အတန်းမမှီသော၊ မလှပသော ဒေါင်းဖိုသည် ဒေါင်းမနှင့် ဆက်ဆံခြင်း မပြုရခြင်းကြောင့် မျိုးပြတ်ရလေသည်။ ဘိုးစဉ်မြေးဆက် ဤနည်းဖြင့်သာ ပြုကျင့်လာခြင်းကြောင့် ယနေ့ ဒေါင်းဖိုသည် ဆန်းခါကျ မျိုးကောင်း ဒေါင်းဖို အဖြစ်ဖြင့် လှပသည်ထက် လှပနေသည်။

ဒေါင်းဖို၏ လှပသောတောင်ပံသည် အလှပြိုင်ပွဲ၏ ရလဒ်ဖြစ်ခြင်းကြောင့် ရည်းစားလုပွဲတွင် ထိုလှပသော တောင်ပံကို အစွမ်းကုန် ကားပြလေသည်။ ထိုကြောင့် "မန္တလေးမြို့ဆွယ် တောင်ကာဖမ်းမှ၊ ညွတ်ကွင်းသွမ်းမိ တဖက်ခြေ။" ဟု ကဗျာဆရာများက ဒေါင်းဖိုအချစ်ကြီးပုံကို စပ်ဆိုထားသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်၌ အနှစ် ၆၀ ကျော်က ပျော်ပွဲရှင်ပွဲသို့တာ ရေးသူ သွားရောက်ကြည့်ရှုသည်။ ဒေါင်းငှက်ခြံတွင် ဒေါင်းငှက်များကို ဝိုင်းအုံကြည့်ရှုသည်။ ပရိသတ်ထဲတွင် ပါတိတ်ဖြင့် ဂါဝန်ချုပ်ဝတ်ထားသော ကျောင်းသူတဦးကိုမြင်လျှင် ဒေါင်းဖိုကြီးသည် လှပသော အတောင်ကြီးကို ကားပြလေတော့သည်။ ကျောင်းသူ ဝဲသွား၊ ဒေါင်းဝဲလိုက်။ ကျောင်းသူယာသွား၊ ဒေါင်းယာလိုက်။ ဤသို့ဖြင့် ထိုလှပသောအကျီ ဝတ်ဆင်ထားသည့် ကျောင်းသူနှင့် ဒေါင်းဖိုတို့ အလှပြိုင်နေကြလေသည်။ နောက်ဆုံး ကျောင်းသူ ထွက်ပြေး အရှုံးပေးရလေသည်။

၃၉။ ။သာလိကာနှင့် ကြက်တူရွေးတို့သည် အဘယ်ကြောင့် လူစကားပြောတတ်သနည်း

ရန်ကုန် တိရစ္ဆာန်ဥယျာဉ် ငှက်ခေဟာင်ခြံသို့ သင်ဖြတ်ကျော်သွားလျှင် ဆူညံသော ငှက်ပေါင်းစုံသံ၏ကြားတွင် 'ဘယ်သွားမလဲ' 'လာအုံး' 'ဘယ်နှစ်နာရီထိုးပြီလဲ' 'ထမင်းစားပြီးပလား'

www.burmeseclassic.com

www.burmeseclassic.com

'ဟဲဟဲ ဟဲဟဲ'........စသောအသံကို သင်ကြားမိလိမ့်မည်။ သင့်ကို နှုတ်ခွန်းဆက် ပြောင်လှောင်နေသောသူသည် အခြားမဟုတ်၊ ရှာမှရှားတဲ့ ငှက်လိမ္မာ သာလိကာနှင့် ကြက်တူရွေးဖြစ်သည်။

သာလိကာနှင့် ကြက်တူရွေးသည် အမှန်တကယ် လူကဲ့သို့ အဓိပ္ပာယ်ကို နားလည်ပြီး အဓိပ္ပာယ်ရှိသော စကားကို ပြောနေခြင်းလော။ မဟုတ်ပါ။ ယင်းတို့တွင် ဘာသာစကားမရှိ၊ ကိုယ်တိုင်လည်း စကားမပြောတတ်ပါ။ တခါတရံ လွယ်ကူသော စကားခွန်းများ 'ပြောဆို' ခြင်းမှာ လူသင်ထားသောကြောင့် ဖြစ်သည်။ ယင်းမှာ အတုခိုးခြင်းတမျိုးဖြစ်သည်။ အိမ်တွင် မွေးထားသော အခါသာ ထိုအခြေအနေ ပေါ်ပေါက်နိုင်သည်။ အရိုင်းတောင်များတွင် ထိုအရည်အချင်းများ တွေ့ရခဲသည်။

ဘာသာစကားသည် လူမှုဆက်ဆံရေး လိုအပ်မှုကြောင့် ဖြစ်ပေါ်လာသော အရာဖြစ်သည်။ ထိုအရာကို လူသားတို့ တဦးတည်း ပိုင်သည်။ အသံပေးကြောကို အားကိုးရသည့်ဖြင့် အာခေါင်၊ လျှာ၊ သွား၊ နှင့် နှုတ်ခမ်းတို့ စုပေါင်းဆောင်ရွက်မှုသာ ဦးနှောက်တွင် စဉ်းစားထားသော အရာကို ဘာသာစကားဖြင့် ဖော်ပြနိုင်သည်။

အချို့ငှက်များ စကားပြောတတ်ခြင်းမှာ ယင်းတွင် သေးငယ်ပြီး ပျော့ပျောင်းသည့် အသွားများသော လျှာရှိခြင်းကြောင့်ရင်း၊ လူတို့၏ အဆက်မပြတ် သင်ကြား လေ့ကျင့်ပေးမှုကြောင့်ရင်း၊ စကားလွယ် အနည်းငယ် ပြောတတ်သည်။ လေယူလေသိမ်း သဘောလောက်သာ ဖြစ်သည်။ ရှုပ်ထွေးခက်ခဲသော စကားခွန်းများကို ထိုငှက်များ မပြောတတ်ပေ။ လူတို့၏ နှိုးနှိုးကပ်ကပ် အဓိပ္ပာယ်ရှိရှိ လေ့ကျင့်ပေးမှုကြောင့် ယင်းတို့၏ အမူအယာများသည် လွယ်ကူသော ကန့်သတ်ချက်မဲ့ ပြန်ဟပ်ခြင်းမှ ကန့်သတ်ချက်ရှိ ပြန်ဟပ်ခြင်းသို့ တိုးတက်ပြောင်းလဲသွားသည်။

လူတို့နှစ်ရှည်ကြာစွာ ဘာသာစကားရှိ အသံသွားဖြင့် ထိုငှက်များတို့ ထိတွေ့ခြင်းကြောင့် 'အတုမြင် အဘတ်သင်' ဟူသကဲ့သို့

အတုခိုးတတ်လေတော့သည်။ ထိုအခြင်းအရာကို ကန့်သတ်ချက်မဲ့ ပြန်ဟပ်ခြင်း ဟုခေါ်သည်။ နောက် လူမှတွေ့သောအခါ ယခင်သင်ကြားထားသော အသံသွားများဖြင့် ပြန်ပြောလေတော့သည်။ ထိုအခြင်းအရာကို ကန့်သတ်ချက်ရှိ ပြန်ဟပ်ခြင်းဟု ခေါ်သည်။

တိရစ္ဆာန်လောကတွင် ငှက်မျိုးသာမက မျိုးတူများ၏ အသံ၊ အခြား တိရစ္ဆာန်များ၏ အသံနှင့် တူရိယာ အသံများကို အတုခိုးနိုင်သည်။ လူစကားကို အတုခိုးနိုင်သော ငှက်များသည် အနည်းငယ်သာရှိသည်။ ဥပမာ၊ သာလိကာ၊ ဆက်ရက်၊ ကြက်တူရွေး စသည်တို့ဖြစ်သည်။

အချို့လူများသည် ထိုထိုသော အတုခိုးတတ်သည့် ငှက်များ၏ အတွင်းလျှာအရိုးကို ဓားပြားလေးနှင့် ဖြတ်ပစ်သော် ရှုပ်ထွေးသော စကားခွန်းများကိုပင် အတုခိုးနိုင်ကြောင်း တွေ့ရသည်။

၄၀။ ။ကနောင်မင်းသားကို ခေါင်းကိုက်စေသော ''ဥနှင့်ကြက်''

'ဥနှင့်ကြက် ဘယ်ဟာ အရင်ပေါ်ပေါက်ခဲ့သလဲ' ယောမင်းကြီးသည် ကနောင်မင်းနှင့် အလ္လာပ သလ္လာပ ပြောနေစဉ် ဤမေးခွန်းကို မေးလိုက်သည်။ သိပ္ပံနှင့်စစ်ရေးပညာတွင် အထူးပိုင်ပိုင်စားစွာ လေ့လာသော ကနောင်မင်းသားသည် မျက်လုံးသေပြီး အတန်ကြာ ငြိမ်သက်စွာစဉ်းစားသည်။ ပြီးနောက် နဖူးတွင် ချွေးစေးပေါ်လာသည်။ ပြီးနောက် ခေါင်းသုံးလေးကြိမ် ဖြေးညှင်းစွာ ညိတ်သည်။ သို့သော်လည်း ယောမင်း၏ အမေးကိုမူ မဖြေကြားပဲနေသည်။

ထိုမေးခွန်းကို သိပ္ပံပညာကျော် အိုင်စတိုင်းလည်း မဖြေကြား

www.burmeseclassic.com

နိုင်ခဲ့ချေ။ ယနေ့တိုင် လူအများသည် ထိုမေးခွန်းကို မှုန်မှိုမှုန်ဝါး ဖြစ်နေကြသေးသည်။

ဥကို ကြက်အုသည်။ ကြက်သည် ဥ၏ထွက်ကုန်။ ကြက်မရှိပဲ ကြက်ဥကို ဘယ်က ရမည်နည်း။ ဥမရှိပဲ ကြက်ကို ဘယ်က ပေါက်ဖွား လာမည်နည်း။ လွယ်မယောင်ယောင်နှင့် ခက်တိမ်မယောင်ယောင်နှင့် နက်နေသော မေးခွန်း။ သာမန်အားဖြင့် ထိုမေးခွန်းကို ရှင်းလင်းဖြေကြားရန် ခက်ခဲသည်။ သို့သော်လည်း သဘာဝ၏ အခြင်းအရာများတွင် ဖြစ်ပေါ်သော ပင်ကိုယ်အဖြေ ရှိစမြဲဖြစ်သည်။

ဒါဖြင့် 'ဥနှင့်ကြက်' ပြဿနာကို မည်ကဲ့သို့ ဖြေရှင်းမည်နည်း။ ဤနေရာတွင် ကျွန်ုပ်တို့ အတိအကျ ယူဆရမည်မှာ ဤပြဿနာသည် ဇီဝရွှန်းအပြောင်းအလဲ၏ သမိုင်းဝင်ပြဿနာ ဖြစ်သည်။

အိမ်ကြက်သည် ရှေးယခင်တောကြက်မှ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ရှေးတောကြက်များကို လူများဖမ်းပြီး မွေးမြူထားခြင်းဖြင့် ဖြစ်ပေါ် ပြောင်းလဲလာသည်။ ဤအယူအဆကို သတ္တပညာရှင်များ သံသယမရှိကြချေ။ ယနေ့တိုင် တောကြက်များ၊ အိန္ဒိယ၊ မြန်မာနှင့် မလေးရှား တောင်တန်းဒေသများတွင် များစွာ ရှိနေသေးသည်။ သို့သော်လည်း ထိုတောကြက်ဥကို ဖောက်လျှင် တောကြက်ပဲ ပေါက်မည်။ အကြောင်းမှာ ထိုတောကြက်များသည် လူတို့၏ မွေးမြူစောင့်ရှောက်ခြင်း မခံရသောကြောင့် ဖြစ်သည်။

အိမ်ကြက်များနှင့် တောကြက်တို့ ခြားနားချက်မှာ အိမ်ကြက်တွင် အသားများ အဆီများသည့်ပြင် ဥပိုအုနိုင်သည်။ (တောကြက်မှာ တနှစ်လျှင် ၁၀ လုံးသာအုနိုင်သည်။) နိုင်ငံခြားကြက် အများဆုံး ၃၆၀ လုံးအုနိုင်သည်။ ဤကဲ့သို့ မျိုးကောင်းလာခြင်းမှာ လူတို့၏ မွေးမြူရေး အခြေအနေက ဖန်တီးပေးသည်။ ထို့ကြောင့် ယနေ့ အိမ်ကြက်များသည် တောကြက်မှ တခါတည်း ပြောင်းလဲဖြစ်ပေါ်လာခြင်းမဟုတ်ပဲ နှစ်ရှည်အဆက်မပြတ် တဖြေးဖြေး ပြောင်းလဲလာသော ရလဒ်ဖြစ်သည်။

အိမ်ကြက်သည် တောကြက်မှ ပြောင်းလဲ ဖြစ်ပေါ်လာခြင်း ကြောင့် ကျွန်ုပ်တို့သည် ထို 'ပြောင်းလဲ' ဟူသည့်ပြဿနာကို ဦးစွာ စဉ်းစားရမည်။ အကြောင်းမှာ ထို 'ပြောင်းလဲ' မှုသည် အိမ်ကြက်ဖြစ်ပေါ်လာခြင်း၏ အခြေခံပြဿနာဖြစ်သည်။ ဤသို့ဆိုလျှင် ပြောင်းလဲခြင်းကို ဥမှစမည်လော။ ကြက်မှစမည်လော။ ရုက္ခဗေဒဆရာကြီး မက်ချူးလင်း၏ ထင်မြင်ချက်မှာ "သက်ရှိများ၏ ပြောင်းလဲခြင်းကို သက်ရှိများ၏ ကြီးထွားသော အဆင့်ကို အဓိကထား စဉ်းစားရမည်။" ထို့ကြောင့် ကြက်၏သမိုင်းအပြောင်းအလဲသည် ကြက်၏ ကြီးထွားသောအဆင့်ကို အခြေခံထား စဉ်းစားရမည်ဖြစ်ပြီး ဥအဆင့်ကို အခြေခံထားပြီး မစဉ်းစားအပ်။

ထို့ကြောင့် အိမ်ကြက် ပြောင်းလဲဖြစ်ပေါ်လာခြင်းကို ပထမဦးဆုံး လူတို့မွေးမြူသော ကြက်မှ စ ရမည်။ ပထမဦးဆုံး တောကြက်မှ မစအပ်။ ဆိုလိုသည်မှာ ပထမဦးဆုံးတောကြက်မှ ဖောက်ရသောကြက်ကို လူတို့မွေးမြူ၍ ပြုပြင်ခြင်းဖြင့် အိမ်ကြက် ဖြစ်ပေါ်လာခြင်း မှစရမည်။ ပထမဦးဆုံး တောကြက်ဥမှ အဆင့်ဆင့်ပြောင်းလဲခြင်း ဖြစ်ပြီး အိမ်ကြက်ပေါက်ဖွားလာသည် ဆိုခြင်းမှ မစအပ်ချေ။ ထို့ကြောင့် အိမ်ကြက်အဖြစ် ပထမဦးပေါ်ပေါက်ပြီးမှ အိမ်ကြက် ဥ ဖြစ်ပေါ်လာသည်။ သို့သော်လည်း ပထမဦးဆုံး တောကြက်မှ ပြောင်းလဲလာသော အိမ်ကြက်သည် အပြောင်းအလဲ အနည်းငယ်သာ ရှိမည်မှာ မြေကြီးလက်ခတ် မလွဲချေ။

ဤသို့ဖြစ်လျှင် တောကြက်ကော ဘယ်ကဖြစ်ပေါ်လာသနည်း။ ငှက်မျိုးသည် နှစ်ပေါင်းကုဋေမျှ ရှေးကျသော 'ဘိုးဘေး ဘီဘင် ငှက်ဥ' မှ ပေါက်ဖွားလာသော ငှက်ငယ်များ၊ နှစ်ရှည် ပြောင်းလဲခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ 'ဘိုးဘေးဘီဘင်ငှက်'သည် ရှေးကျသော တွားသွားပိုးကောင်ဥမှ ပေါက်ဖွားလာသော သက်ရှိငယ်မှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ရှေးကျသော တွားသွားပိုးကောင်များသည် ပို၍ ရှေးကျသော

www.burmeseclassic.com

www.burmeseclassic.com

ငါးမှ နှစ်ရှည် ပြောင်းလဲခြင်းမှ ဖြစ်ပေါ်လာသည်။ သို့သော်လည်း သင် ဂရုပြုရမည့်အချက်မှာ 'ဥ'သည် သတ္တဝါအသက်၏ နိဒါန်းဖြစ်သော်လည်း သတ္တဝါ 'မျိုးသစ်'၏ နိဒါန်းမဟုတ်ချေ။ ကမ္ဘာပေါ်၌ အရာမှန်သမျှသည် ပတ်ဝန်းကျင် ပြောင်းလဲခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ဖြစ်ပေါ်ပြီးမှ ပတ်ဝန်းကျင်ထဲသို့ ရောက်သွားခြင်း မဟုတ်ပေ။

သက်ရှိလောက ဖြစ်ပေါ်ခြင်းကို စဉ်းစားသော် ရှေးကျသော 'အမဲဆဲလ်' ဦးစွာရှိရမည်။ ထိုမှ 'သားဆဲလ်' နှင့် 'မျိုးဆဲလ်' တို့ ဖြစ်ပေါ်လာမည်။ သဘာဝလောကတွင် 'မိခင်' ရှိပြီးမှ 'သား' ဖြစ်ပေါ်လာနိုင်သည်။ သားအရင်ဖြစ်ပေါ်ပြီးမှ မိခင်ဖြစ်ပေါ်ခြင်း မဖြစ်နိုင်ချေ။ ထို့ကြောင့် ကနောင်မင်းသားကို ခေါင်းကိုက်စေသော 'ဥနှင့်ကြက်' မေးခွန်းကို ဖြေရသော် မိခင်ဖြစ်သည့် ကြက်သည် သားဖြစ်သည့် ဥထက် အရင်ပေါ်ပေါက်ခဲ့သည်။ သို့မှသာ သဘာဝဆိုင်ရာ ဥပဒေများနှင့် ညီညွတ်မည်။

၄၁။ ကြက်မများ အဘယ်ကြောင့် အချိန်မှန် ဝပ်ကြသလဲ

ကြက်များသည် ဝက်များကဲ့သို့ပင် ပျင်းရိခြင်းမရှိပဲ နေ့စဉ် ကြိုးကြိုးစားစား အစာရှာ စားလေ့ရှိသည်။ ကြက်များ အလုပ် ကြိုးပမ်းသော်လည်း တခါတရံ ကြက်မများသည် 'ပျင်းရိ'တတ်သည်။ စားပြီးအိပ်၊ အိပ်ပြီးစား ပြုလုပ် နေသည်။ အကယ်၍ သင်သည် သူအိပ်နေသော နေရာသို့ ရောက်သွားလျှင် ဟဂုဂုနှင့် အော်သည်။ သင့်ကို ထကိုက်တော့မည့် အမူအယာပြုလိမ့်မည်။ ထိုအခြင်းအရာကို ကြက်မဝပ်ခြင်း ဟုခေါ်သည်။

ကြက်မများ အဘယ်ကြောင့် ဝပ်ရသနည်း....။

သိပ္ပံပညာရှင်များ၏ စူးစမ်းလေ့လာချက်အရ ကြက်မသည် ဥ ၁၀ လုံးကျော် ဥပြီးသောအခါ 'ဦးနှောက်အောက်ရှိ ဂလင်း'ကို ထုတ်လွှတ်သည်။ ထိုဂလင်းသည် ကြက်၏ ကိုယ်အင်္ဂါများကို များစွာပြောင်းလဲစေသည်။ စိတ်ကို ငြိမ်သက်စေသည်။ 'သတိ' ကြီးလာစေသည်။ ကိုယ်ခန္ဓာအတွင်း သွေးစီးနှုန်းသည် မြန်လာသည်။ ကိုယ်အပူချိန် မြင့်တက်လာသည်။ ရင်အုပ်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းတွင် အမွေးလျော့နည်းလာသည်။ ထိုအခါ ကြက်အိမ်တွင် ကြက်ဥထည့်ထားလျှင် ထိုကြက်မသည် မိမိ၏ သားသမီးကို ပြုစုသကဲ့သို့ ပြုစုလိမ့်မည်။ ထူးဆန်းအံ့သြဖွယ် ကောင်းသည်မှာ ထိုဂလင်းမျိုးကို ကြက်ဖ၏ကိုယ်တွင်းသို့ ထိုးပေးသောအခါ ကြက်ဖသည်လည်း ကြက်မကဲ့သို့ ဝပ်တော့သည်။ ထိုဂလင်းများ ဖြစ်ပေါ်လာရခြင်းသည် ဥအနည်းအများ ဥခြင်းနှင့် သက်ဆိုင် ဆက်စပ်နေသည်။ ရာသီဥတုနှင့်လည်း သက်ဆိုင်သည်။ များသောအားဖြင့် နွေကူးနှင့်မိုးရာသီတွင် ဝပ်ကြသည်။

ကြက်မတွင် ဖြစ်ပေါ်လာရသော ဝပ်ခြင်း စွမ်းအင်မှာလည်း နှစ်ရှည် အဆင့်ဆင့် ပြောင်းလဲခြင်းမှ ဖြစ်ပေါ်လာသော အဘော် ပညာ စွမ်းအင်ဖြစ်သည်။

အာရှတိုက်သားတို့သည် ရှေးအခါမှစ၍ ကြက်မဝပ်ခြင်းကို အသုံးပြုပြီး ကြက်မျိုးပွားအောင် ပြုလုပ်ကြသည်။ ကြက်မများ ဝပ်စဉ် အစာဟာရများစွာ ကုန်ခမ်းခြင်းကြောင့် ကျန်းမာရေးနှင့် ဥအုခြင်းကို ထိခိုက်စေသည်။ ရှေးနှစ်ပေါင်း ၁၀၀၀ ကျော် လောက်ကပင် လူသားတို့သည် ကြက်မဝပ်ပုံကို အတုခိုးပြီး ရွှံ့မီးဖိုဖြင့် ကြက်ဥဖောက်သည်။ ယခုမူ ဓာတ်ဖြင့် ဖောက်ကြလေပြီ။ ထို့ကြောင့် ကြက်ဥကို စက်ဖြင့် ဖောက်နိုင်ပြီဖြစ်၍ ကြက်မများ ဝပ်ခြင်းကြောင့် အင်အားလျော့ခြင်း၊ ဥအုလျော့ခြင်းများကို ကာကွယ်ရန် ဝပ်ချိန်တွင် နိုးကြအောင် ပြုလုပ်ကြသည်။ ပြုလုပ်နည်းမှာ ဝပ်ချင်သော ကြက်မကို ဝါးလှောင်အိမ်တွင်ထည့်ပြီး လေတိုက်သော အေးသည့်နေရာတွင်ထားပါ။ ဤသို့ နှစ်ရက်သုံးရက် မျှထားလျှင်

www.burmeseclassic.com

www.burmeseclassic.com

ဝပ်ချင်စိတ် ကုန်သွားပေလိမ့်မည်။ ထိုကြောင့် ဥပြန်လည် အုနိုင်လိမ့်မည်။

ငှက်မျိုးသည်လည်း ကြက်မကဲ့သို့ ဥအကန့်အသတ် အုပြီးသောအခါ ဝပ်ကြသည်။ ခိုငှက်သည် ဥနှစ်လုံးအုပြီးတိုင်း ဝပ်လေ့ရှိသည်။ ဥဖောက်ချိန်တွင် ခိုဖိုနှင့် ခိုမတလှည့်စီဝပ်ခြင်း တာဝန် ယူကြသည်။ နံနက်မှ ညနေထိ ခိုဖို၏တာဝန်၊ ညနေမှ နောက်နေ့ မိုးလင်းထိ ခိုမ၏တာဝန်။ ဤသို့ဖြင့် ညီညွတ်စွာ မျိုးပွား လုပ်ငန်းလုပ်ကြသည်။

၄၂။ ။ကြက်မများ အုပြီးသောအခါ အဘယ်ကြောင့် တ‘ဂိုဂို-ဂိုဂို’အော်ရသနည်း

ကြက်မများ အုပြီးသောအခါ တဂိုဂို အသံထွက် အော်ရသည်။ သို့သော်လည်း အချို့ဥအုနှုန်းများသော ကြက်မများမှ မအော်ကြချေ။

ကြက်မများ ဥအုပြီး တ‘ဂိုဂို’အော်ခြင်းမှာ မိခင်ဖြစ်ခြင်းကို ဂုဏ်ယူဝါကြွားနေခြင်းဖြစ်သည်။ ကြက်ဖကို အချက်ပေးခြင်းလည်း ဖြစ်သည်။

ကြက်မတကောင် ဥတလုံးအုရန် လွယ်သော အလုပ် မဟုတ်ချေ။ အထူးသဖြင့် အမိစိတ် မြင့်မားသော ကြက်မများသည် ကြာရှည်စွာ ဝပ်ပြီးမှ ဥထွက်လာသည်။ ယေဘုယျအားဖြင့် အတိုဆုံးအချိန်မှာ ၁၀ မိနစ်မှ ၂၀ မိနစ်ဖြစ်ပြီး အချိန်ကြာရှည်သော ကြက်မှာ ၄ နာရီမှ ၅ နာရီထိကြာသည်။

ကြက်အိမ်ထဲသို့ ဝင်ဝပ်ခြင်း ကြက်မကို သင်သွားဖမ်းလျှင် ချက်ခြင်း ထပြေးလိမ့်မည်မှာ မြေကြီးလက်ခတ်မလွဲ။ သို့သော်လည်း အတန်ကြာ ဝပ်နေပြီးသောအခါ သင်သွားဖမ်းလျှင် သင့်လက်ကို နှုတ်သီးဖြင့် ပေါက်သော်လည်း ထမပြေးတော့ချေ။

ထိုအချိန်တွင် ကြက်ဥသည် စအိုဝသို့ ရောက်နေပြီး အနေအထား လှည့်ခြင်းပြုလုပ်နေသော အချိန်ဖြစ်သည်။ ထိုအချိန်သည် ကြက်မ အာရုံစူးစိုက်ပြီး ဥအုနေသော အချိန်လည်းဖြစ်သည်။ ကြက်မဥ တလုံးအုရန်အတွက် အင်အားများစွာ ကုန်ဆုံးရသည်။

ထိုကြောင့် ကြက်မများ အုပြီးသောအခါ အတန်ကြာ အနားယူပြီးမှ ထလာသည်။ ထိုအချိန်တွင် ကြက်မ၏ စိတ်ဓာတ်ရွှင်လန်းနေခြင်းကြောင့် တဂိုဂိုနှင့် အော်နေသည်။ ယင်း အော်သံသည် မိခင်၏ ကြွားဝါခြင်းဖြစ်သည့်ပြင် ခင်ပွန်းကို အချက်ပေးအကြောင်းကြားခြင်းလည်း ဖြစ်သည်။

သင် ကြက်ခြံသို့ သွားရောက်လေ့လာလျှင် ကြက်အုနေသော အချိန်တွင် ကြက်ဖသည် အပေါက်ဝ၌ စောင့်နေသည်ကိုအမြဲတွေ့ရမည်။ ကြက်မအုပြီး တဂိုဂိုနှင့် အော်ဆင်းလာသော အခါ ကြက်ဖသည် မျိုးစပ်ရန် သွားရောက်ခေါ်ဆောင်လိမ့်မည်။ စူးစမ်းလေ့လာချက်အရ ထိုအချိန်တွင် မျိုးစပ်လျှင် နောက်တရက်ခြားအုသော ဥသည် ကြက်ငယ်ဖောက်ရန် အောင်မြင်သော ဥဖြစ်လိမ့်မည်။

၄၃။ ။‘မျက်နှာ’ နီသော ကြက်မသည် ဥအုလိမ့်မည်ဟု ဆိုရိုးစကား ရှိသည်။ အဘယ် သို့သော အဓိပ္ပါယ်နည်း

တခါတုန်းက ပုသိမ်မှ ရေကြည်ရွာရှိ ဖွားဖွားထံ အလည်သွားခဲ့သည်။ ‘သည်ကြက်မဥအုလိမ့်မည်။ ဟိုကြက်မတော့ အုမှာ မဟုတ်ဖူး’ ဟုဖွားဖွားဘို့ ခြံဘေးတွင် နေသော လယ်သမားဦး[illegible] ဦးချစ်က ဖွားဖွားတို့အိမ်[illegible] ကြက်မနှစ်ကောင်ကို ဤသို့ပြော[illegible]ကိန်း ထုတ်သွားသည်။ ဦးချစ်ကား လယ်ယာလုပ်သက် အနှစ် ၃၀ ရှိပြီ ဖြစ်သော လယ်ယာဦးကြီးဖြစ်သည်။ ထိုအနှစ် ၃၀ အတွင်း လယ်

www.burmeseclassic.com

www.burmeseclassic.com

စိုက်ယင်း ဝင်ငွေပိုရရန် ကြက်မွေးမြူရေးလည်း လုပ်သည်။ ထို့ကြောင့် စာတလုံးမျှ မတတ်သော်လည်း အတွေ့အကြုံကပညာ ဖြစ်နေလေပြီ။ ဦးချစ်၏ ဟောနည်းမှာ ကြက်မ၏ 'မျက်နှာ' နီခြင်း ရှိ မရှိကို ကြည့်ပြီး ဟောပြောခြင်းဖြစ်သည်။ မှန်လည်းအတော်အကျ မှန်ကန်ပါသည်။

'မျက်နှာ'နီသော ကြက်မကို ဥအုနိုင်သည်ဟု အဘယ်ကြောင့် ဆိုနိုင်သနည်း။ အဖြေမှာကား ဤသို့တည်း...။ ကြက်မ၏ 'မျက်နှာ'ပိုင်းသည် အခြားအပိုင်း၏ အရေခွံနှင့်မတူချေ။ 'မျက်နှာ' အပိုင်း၏အောက်တွင် သွေးကြောများဖြင့် ပြည့်နှက်နေသည်။ ဥမအုသော အချိန်တွင် 'မျက်နှာ'ပိုင်း၏ သွေးများ လှည့်လည်ခြင်း မပြင်းထန်ခြင်းကြောင့် အနည်းငယ် ခြောက်သွေ့နေသည်။ ကြက်အုသောအခါ 'မျက်နှာ'ပိုင်း အရေခွံနှင့် ကြက်အမောက်သည် အတွင်းပိုင်း ဆွမာတ်ကြောင့် သွေးလှည့်လည်နှုန်း မြန်လာပြီး အမောက်လည်း ကြီးလာသည်။ 'မျက်နှာ'ပိုင်းသည်လည်း တင်းလာပြီး နီနေသည်။ မျိုးဆက်များစွာကို လေ့လာချက်အရ ကြက်မ၏ 'မျက်နှာ'နီခြင်းသည် ဝမ်းပိုက်တွင် ဥစတင်ဖြစ်နေသော အချိန်ဖြစ်သည်ကို တွေ့ရသည်။ ထို့ကြောင့် ကြက်မ'မျက်နှာ' နီခြင်းသည် မျိုးပွားခြင်းအဖွဲ့တို့ အပြောင်းအလဲ ဖြစ်နေကြောင်း ဖော်ပြသည်။ ဖြူနေသော 'မျက်နှာ'နီရဲလာသော အခါ ဥအုတော့မည်ဟု သိရသည်။

သို့သော်လည်း အချို့ကြက်မများ၏ မျက်နှာမှာ မနီတတ်ပဲ ဥအုမြဲ အုနေသည်ကို တွေ့ရတတ်သည်။ ဤအခြင်းအရာ များကို ဥများစွာအုပြီးသော ကြက်မများတွင် တွေ့ရတတ်သည်။ ထိုကြက်မသည် အသက်ကြီးရင့်၍ ဆားအင်လျော့ပါးနေပြီဖြစ်သည်။

၄၄။ ။ဆောင်းရာသီတွင် ကြက်မများကို လျှပ်စစ်မီးရောင်ထိုးပေးလျှင် ဥပိုအုသည်။ အဘယ်ကြောင့်နည်း

လွန်ခဲ့သောနှစ် ဆောင်းရာသီတွင် စာရေးသူသည် ပုသိမ်သို့ပြန်ရာ ကိုကျော်နိုင်၏ ကြက်ခြံကို လေ့လာခွင့် ရခဲ့သည်။ လျှပ်စစ်မီးသီးများကို ကြက်အိမ်တိုင်းတွင် လင်းထိန်စွာ ထွန်းထားသည်ကို တွေ့ရသည်။ မေးကြည့်သော်'ဥပိုအုရန်'ဟု ဖြေသည်။'အဘယ်ကြောင့်နည်း'ဟု မေးသော် သူလည်းမဖြေတတ် ဖြစ်နေသည်။ သို့သော်လည်း ဥပိုအုသည်တော့ အမှန်ပဲဟု ဖြေသည်။

ဝိဇ္ဇာဘွဲ့ရ ကိုကျော်နိုင် မဖြေနိုင်သည့် မေးခွန်းကို ဘီအက်စ် သိပ္ပံဘွဲ့ရ စာရေးသူ ဖြေတတ်ရပေမည်။ အကြောင်းမှာ ဤမေးခွန်း မျိုးသည် သိပ္ပံမေးခွန်း ဖြစ်သောကြောင့်ပေတည်း။

ဆောင်းရာသီတွင် ကြက်မများ ဥအုနှုန်း ကျဆင်းသည်။ အချို့လူတို့၏ ယူဆချက်မှာ ရာသီဥတု အေးသောကြောင့်ဟု ဆိုသည်။ ထို့ကြောင့် ကြက်မကို နွေးသောနေရာတွင် ထားပြီး အစာများ ကျွေးကြသည်။ အချို့များ မီးဖိုဘေးတွင် ထားသည်။ သို့သော်လည်း အုနှုန်း ကျမြဲကျနေသည်။

ထိုပဟေဠိကို ၁၈ ရာစုကုန်ခါနီးနှင့် ၁၉ ရာစုအစကျမှ ဖြေရှင်းနိုင်တော့သည်။ အဖြေမှန်ကား ဆောင်းရာသီတွင် နေ့တာတိုပြီး ညတာရှည်ခြင်းကြောင့် ကြက်ကိုနွေးသော အိမ်ခန်းတွင် ထားသော်လည်း လိုအပ်သော အလင်းတန်း ဆွပေးခြင်း မရှိသောကြောင့် ကြက်သည် ဥများစွာ မအုနိုင်ချေ။ ထို့ကြောင့် ဉာဏ်ထက်မြက်သော လူသားတို့သည် နေ့တာရှည်ပေးရန် လျှပ်စစ် အလင်းရောင်ထိုးပေးခြင်းဖြင့် ဥပိုအုစေသည်။

www.burmeseclassic.com

အဘယ်ကြောင့် လျှပ်စစ်မီးရောင် ထိုးပြီးသော ကြက်မသည် ဥပိုအုနိုင်သနည်း။ လေ့လာချက်မှ ရရှိသောအဆိုမှာ အလင်းတန်းသည် ကြက်မမျက်စေ့ကိုဖြတ်ပြီး ဦးနှောက်အောက်ရှိ ဂလင်းရှက်ကို ဆွပေးသည်။ ဂလင်းရှက်မှ စိတ်ထ ဓာတ်တမျိုး ပွားထွက်လာသည်။ ထိုဓာတ်သည် ဥအိမ်ကို ဆွပေးခြင်းကြောင့် ဥများ ပိုအုစေသည်။

အထက်ပါ ယူဆချက်အရ ယနေ့ 'လျှပ်တပြက်မီးရောင်နည်း' ကို အသုံးပြုကြသည်။ ၁၅၀၀ တိုင်အားရှိ မီးလုံးကို ၃၀ စတုရန်းမီတာရှိမြေမျက်နှာပြင်တွင် ထွန်းထားသည်။ နံနက် ၄ နာရီ တကြိမ် ၂၀ စက္ကန့်ခန့်၊ ၅ နာရီတကြိမ်၊ ၂၀ စက္ကန့်ခန့် ထိုးပေးသည်။ ရလဒ်ကား ကြာရှည်ထိုးပေးခြင်းနှင့် တူညီသည်။

လျှပ်စစ်မီး ထိုးပြီးသော ကြက်သည် မီးထိုးပြီးနှစ်ပတ်မှတလအကြာတွင် ဥအုနှုန်း တဟုန်ထိုး တိုးတက်လာသည်။ နောက်ပိုင်းတွင် မှန်မှန်တက်သည်။ တလခွဲမှ နှစ်လထိ နှုန်းအမြင့်ဆုံး ရောက်သည်။ မီးမထိုးသောကြက်ထက် နှစ်ဆမျှ ပိုအုသည်။ နောက်ပိုင်းတွင် နှုန်းပြန်ကျလာသည်။ ယေဘုယျအားဖြင့် မီးထိုးပေးခြင်းကြောင့် ပျမ်းမျှခြင်း ၁၀% တိုးအုသည်။

၄၅။ ကြက်မပျိုကို မွေးခြင်းသည် ကြက်မအိုကို မွေးခြင်းထက် ပို၍ တွက်ခြေကိုက်သည်။ အဘယ်ကြောင့်နည်း

ပုသိမ်ခရိုင် ရေကြည်ရွာတွင်နေသော ဖွားဖွားသည် တနှစ်တကြိမ် အလှူအတန်း မှန်မှန်လုပ်လေ့ရှိသည်။ အလှူလုပ်သောအခါ ကြက်ဝယ်လေ့မရှိပဲ မိမိထံရှိ ကြက်မအိုများကိုသာ ဟင်းချက်လေ့ရှိသည်။ ကြက်မပျိုများကိုမူ လက်ဖျားနှင့်ပင် မတို့ချေ။ အဘယ်ကြောင့်ပါနည်း။

အကြောင်းကား ကြက်မပျိုကို မွေးခြင်းသည် ကြက်မအိုကိုမွေးခြင်းထက် ပို၍ တွက်ခြေကိုက်သည်။ ကြက်မပျိုဟူသည်မှာ ထိုနှစ်တွင် ကြီးပြင်း၊ ထိုနှစ်တွင် ဥအုသော ကြက်ကိုခေါ်သည်။ ကြက်မအိုဟူသည်မှာ ဥတနှစ်အုပြီး အသက်နှစ်နှစ်ရှိ ကြက်ကိုခေါ်သည်။ ထိုကြက်နှစ်မျိုး အသက်တနှစ်သာ ကွာခြားသော်လည်း ခြားနားခြင်းကား ကြီးမားလှသည်။ ကြက်မွေးမြူရေး ပါရဂူများ၏ လေ့လာချက်အရ ကြက်မတကောင်သည် ပထမနှစ်တွင် ဥ ၁၀၀ အုလျှင် ဒုတိယနှစ်တွင် ဥ ၈၀ မှ ၈၅ လုံးသာ အုတော့သည်။ တတိယနှင့်စတုတ္ထနှစ်တွင် ပို၍ လျော့ကျသည်။ (အထူးသဖြင့်) ပထမနှစ် ဥအရေအတွက်နည်းသော ကြက်မသည် ပို၍ ကွာခြားသည်။ ကြက်မတွင် အဆီ စုဆောင်းသော သဘာဝ စွမ်းရည်ရှိသည်။ သင်သေချာ ဂရုပြုပြီး လေ့လာလျှင်ကြက်မအို၏ ဝမ်းဗိုက်ပိုင်းတွင် အဆီများသည် ကြက်မပျိုထက်များသည်ကို တွေ့ရသည်။ အဆီများသောအခါ ဂလင်းလှုပ်ရှားမှု စွမ်းရည်လည်း လျော့ကျသွားလိမ့်မည်။ ဥအုနှုန်းလည်း ကျဆင်းတော့သည်။

တဖန် ကြက်မအို စားသုံးသော အစာသည် ကြက်မပျိုထက် များသည်။ ကြက်မတကောင်စားသော အစာသည် ကိုယ်အလေးချိန်နှင့် တိုက်ရိုက် အချိုးကျသည်။ ကိုယ်ချိန်လေးလေလေ၊ အစာကုန်လေလေဖြစ်သည်။ သက်တမ်းနှစ်နှစ်ရှိသောကြက်သည် သက်တမ်းတနှစ်ရှိစဉ်ကထက် ကိုယ်အလေးချိန် ၁၅% မှ ၂၀%ခန့်ပို၍ လေးသည်။ ၎င်းပြင် နှစ်နှစ်အထက်ကြက်၏ ကိုယ်အလေးချိန်သည် မတိုးတော့ပေ။ တိုးလျှင်သည်း အကန့်အသတ် ဖြစ်နေလိမ့်မည်။ ကြက်မပျိုမှာမူကား ဥအုချိန်တွင် ကိုယ်အလေးချိန် အနည်းငယ်လျော့ကျပြီး ကြီးထွားမှုကား မရပ်ချေ။ ဥလျော့အုသော အခါမှသာ လျှင်ကိုယ်အလေးချိန် တိုးတက်မည်။

ထို့ကြောင့် ဖွားဖွားသည် ကြက်မပျိုကို ချန်လှပ်ထားပြီး ကြက်မအိုကို ချက်စားခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၄၆။ ။ကြက်မများ ပိုးကောင်များများစားလေ၊ ဥများများအုလေ ဖြစ်သည်။ အဘယ်ကြောင့်နည်း

ကြက်ဥကို လူတိုင်း နှစ်သက်သည်။ ကြက်ဥသည် အာဟာရဓာတ်ဖြင့်ပြည့်ဝသည်။ ကြက်ဥ၏အဝါရောင်အနှစ်တွင် အဖိုးတန်သော အားဆေး ဖြစ်သည့် ဖော့စဖောရစ်ဓာတ်အပြင် အခြားသောဓာတ်များ၊ ဗိတာမင်ဓာတ်များ ပါဝင်သည်။ ကြက်ဥတလုံးတွင်ပါဝင်သော ဗိတာမင်အေနှင့် ဒီဓာတ်သည် နွားနို့ပေါင်ဝက်တွင် ပါဝင်သည်ထက် ပိုမိုများသည်။

ဤမျှအာဟာရဓာတ်ပြည့်စုံသော ကြက်ဥကို များများစားချင်လျှင် ကြက်မကို များများအုနိုင်းရမည်။

ကြက်မွေးမြူရေး ပါရဂူများသည် ကြက်ကို ကွင်းပြင်သို့ လွှတ်ပြီး အစာရှာစားစေသည်။ ပြီးနောက် ဖမ်းပြီး ခွဲစိတ်ကြည့်သောအခါ ယင်း၏အစာအိမ်တွင် မြက်၊ ကောက်ပဲသီးနှံစေ့နှင့် ပိုးကောင်အမျိုးမျိုးကို တွေ့ရသည်။

ကြက်မများ အဘယ်ကြောင့် ပိုးကောင်ကို နှစ်သက်သနည်း။ ဤအကြောင်းအရာသည် ကြက်ဥ အုနှုန်းနှင့် ဆက်စပ်နေသလော။

သိပ္ပံပညာရှင်များ ပိုးကောင်နိတမျိုးကို စစ်ဆေးသောအခါ ယင်းတွင် ပရိုတင်းဓာတ် ၄၀%ပါကြောင်းတွေ့ရသည်။ ကြက်မများ ဥဖြစ်ရန် ပရိုတင်းဓာတ် အစာများစွာလိုသည်။ သာမန်ကြက်မများသည် တနေ့လျှင် ပရိုတင်းဓာတ် ၄ ဂရမ်မျှလိုသည်။ ဥတလုံးဥရန်မှ ၇ ဂရမ်လိုအပ်ချေသည်။ ရင်းပြင် မွေးမြူစာတွင် ပရိုတင်းဓာတ်များ မလုံလောက်ချေ။ ထို့ကြောင့် နွေရာသီတွင် ကြက်မများကို လွှတ်ပြီး ပိုးကောင်ရှာစားစေက အကျိုးရှိသည်။ ဥပိုအုနိုင်သည်။

တဖန် ကြက်မတကောင်သည် ဥတလုံးဖြစ်မြောက်ရန်အတွက် ဗီတာမင်ဓာတ်နှင့် သတ္တုဓာတ်လည်း လိုအပ်သည်။ ဥပမာ ကယ်လဆီယမ် ဖော့စဖောရပ်တို့သည် အကာနှင့်အနှစ်တို့တွင် အဓိကပါဝင်သော ဓာတ်ပစ္စည်း ဖြစ်သည်။ မွေးမြူရေးအစာတွင် (ပိုးကောင်မှအပ) ထိုဓာတ်များ ပါဝင်စေသင့်သည်။ ထို့ကြောင့် ကြက်မများ ပိုးကောင်များများ စားလေလေ၊ ဥများများအုလေလေဟု ပြောဆိုကြခြင်းဖြစ်သည်။

၄၇။ ။ကြက်ငယ်များဥအကာမှ ဖောက်ထွက်လာသည်နှင့် တပြိုင်နက် အစာ စားနိုင်သည်။ အဘယ်ကြောင့်နည်း

အိမ်ကြက်၏ဘိုးဘေးဘီဘင်သည် တောကြက်ရိုင်း ဖြစ်သည်။ နေ့စ်သကြရစ် မပေါ်မီကပင် အိန္ဒိယပြည်မှ စတင်မျိုးပွားလာပြီးနောက် အမျိုးအစားများစွာ ပွားမြူလာသည်။ ဥပမာ အသားစားကြက်၊ ဥစားကြက်၊ တိုက်ကြက် စသည်တို့ ခွဲခြားလာတော့သည်။

ငှက်မျိုးတွင် စောစွာရင့်ကျက်ခြင်းနှင့် နောက်ကျ ရင့်ကျက်ခြင်း’ဟူ၍ နှစ်မျိုးနှစ်စားရှိသည်။

‘နောက်ကျ ရင့်ကျက်ခြင်း’ သည် များသောအားဖြင့် ပျံနိုင်သောငှက်အမျိုးအစားများ ဖြစ်ပြီး ဖောက်စ မွေးစတွင် ခေါင်းပြောင်၊ ကိုယ်ပျော့ပြီး မျက်စေ့ဖွင့်မရပဲ ဖြစ်နေသေးသည်။ အမိငှက်မ၏ကျွေးမွေး ပြုစုခြင်းဖြင့် ကြီးထွားလာပြီး အပျံသင်ခြင်း၊ အစာရှာ သင်ခြင်းများလည်း ငှက်မကြီးပဲ သင်ပေးရသည်။ ဥပမာ ကျီး၊ စာကလေး၊ ပျံလွှား စသည်တို့ဖြစ်သည်။ သို့သော်လည်း ကြက်ငယ်မှကား၊ ဥအကာမှ ဖောက်ထွက်လာသည်နှင့် တပြိုင်နက် မိမိဖာသာ အစာ စားနိုင်လေပြီ။ ထိုအမျိုးအစားကိုကား ‘စော

www.burmeseclassic.com

ရွာရင့်ကျက်ငှက်များ ဖြစ်သည်။ တောရွာရင့်ကျက်သော ငှက်များသည် ယောဘုယျအားဖြင့် ပြေးခြင်း၊ ရေကူးခြင်း၊ ရေငုပ်ခြင်းများကို နှစ်သက်ကြသည်။ ဥအကာမှ ထွက်လာသည်နှင့် တပြိုင်နက် မျက်စေ့အလင်းရောင်မြင်နိုင်ပြီး အတောင်အမွေး စုံလင်လှပသည်။ မိမိဖာသာ ရေကူးနိုင် ဆော့နိုင်သည်၊ မိခင်နှင့်အတူ အစာရှာထွက်သည်။

အဘယ်ကြောင့်ဥအကာမှ ထွက်လာသည်နှင့်တပြိုင်နက် မိခင်နောက်လိုက်ပြီး အစာရှာနိုင်သနည်း။ သနိုင်းအကြောင်းအရာများ ရှိ ပါဝင်သည်။

တောရွာရင့်ကျက်သော ငှက်မျိုးသည် အသိုက်ကို မြေပေါ်တွင်၎င်း၊ ရေပေါ်တွင်၎င်း ဆောက်ထားလေ့ရှိသည်။ ဤသို့ဆောက်ထားခြင်းဖြင့် သစ်ပင်ပေါ်တွင် ဆောက်ထားခြင်းထက် လုံခြုံမှုမရှိချေ။ ရန်သူတိုက်ခိုက်ခြင်းကို ပိုခံရသည်။ ပတ်ဝန်းကျင်မှ အခြေအနေသည် ထိုငှက်မျိုးများကို တောရွာရင့်ကျက် ကြီးထွားအောင် လှုံ့ဆော်ပေးနေသည်။ ရန်သူနှင့် ဆုံမိသောအခါ ဥကွဲသိုက်ပျက်ဖြစ်ပြီး သားတခြား အမိတခြား ဖြစ်ခဲ့လျှင် မိမိဖာသာ အစာရှာခြင်း၊ ရေကူးခြင်း၊ ကာကွယ်ခြင်းများ ပြုလုပ်နိုင်မှသာ အသက်ရှင်မည်။ ထို့ကြောင့် သဘာဝက အခြေအနေနှင့် ကိုက်ညီအောင် ဖန်တီးထားသည်။

အိမ်ကြက်သည် တောကြက်နိုင်ငံမှ ပြောင်းလဲလာခြင်းဖြစ်သည်။ အိမ်ကြက်သည် လူတို့၏မွေးမြူ ပြုစုခြင်းကို ခံရခြင်းကြောင့် တောကြက်ဘဝမှာကဲ့သို့ ဘေးအန္တရာယ် မများတော့ချေ။ သို့သော်လည်း မျိုးဆက်၏ကိုယ်ပေါ်တွင် မျိုးရိုး၏ ထူးခြားသော အရာများ ကျန်ရစ်ဖော်ပြနေသေးသည်။ ကြက်ငယ်များ ဥအကာကို ဖောက်ထွက်လာသည်နှင့် တပြိုင်နက် အစာစားနိုင်ခြင်းမှာ ထိုမျိုးရိုး၏ ထူးခြားချက်ကျန်ရစ်ခြင်းကို ဖော်ပြသည်။

၄၈။ ။ဝမ်းဘဲများ ဥမဖောက်တတ်ချေ။ အဘယ်ကြောင့်နည်း

ဝမ်းဘဲငယ်တအုပ် ရေကန်၏ အလယ်တွင် ပျော်ရွှင်မြူးတူးစွာ ရေကစားနေသည်။ ထိုဝမ်းဘဲငယ်များကို ဝမ်းဘဲမကြီးက ဝပ်၍ ဖောက်ခြင်းမဟုတ်ပဲ ကြက်မ (သို့) စက်ဖြင့် ဖောက်ခြင်းမှ ရရှိသော ဝမ်းဘဲငယ်များဖြစ်သည်ဟု ကျွန်ုပ်ဆိုက သင်ရုတ်တရက် အံ့အားသင့် နေလိမ့်မည်။ ဝမ်းဘဲမသည် ဥမဖောက် တတ်ခြင်းမှာ အမှန်ပင် ရှင်းပြပါအံ့။

ဝမ်းဘဲတွင် တောဝမ်းဘဲ (ဘဲရိုင်း) နှင့် ခြံဝမ်းဘဲ (အိမ်ဘဲ) ဟူ၍ နှစ်မျိုးရှိသည်။ တောဝမ်းဘဲတွင် အမျိုးပေါင်းများစွာ ရှိသည်။ ခေါင်းစိမ်းဝမ်းဘဲ၊ မြီးချွန်ဝမ်းဘဲ၊ ကိုသကြားဝမ်းဘဲ စသည်တို့ရှိသည်။ ယင်းတို့ကို ကမ္ဘာ့အနှံ့အပြား တွေ့ရှိနိုင်သည်။ သို့သော်လည်းဆိုက်ဘေးရီယားတွင်သာ မျိုးပွားသည်။ နှစ်စဉ် ဧပြီလနှင့် ဇွန်လတွင် ရေစပ်နားတွင် ပေါက်နေသောမြက်တောတွင်၎င်း၊ ရွှံ့ပေါက်တွင်၎င်း သစ်ပင်ခြောက်အခေါင်းတွင်၎င်း အိမ်ဆောက်ကြသည်။ ယေဘုယျအားဖြင့် တကြိမ်သာ အုသည်။ တခါ အုလျှင် ၃ လုံးမှ ၁၂ လုံးထိ ဖြစ်သည်။

ရန်သူ၏ ဖျက်ဆီးခြင်းခံရသောအခါ မြင့်သော နေရာတွင်တဖန်အသိုက်ဆောက်ပြီး ဥအုပြန်သည်။ ထို့ကြောင့် ဥဘလုံးရသည့်အခါ ကာလကြာမြင့်လှသည်။ မိုးရာသီတွင် ဆိုက်ဘေးရီးယားမှ မြေနွေးသောဒေသသို့ ပြောင်းကြသည်။ နောက်နှစ် နွေရာသီ ရောက်တော့မှ ဆိုက်ဘေးရီးယားသို့ပြန်ပြောင်း သွားကြပြန်သည်။

ခြံဝမ်းဘဲ၏ အမျိုးအစား အလွန်များသည်။ ခြံဝမ်းဘဲသည်

www.burmeseclassic.com

www.burmeseclassic.com

တောဝမ်းဘဲ အထူးသဖြင့် ခေါင်းစိမ်းဝမ်းဘဲကို ပြုစုမျိုးထောင်ခြင်းမှ ရလာသော ဝမ်းဘဲဖြစ်သည်။ လူသားတို့၏ နှစ်ရှည်လကြာ မွေးမြူပြုစုခြင်းခံရသောကြောင့် ပြောင်းရွှေ့နေထိုင်ခြင်း အလေ့အကျင့်နှင့် အသိုက်ဆောက် ဥဖောက်သောစွမ်းရည်များ ပျောက်ကွယ်သွားပြီဖြစ်သည်။ ထို့ကြောင့် မြို့ဝမ်းဘဲများ ဥမဖောက်တတ်ခြင်းမှာ လူတို့၏ ပယောဂကြောင့် ဖြစ်သည်။ ဥဖောက်စွမ်းရည်မြင့်မားသော ကြက်ဘဲများသည် ဥအုစွမ်းရည်နိမ့်သည်။ ဝမ်းဘဲကို မွေးမြူခြင်းမှာ အသားစား၊ ဥစားရန်ဖြစ်သည်။ ထို့ကြောင့်လိုရာထိန်းသိမ်း၊ လိုရာပယ် ဟူသည့် ဝါဒလမ်းစဉ် အတိုင်း ဝမ်းဘဲများကို ရွေးချယ်မွေးမြူခြင်းကြောင့် ဝမ်းဘဲများ ဥအုပြီး ဥမဖောက်တတ် ဖြစ်နေတော့သည်။ ဝမ်းဘဲပင် မဟုတ်သေး။ ဥအတွက် သက်သက် မွေးထားသော နိုင်ငံခြားကြက်လည်း ဥမဖောက်တတ်ချေ။

၄၉။ ။ခွေးက အမဲရိုးစား၊ ကြောင်များက ငါးရိုးစားနိုင်သည်။ အဘယ်ကြောင့်နည်း

အကယ်၍ သင့်ကို လူတဦးဘယောက်က ဆိတ်နှင့်ယုန် အရိုးလုစားနေကြသည် ဟုပြောက သင်အံ့အားသင့်ပြီး ပြေးလိုက်ကြည့်မည်မှာ မြေကြီးလက်ခတ်မလွဲ ဖြစ်မည်။ သို့သော်လည်း သင်၏ ပတ်ဝန်းကျင်တွင် နေ့စဉ် မြင်ရသော ခွေးများ အရိုးစားခြင်း၊ ကြောင်များ ငါးရိုးစားခြင်းကိုမူ သင် အဘယ်ကြောင့် မအံ့သြ၊ စောဒက မတက်ဘဲ နေပါသနည်း။ လူများသည် မိမိပတ်ဝန်းကျင်မှ နေ့စဉ်အဖြစ်အပျက်များကို မေးခွန်းမထုတ်ဘဲ 'ဒါသဘာဝ အလျောက်မို့ သည်လိုဖြစ်ရတာပဲ' ဟူ၍ သဘောထားလေ့ ရှိသောကြောင့် ဖြစ်သည်။

'ဒါ သူ့အလိုအလျောက် ဖြစ်တာပဲ....'

ဤအဖြေမျိုးကို မည်သူမျှ ကျေနပ်လိမ့်မည်မဟုတ်ချေ။

ခွေးနှင့်ကြောင် အရိုးစားနိုင်ခြင်းမှာ ယင်းတို့တွင် ဆိတ်နှင့်ယုန်တို့နှင့် မတူသော 'အစာချေစက်ရုံ' ရှိသောကြောင့်ဖြစ်သည်။

ခွေးနှင့်ကြောင်တို့၏ 'အစာချေစက်ရုံ' ရှိ 'စက်ခန်း'များကို ကြည့်ရှုလေ့လာကြစို့။

ပထမဦးဆုံး စက်ခန်းကား ပါးစပ်ဖြစ်သည်။ ပါးစပ်တွင် ကိုက်ဖြတ်ရန်၊ ထုချေရန် 'ကရိယာ' ရှိသည်။ အပေါ်ပိုင်း ချွန်ထက်သော ရှေ့သွားသည် အစာဖြတ်ရန် ဓားဖြစ်သည်။ အပေါ်ဖက် ချွန်ထက်သော အစွယ်သွားသည် အစာညှပ်ရန်ဖြစ်သည်။ အံသွားများသည် ကြိတ်ချေရန် အသုံးဝင်သည်။ အရိုးများသည် ထိုပါးစပ် စက်ခန်းတွင် ဖြတ်၊ ထု၊ ကြိတ်ချေခံရခြင်းကြောင့် ကြေမွရတော့သည်။ လျှာသည် ယောက်မမွှေတံကဲ့သို့ ဝင်ရောက် ကူမွှေပေးသေးသည်။

လျှာသည် အစာများကို လည်ချောင်းသို့ ပို့ပေးသောအခါ အရိုးကြေများသည် ဓာတ်လှေကားထစ်စီးရသကဲ့သို့ အစာပြွန်၏ လှုပ်ရှားခြင်းဖြင့် ဒုတိယစက်ခန်းဖြစ်သည့် အစာအိမ်ဆီသို့ ရောက်သည်။

ဤအစာအိမ် စက်ခန်းသည် ဓာတ်ချက်သော 'ဓာတုစက်ခန်း' ဖြစ်သည်။

အစာအိမ်သည် အစာကုန်ကြမ်းများ ရောက်လာမည်ကို ကြိုတင်သိရှိထားသည်။ ထို့ကြောင့် အခြေအနေကို ရင်ဆိုင်ရန် အားလုံးအသင့် ဖြစ်နေသည်။ ဟိုက်ဒရိုကလိုရစ် အက်ဆစ်ရေ ဆားငရဲမီးသည် ဓာတုစက်ရုံတွင် အဓိကဇာတ်ကောင်ဖြစ်သည်။ အစာအိမ်တွင် မူလကတည်းက ဆားငရဲမီး လက်ကျန်ရှိနှင့်သည်။ ကုန်သစ်များကို အဆက်မပြတ် ထုတ်လုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

‘ဓာတ်ကူပစ္စည်း’ ဟူသော အမည်ကို ကြားဘူးကြပေလိမ့်မည်။ အောက်စီဂျင်ဓာတ်ငွေ့ ထုတ်ရန် ပိုတက်ဆီယမ် ကလိုရိတ်ကို အပူပေးသော အခါ မန်းဂနိစ်ဒိုင်အောက်ဆိုက်ကို ဓာတ်ကူပစ္စည်း အဖြစ် အသုံးပြုရသည်။ မန်းဂနိစ်ဒိုင်အောက်ဆိုက် ဓာတ်ကူပစ္စည်း ရှိခြင်းကြောင့် အောက်စီဂျင်ဓာတ် လျင်မြန်စွာ ထွက်ရှိနိုင်သည်။ သို့သော်သည်း ယနေ့ကျွန်ုပ်တို့ စိတ်ဝင်စားခြင်းမှာ ဤဓာတ်ကူပစ္စည်း မဟုတ်ပဲ ခွေးနှင့်ကြောင်တို့ ထုတ်လုပ်သည့် ဓာတ်ကူးပစ္စည်းသာ ဖြစ်သည်။ ယင်းဓာတ်ကူပစ္စည်းကို ကဇော်ဖောက်ဓာတ် ဟုခေါ်ဆိုသည်။ အကယ်၍တူညီသော ‘လုပ်ငန်း’ဖြင့် နှိုင်းယှဉ်ပါလျှင် ယင်းသည် မင်းဂနိစ်ဒိုင် အောက်ဆိုက်ထက် အဆပေါင်းများစွာ စွမ်းအင်ပိုရှိသည်။

အရိုးသည်အမာခံ ဖုံးထားသော်လည်း အတွင်း၌ကား ဥအကာဓာတ်ဖြစ်သော ကယ်လဆီယမ် ဖေါ့စဖိတ်နှင့် ကယ်လဆီယမ် ကာဗွန်နိတ်တို့ဖြင့်ပေါင်းစပ်ထားသည်။ စက်ခန်းတွင် ကြေမွပြီးရောက်လာသော အရိုးမှ အကြေများသည် အစာအိမ်တွင်းမှ ဆားငံရည်၊ ကဇော်ဖေါက်ဓာတ်တို့၏ ရောနှံမှုကြောင့် ကော်ရည်ကဲ့သို့ ဖြစ်သွားတော့သည်။

ထို့နောက် အခြားဓာတုစက်ခန်းသို့ ပို့ခြင်းခံရပြန်သည်။ ထိုစက်ခန်းသည် အူဖြစ်သည်။ အူအတွင်း၌ ကော်ရည်များကို တကျိုကျို တကုကုနှင့် လုံးထွေးပြီး ရေတွင် ပျော်ဝင်စေသည်။ ရေတွင် ပျော်ဝင်တော့မှ ကိုယ်ခန္ဓာတွင်းသို့ စုတ်ယူနိုင်တော့သည်။ အာဟာရအဖြစ် စုတ်ယူရန် မလိုတော့သော အစာကျန်များကိုမူ စအိုဝမှ ထုတ်ပစ်ရတော့သည်။

မြက်စားတိရစ္ဆာန်များ၏ ‘အစာချေစက်ရုံ’ ကို ကြည့်ပါဦး။

ထိုစက်ရုံရှိ စက်ခန်းများ၏ တာဝန်မှာ ဖြတ်ချက်ကြိတ်ရန်သာ ပြုလုပ်ရသည်။ ညှပ်ရန် အံစွယ်မပါရှိချေ။ ‘ဓါတုစက်ခန်း’များသည်

ကျယ်ပြန့်သည်။ ခွေး၊ကြောင်ကဲ့သို့ အစာအိမ်တခုတည်းမဟုတ်ပဲ သုံးလေးခုရှိသည်။ ခွေး၊ ကြောင်တို့၏ အူပိတ်များသည် ကျုံ့လိုက်လျှင် သေးသေးငယ်ငယ်လေးကျန်သည်။ မြက်စား တိရစ္ဆာန်များ၏ အူပိတ်မှာ အလွန်ကြီးသည်။ ထိုထုထယ်ကြီးသော အူပိတ်နှင့် အစာအိမ်များသည် မြက်စာ၏ ကဇော်ခန်းနှင့် သိုလှောင်ခန်းဖြစ်သည်။ မြက်စားတိရစ္ဆာန်များ၏‘ဓာတုစက်ခန်း’တွင် သက်ရှိအရာငယ် များစွာရှိသည်။ ယင်းတို့မှာ ကဇော်ဖောက်ကောင် များဖြစ်သည်။ ၎င်းပြင် ကဇော်ဖောက်ဓာတ် လည်း များစွာရှိသည်။ သို့သော်လည်း ခွေး၊ ကြောင်တို့၏ ‘ဓါတုစက်ခန်း’ရှိ ကဇော်ဓာတ်နှင့်မတူချေ။ ယင်းတို့၏တာဝန်မှာ ကဇော်ကောင်များကို ကူညီလုပ်ပေးခြင်းဖြစ်သည်၊ သစ်ပင် တစ်ရှူးများကို ခွေးနှင့်ကြောင်တို့ အစာ မချေနိုင်သော်လည်းမြက်စား တိရစ္ဆာန် အတွက်မူ ကဇော်ဖောက်ကောင်များ၏ ကူညီမှုကြောင့် အာဟာရဓာတ် များစွာရရှိသည်။

၅၀။ ။ဆပ်ကပ်ပွဲထဲမှ ခွေးကလေးများဂဏန်းသင်္ချာတွက်တတ်သည်။ အဘယ်ကြောင့်နည်း

ဆပ်ကပ်ပွဲတခုတွင် ခွေးငယ်ငါးကောင် စင်မြင့်ပေါ်သို့တက်လာပြီး စာသင်ခုံများတွင် ထိုင်နေကြသည်။ ဆရာမက ဂဏန်းသင်္ချာပုစ္ဆာကို မေးသောအခါ ခွေးငယ်များ အဖြေမှန် ပြန်၍ဖြေကြသည်။ ပရိသတ်များကား ပျော်ရွှင်မြူးတူး အံ့သြနေကြသည်။ ခွေးငယ် တကယ် သင်္ချာတတ်ပါသလော....။ ခွေးငယ်သည် လူကဲ့သို့ တစ်နှင့်တစ်ပေါင်းလျှင် ရလဒ် နှစ်ရသည်ကို သိပါသလော။

လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အမှုအယာများစွာကို မွေးကတည်းက သရုပ်ဆောင်တတ်သည်။ ဥပမာ၊ မွေးစကလေး ငယ်သည်

www.burmeseclassic.com

www.burmeseclassic.com

နှိုတတ်သည်။ မွေးစခွေးငယ်လည်း နှိုတတ်သည်။ ထိုကဲ့သို့ သင်ကြားခြင်းမရှိပဲ မွေးကတည်းက တတ်မြောက်သော အမူအယာကို 'ကန့်သတ်ချက်မဲ့ပြန်ဟပ်ခြင်း' ဟုခေါ်သည်။

ဆပ်ကပ်ပွဲထဲမှ ခွေးကလေးများ ဂဏန်းသင်္ချာ တွက်ဘက်ခြင်းမှာ အစဉ်မပြတ် လေ့ကျင့်ပေးခြင်းကြောင့် ဂဏန်းစာလုံးကိုမှတ်မိပြီး ထိုဂဏန်းစာလုံးကို မြင်သောအခါ အဖြေမှန် ဖော်ပြောနိုင်သည်။ ဤသို့ နှစ်ရှည်ကာလကြာစွာ လေ့ကျင့်ပေးသောအခါ ဂဏန်းစာလုံးသည် ခွေး၏ ဦးနှောက်တွင် စွဲမှတ်မိနေပြီး အမူအယာအဖြစ် ဖြစ်ပေါ်လာတော့သည်။ ထို့ကြောင့် ထိုဂဏန်းစာလုံးကို မြင်သောအခါ မှတ်သည်သောအဖော်သံဖြင့် ဖော်လိမ့်မည်။ ဤသို့ လူတို့ လေ့ကျင့်ပေးမှုကြောင့် အသိအမူအယာ ဝင်ခြင်းကို 'ကန့်သတ်ရှိပြန်ဟပ်ခြင်း' ဟုခေါ်သည်။

ထိုပြန်ဟပ်ခြင်း ကိုလူသားတို့၏ နေ့စဉ်ဘဝတွင်လည်း တွေ့ရသည်။ ယင်း ပြန်ဟပ်ခြင်းကို ဆိုဗီယက်စိတ်ပညာပါမောက္ခတဦး၏ အကြိမ်ကြိမ် စမ်းသပ်ခြင်းမှ သက်သေထုတ်ပြနိုင်ခြင်းဖြစ်သည်။

၅၁။ ။တိရစ္ဆာန်ဆပ်ကပ်ဆရာသည် သားရေကြာပွတ်ကို အဘယ်ကြောင့် ကိုင်ဆောင်ထားရသနည်း

ဆပ်ကပ်ပြပွဲတွင် ခြင်္သေ့နှင့် ကျားရိုင်းတို့ စင်မြင့်ပေါ်တွင် ပြသသောအခါ ဆပ်ကပ်ဆရာ၏ ကိုယ်တွင် လက်နက်ဆောင်ထားလေ့ရှိသည်။ 'သတ္တိရှိသည့် ဗိုလ်သည်မှန်' ဟူသည့် ဆောင်ပုဒ်ကဲ့သို့ ဆပ်ကပ်ဆရာ၏ လက်ထဲတွင် သားရေကြာပွတ်ကိုလည်း ကိုင်ထားပြန်သည်။

ဆပ်ကပ်ဆရာ၏ ကိုယ်တွင် ခုခံကာကွယ်ရန် ကိုယ်ဆောင်လက်နက်ရှိနေပြီပဲ လက်တွင် ကြာပွတ် ကိုင်ထားဖို့ လိုသေး၏လော....။

အကြောင်းရင်းကား ဤသို့တည်း။

တိရစ္ဆာန်များသည် ထိုလှုပ်ရှားနေသော ကြာပွတ်ကို ကိုယ်တွင် ဆောင်ထားသော လက်နက်ငယ်ထက် ပို၍ ဂရုပြုသည်။ ဆိုလိုသည်မှာ တိရစ္ဆာန်များ၌ လှုပ်ရှားနေသော အရာဝတ္ထုများကို ပို၍ဂရုပြုသော အလေ့အကျင့်ရှိသည်။ ဥပမာ ခွေးသည် ပျံနေသော ငှက်များ၊ ပြေးလွှားနေသော တိရစ္ဆာန်နှင့် လူတို့ကို ပို၍ ဂရုပြုမိသည်။ တိရစ္ဆာန်ရိုင်းများသည် လူတို့ဝတ်ဆင်ထားသော အဝတ်ကို လူတို့၏ကိုယ်ခန္ဓာတစိတ်တဒေသအဖြစ်မြင်သည် ယူဆသည်။ လက်တွင်ကိုင်ထားသောတုတ်၊ သားရေကြာပွတ်ကိုလည်း ထိုနည်းတူစွာ လူ၏အစိတ်အပိုင်းတခု အဖြစ် မြင်သည်။ ခွေးဖြစ်စေ၊ တိရစ္ဆာန်ရိုင်းများဖြစ်စေ အရိုင်းစိတ် ပေါက်ပြန်လာသောအခါ လူ၏ကိုယ်ခန္ဓာကို ခုန်ကိုက်လေ့ရှိသည်။ ထိုသို့ခုန်ကိုက်သောအခါ လှုပ်ရှားနေသော လက် (သို့) လက်တွင် ကိုင်ထားသော ကြာပွတ် စသည်တို့ကို ပထမဦးဆုံး ခုန်ကိုက်လေ့ရှိသည်။ ဆပ်ကပ်ဆရာသည် တိရစ္ဆာန်ရိုင်း၏ ဤအလေ့ကို အသုံးချပြီး လက်တွင် ကိုင်ထားသောတုတ်၊ ကြာပွတ်ကို လှုပ်ရှားခြင်းဖြင့် ယင်းတို့၏ ဂရုစိုက်ခြင်းကို ဖြစ်စေပြီး အမျိုးမျိုးသော အမူအယာလုပ်နိုင်းစေသည်။ အကယ်၍ ထိုတိရစ္ဆာန်ရိုင်းများ အရိုင်းစိတ်ဝင်ပြီး ဆပ်ကပ်ဆရာကို ခုန်ကိုက်ပါက လက်တွင် ကိုင်ထားသော လှုပ်ရှားနေသည့် ကြာပွတ်ကိုသာ ပထမခုန်ကိုက်မည်ဖြစ်ခြင်းကြောင့် ဆပ်ကပ်ဆရာ ရှောင်ရှား ခုခံ နိုင်လေတော့သည်။ ထို့ကြောင့် ဆပ်ကပ်ဆရာ ကြာပွတ် ကိုင်ထားခြင်းမှာ လုံခြုံရေး အတွက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၅၂။ ။ယုန်၏နားရွက် အလွန်ရှည်သည်။ အဘယ်ကြောင့်နည်း

တိရစ္ဆာန်များတွင် ယုန်၏နားရွက်သည် အရှည်ဆုံးဖြစ်သည်။ ယုန်၏ နားရွက်ရှည်ရခြင်း အကြောင်းကို ဤသို့ အမျိုးမျိုး အဆိုပြုကြသည်။

လူတို့ ယုန်ဖမ်းသောအခါ နားရွက်ချည်း ဆွဲကိုင်လေ့ရှိသောကြောင့် ဟူ၍၎င်း၊ ယုန်သည် မိမိ၏အစွယ်သွားကို အခြားတိရစ္ဆာန်သို့ပေးပြီး အခြားတိရစ္ဆာန်ထံမှ နားရွက်တစုံ ပြန်ယူခြင်းကြောင့် ဟူ၍၎င်း၊ ယုန်သည် တရုပ်နှင်းသီးကို စားခြင်းကြောင့် နားရွက်ရှည်လာသည် ဟူ၍၎င်း အဆိုပြုကြသည်။ လက်တွေ့တွင် ယုန်သည် နားရွက်ကို အများဆုံး အသုံးပြုသော တိရစ္ဆာန် ဖြစ်ခြင်းကြောင့် ဤမျှ ရှည်လျားသောနားရွက် ရှိမှသာလျှင် ယင်းအသက်ရှင်ရေးအတွက် အကျိုးပြုလိမ့်မည်။

နားရွက်ရှိသော သတ္တဝါများသည် အရာဝတ္ထု အမျိုးမျိုးမှ ထွက်လာသောအသံကို ခွဲခြားရာတွင် နားရွက်ကို အသုံးပြုသည်။ နားရွက်ကို အပိုင်းသုံးပိုင်း ခွဲခြားနိုင်သည်။ ယင်းတို့မှာ အပြင်နား၊ အလယ်နားနှင့် အတွင်းနားတို့ ဖြစ်ကြသည်။

နား၏အပြင်ဖက်ဆုံး ထွက်နေသည့်နားရွက်ကြီးကို 'နားရွက်အနားကြီး' ဟုခေါ်ပြီး အရပ်လေးမျက်နှာမှလာသော အသံလှိုင်းကို စုစည်းရန်ဖြစ်သည်။ ထို့ကြောင့် နားရွက်အနားကြီးလေလေ အသံပိုကြည်လင်စွာ ကြားရလေလေဖြစ်သည်။ အကယ်၍ နားရွက်

အနားကို အရပ်လေးမျက်နှာသို့ ကြိုက်နှစ်သက်သလိုလှည့်၍ ရမည်ဆိုလျှင် ကြားရသော အသံများ ပိုကြည်လင်မည်ဖြစ်ပြီး ပို၍လည်း ရပ်ဝေးမှ အသံများကို ကြားရသည်။ လူ၏နားရွက်အနားကို ယုန်၏ နားရွက်အနားနှင့် နှိုင်းယှဉ်ကြည့်လျှင် အလွန် သနားစဖွယ် ငယ်သည်ဟု ဆိုရမည်။ ၎င်းပြင် လူ၏နားရွက်အနား၏ လှုပ်ရှားသော ကြွက်သားလည်း ပျောက်ကွယ်နေပြီး လှုပ်ရှားစွမ်းအင်မရှိခြင်းကြောင့် ယုန်၏ နားရွက်အနားကဲ့သို့ လှုပ်ရှားလှည့်လည်ခြင်း မပြုလုပ်နိုင်တော့ချေ။ သို့သော်လည်း အမြင့်စားသတ္တဝါတွင် လူမှအပ ကျန်ရှိသော တိရစ္ဆာန်များ၏နားရွက်အနားသည် ယေဘုယျအားဖြင့် လှုပ်ရှားနိုင်ကြသည်။

ယုန်သည် ကောက်ပဲသီးနှံ၊ သစ်ရွက်၊ မြက်၊ ဟင်းရွက် စသည်တို့ကို စားသုံးသည်။ ယင်းသည် အခြားတိရစ္ဆာန်များကို အန္တရာယ် မပြုနိုင်ချေ။ မြွေခွေး၊ မြေပါကြီး၊ ဇီးကွက်၊ လင်းယုန်တို့၏ ဘေးအန္တရာယ်မှ သတိမထားလျှင် အစားခံရနိုင်သည်။ ယုန်သည် တိုက်ခိုက်ခံရသောအခါ ဦးချိုဖြင့်၎င်း၊ သွားဖြင့်၎င်း၊ အနံ့ဆိုးထုတ်လွှတ်ခြင်းဖြင့်၎င်း၊ ခုခံကာကွယ်ခြင်းငှာ မတတ်နိုင်ခြင်းကြောင့် တိရစ္ဆာန်များတွင် စိတ်နေသဘောထား အနူးညံ့ဆုံးဖြစ်သည်။ ယင်း၏တခုတည်းသော စွမ်းရည်မှာ အပြေးလျင်မြန်ခြင်းပေတည်း။ ထို့ကြောင့် 'သတိဟူသည် ပိုသည်မရှိ' ဟူသည့်စကားကဲ့သို့ အစဉ်အမြဲ နားရွက်ကြီးထောင်ပြီး အရပ်လေးမျက်နှာမှ အခြေအနေကို သတိကြီးစွာဖြင့် ဂရုပြုရသည်။ ရှည်လျားသောနားရွက်ရှိမှသာ ကျီးလန့်စာ စားနိုင်ရုံ ရှိမည်။ ထို့ကြောင့် သဘာဝ၏ သဘောတရားသည် သတ္တဝါတိုင်း မိမိ၏ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိရန် သင့်လျော်သော ကိုယ်ခန္ဓာအင်္ဂါများ ဖြစ်ပေါ်ရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

၅၃။ ။ကြွက်များ အဘယ်ကြောင့် ပစ္စည်းများကိုက်ဖြတ်ရသနည်း

လူတို့ ကြွက်ကိုမြင်လျှင် အော်ဟစ်ကြသည်။ ခဲနှင့်ပေါက်ကြသည်။ လူတိုင်းက မုန်းတီးသော တိရစ္ဆာန်ဖြစ်သည်။ ယင်းသည် အစာနိုးစားသည်သာမက စက္ကူများ၊ အင်္ကျီများ၊ သေတ္တာများ၊ နံများ၊ ကုလားထိုင်များ စသည့် အိမ်သုံးပရိဘောဂများကိုလည်း ဖျက်ဆီးလေ့ရှိသည်။ ရောဂါကိုလည်း ပြန့်ပွားစေတတ်သည်။ ထို့ကြောင့် ကြွက်နှိမ်နင်းပွဲများ လုပ်လေ့ရှိကြသည်။

ကြွက်သည် အဘယ်ကြောင့် ပစ္စည်းများကို အမြဲတစေ ကိုက်ဖျက်ရသနည်း။ ဤမေးခွန်းကိုဖြေရန်မှာ သွား၏ တည်ဆောက်ပုံကို သိရပေမည်။

ကြွက်သွားတွင် သွားဦး၊ သွားလည်ကုတ်၊ သွားမြစ်ဟူ၍ သုံးပိုင်းရှိသည်။ သွားမြစ်သည် သွားဖုံး၏ ချိုင့်နေသော နေရာထဲတွင် ရှိပြီး သွားလည်ကုတ်နှင့် သွားဦးသည် သွားဖုံးအပေါ်တွင်ရှိသည်။ သွား၏ အပြင်ဖက်အလွှာသည် သန်မာသော အမာဓာတ်ဖြစ်ပြီး အတွင်းလွှာသည် အနည်းငယ် ထူသော သွားဓာတ်ဖြစ်သည်။ အလယ်လွှာသည် အခေါင်းဖြစ်ပြီး ယင်းကို မြစ်ဆီခေါင်းဟု ခေါ်သည်။ ယင်းတွင် သွားပေါက်ခြင်းကို အားပေးသော သွားမြစ်ဆီရှိသည်။ အချို့တိရစ္ဆာန်များ၏ သွားမြစ်ဆီသည် တသက်လုံး တည်ရှိနေသည်။ အချို့တိရစ္ဆာန်များသည် သွားများအပြည့်အစုံပေါက်ပြီးသောအခါ သွားမြစ်ဆီ ပျောက်သွားတော့သည်။ ကြွက်၏ အပေါ်၊ အောက် သွားဖုံးရှိ ရှေ့သွား၏မြစ်ဆီသည် အမြဲရှိသည့်ပြင် အမြဲမရပ်မနား ကြီးထွားနေသည်။ ရှေ့သွားများ အလွန်ရှည်ခြင်းမှ ကာကွယ်ရန်အတွက်၎င်း၊ အစာစားခြင်းကို ထိခိုက်ခြင်း မရှိရန်၎င်း၊ မာကျောသော ပစ္စည်းများကို အမြဲကိုက်ခြင်းဖြင့် ရှေ့သွားကို ပွတ်တိုက်ရသည်။ သို့မှသာ ရှေ့သွားသည် ရှည်ရှည်ကြီး ဖြစ်မနေတော့ပဲ ရှိလိမ့်မည်။

စမ်းသပ်ကြည့်ရှုချက်အရ ကြွက်ကို လေပေါက်ရှိသော သတ္တုသေတ္တာတွင် ထားပြီး ယင်းကို အစာပျော့ များသာ ကျွေးသည်။ သတ္တုသေတ္တာတွင် ရှေ့သွား ပွတ်တိုက်ရန် မာကျောသောပစ္စည်း မရှိခြင်းကြောင့် ကာလအတန်ကြာသောအခါ ကြွက်၏ ရှေ့သွားသည် ယခင်ထက် များစွာ ရှည်လာသည်ကို စမ်းသပ် တွေ့ရှိခဲ့ရသည်။

၅၄။ ။ဆင်နှင့် ကြံ့ ရေချိုးပြီးသော အခါ ကိုယ်ပေါ် ရွှံ့သဲများ ပက်ဖြန်းလေ့ရှိသည်။ အဘယ်ကြောင့်နည်း

သင်ယုံချင်ယုံ၊ မယုံချင် ပုံပြင်သာ မှတ်လိုက်ပါ။ လူတို့သည် ကိုယ်ခန္ဓာသန့်ရှင်းစေရန် ရေချိုးကြသည်။ တိရစ္ဆာန်များလည်း ထိုနည်းတူပင် ရေချိုးကြသည်။ သို့သော်လည်း ဆင်နှင့်ကြံ့သည် ရေချိုးပြီးသောအခါ ကိုယ်ပေါ်သို့ ရွှံ့သဲများ ပက်ဖြန်းကြသည်။ ပက်ဖြန်းရုံမျှမက အတန်ငယ် ထူထူတထပ် ပေါင်းကျံထားရသည်။ 'ပေါ်စေလိုလို့ ကြောင်ဆေးထိုး၊ ဆေးသားပျက်ကြောင်လေး' ဟူသည့် ဆိုရိုးစကား ကဲ့သို့ဖြစ်နေပေသည်။ ဆင်နှင့်ကြံ့တို့ကို စိတ်နှောက်နေသည်ဟု သင်ထင်လိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com

၎င်းသို့ထင်လျှင် သင်အမှားကြီးမှားလိမ့်မည်။ ဆင်နှင့်ကြံ့ အတွက်မူ ၎င်းသို့မပြုလျှင် မဖြစ်သော အခြေအနေတွင်ရှိသည်။ အကြောင်းမှာ ဆင်နှင့်ကြံ့၏ အရေခွံများသည် အလွန်ထူသည်။ သာမန်သေနတ်နှင့် ပစ်၍ မဖောက်နိုင် ဟုဆိုကြသည်။ ယင်းတို့၏အရေခွံ အက်ကြောင်းကြားတွင် အလွန်ပျော့၍ ပါးသော နေရာများစွာရှိသည်။ အပ်ဖြင့်ပင် ထိုးဖောက်နိုင်သည်။ အပူပိုင်းဒေသ၏ သွေးစုတ်ပိုးကောင် (ဥပမာ၊ ခြင်၊ ယင်နှင့် မှက်စသည်တို့)၏ နှုတ်သီးသည် အလွန်အစွမ်းရှိသည်။ အချို့ဒေသများတွင် ၎င်းသွေးစုတ်ပိုးကောင်များ အလွန်များခြင်းကြောင့် တိရစ္ဆာန်များ ထိုဒေသသို့ပင် မဝင်ဝန့်ချေ။ ၎င်းသွေးစုတ်ကောင်များသည် ဆင်နှင့်ကြံ့စသည့် ကြီးမားသော သွေးနွေးသတ္တဝါ၏ အရေခွံ အက်ကြောင်းတွင်းသို့ ဝင်ပြီး အားကုန် ကိုက်ခဲခြင်းကြောင့် သတ္တဝါကြီးများ ယားနာခြင်းခံစားရသည်။ သွေးနွေးသတ္တဝါများသည် ရေချိုးပြီးသောအခါ သာမန်အချိန်ခါမျိုးထက် အရေခွံသွေးကြောများ ပို၍ ဖောင်းကြီးလာသည့်ပြင် သွေးစုတ်ပိုးကောင်များကို ဆွဲဆောင်နိုင်သည့် အနံ့တမျိုး ထွက်လာလေ့ရှိသည်။ ထို့ကြောင့် ဆင်နှင့်ကြံ့များ ရေချိုးပြီးသောအခါ ရွှံ့သဲများကို ကိုယ်ပေါ်တွင် လိမ်းကျံခြင်း ဖြစ်လေသည်။

၅၅။ ။သဘာဝအလျောက်သေဆုံးသော ဆင်အလောင်းကို မည်သူမျှမတွေ့ရချေ။ အဘယ်ကြောင့်နည်း

ခြင်္သေ့ကို တိရစ္ဆာန်ဘုရင်ဟု ပြောဆိုလေ့ရှိသည်။ သို့သော်လည်း ဆင်သည်လည်း အားကောင်းသော တိရစ္ဆာန် ဖြစ်သည်။ စူးစမ်းလေ့လာရေး ပါရဂူများ၏ လေ့လာချက်အရ ဆင်နှင့်တကိုယ်တည်း တိုက်ခိုက်ရဲသော တိရစ္ဆာန်ရိုင်း အလွန်နည်းသည်ဟု သိရသည်။ ကျားသစ်၊ ခြင်္သေ့များ၊ ဘုရင်ဘွဲ့ ရနေသော်လည်း ဆင်ကိုမြင်လျှင် ရှောင်ရှားနေလေ့ရှိသည်။ ကျားသာလျှင် တခါတရံဆင်ကို 'ဗိုလ်'ခေါ်ရသည်။ ၎င်းအတိုင်းသာဆိုလျှင် ဆင်သည်လည်း တိရစ္ဆာန်ရိုင်းများတွင် ဗိုလ်တပါးဖြစ်နေသည်။ သို့သော်လည်း ယင်း တိုက်ခိုက်မခံရလျှင် စိတ်ကောင်းသော တိရစ္ဆာန်ဖြစ်သည်။ အိမ်မွေးတိရစ္ဆာန်များ၊ တောဆိတ်၊ သမင်၊ ငှက်ပေါင်း စုံတို့နှင့် အလွန်ချစ်ကြည်ရင်းနှီးစွာ နေထိုင်လေ့ရှိသည်။

လူသည် ဆင်နှင့်ရင်းနှီးသော်လည်း သဘာဝအလျောက် ဆင် ဘယ်ကဲ့သို့သေသည်ကိုဎင်း၊ သဘာဝအလျောက် သေဆုံးသော ဆင်၏အလောင်းကောင်ကိုဎင်း မည်သူတဦးတယောက်မျှ မတွေ့ရှိခဲ့ရချေ။ သတ္တဗေဒပညာရှင် လူတို့သည် ဆင်သင်းချိုင်းကိုရှာရန် အားထုတ်ခဲ့ကြသည်။ သို့သော်လည်း ဆင်သည် ထိုလျှို့ဝှက်ချက်ကြီးကို ကြပ်တည်းစွာ စောင့်ထိန်းထားခြင်းကြောင့် – လူများ ဆင်သင်းချိုင်းကို ရှာဖွေမတွေ့ခဲ့ရသေးချေ။

သီဟိုဠ်ကျွန်းပေါ်ရှိ ပြည်သူများ၏အဆိုမှာ ဆင်များ အိုမင်း၍ မသန်စွမ်းသောအခါ သေရတော့မည်ကို သိကြသည်။ ထိုအခါ ဆင်အုပ်မှ ခွဲခွာပြီး တကိုယ်တည်း ဘိုးဘေးဘီဆင်များကိုသင်္ဂြိုဟ်ထားသောနေရာ....ကျွန်း၏ နက်ရှိုင်းသော အပိုင်း၊ သွားလမ်းလာလမ်း မပေါက်သော ရှေးဟောင်းမြို့ရိုး တည်ရာသို့ သွား၍သေပွဲဝင်သည်ဟု ဆိုသည်။ ထိုရှေးဟောင်းမြို့ရိုးရှိ ပန်းခြံဟောင်းနှင့် ခံတပ်ကြီးတွင် ဆင်ရိုးများဖြင့် စုပြုံနေသည်ဟု ဆိုကြသည်။

အချို့ စူးစမ်းလေ့လာရေး ပါရဂူများလည်း ဆင်ရိုးများကို အမှန်တကယ် တွေ့ခဲ့ကြသည်။ သို့သော်လည်း သတ္တဗေဒ ပညာရှင်များ၏ ယူဆချက်မှာ ၎င်းအရိုးစုကို တွေ့ရရုံဖြင့် ဆင်များ ၎င်းနေရာတွင် စုသေကြသည် ဟုမဆိုနိုင်။ ဆင်ရိုးများ စုပြုံနေခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ရေစီးအားကြောင့် လယ်ကွင်းသို့ရောက်လာရခြင်း ဖြစ်နိုင်သည်။ အချို့ သတ္တဗေဒ ပညာရှင်များ၏ ထင်မြင်ချက်မှာ-ဆင်များ သေခါနီးတွင် အင်းအိုင်သို့သွားကြသည်။ ကိုယ်ကို အင်းအိုင်ရှိ နက်ရှိုင်းသော ရွှံ့ပွက်များထဲသို့ နစ်မြုပ်စေသည်။ ထို့ကြောင့် လူများ ဆင်၏ အလောင်းကို မတွေ့နိုင် ဟုဆိုသည်။ မည်သို့ဆိုစေ သိပ္ပံပညာရှင်များအဖို့ ပိုမိုများသောအချက်အလက်များ ပြည့်စုံစွာ ရရှိမှသာလျှင် ထိုပဟေဠိကို တိကျ မှန်ကန်စွာ ဖော်ပြ နိုင်ပေလိမ့်မည်။

၅၆။ ။သမင်ဖိုတွင် ဦးချိုပေါက်ပြီး အဘယ်ကြောင့် သမင်မတွင် မပေါက်သနည်း။

'ယင်ဗမာတောင်ဖြိုင်ယင်ရှူးသတဲ့၊ သူ့ကိုယ်လုံးက အမှုံ' သမင်၏လှပသော ကိုယ်ခန္ဓာကို အထက်ပါအတိုင်း ကဗျာစပ်ဆိုထားသည်။ ကမ္ဘာပေါ်တွင် သမင် အမျိုးပေါင်း ၄၀ ကျော်ရှိသည်။

'ပန်းခက် ပန်းနိုင်ပမာလားသို့ ဝင့်ဝင့်ကြွားကြွား သူ့ဦးချို' သမင်၏လှပသော ဦးချိုသည် ကဗျာဆရာများ၏မျက်စေ့တွင် ပန်းခက် ပန်းနိုင်နှင့် တူနေသည်။ သို့သော်လည်း အလွန် နည်းသော သမင်မျိုးမှအပ ယေဘုယျအားဖြင့် သမင်ဖိုတွင် ဦးချိုရှိပြီး သမင်မတွင် မရှိချေ။ သမင်ဦးချို၏ ပုံသဏ္ဌာန်သည် နွားချို၊ ဆိတ်ဦးချိုတို့နှင့်မတူချေ။ သမင်ဦးချိုသည် လှပသည့်ပြင်မာကျစ်သည်။ တဖန် သမင်ဦးချိုသည် နွားနှင့်ဆိတ်ချိုတို့ကဲ့သို့ တသက် တကြိမ်သာ ပေါက်ခြင်းဟုတ်ပဲ နှစ်စဉ်နှစ်တိုင်း တကြိမ်လဲသည်။ ဦးချိုသင်များကို နှစ်ကာလဖြတ်နေသည်။ ကာလဦးတွင် ဦးချိုပျော့ပြီးသွေးကြောများဖြင့်ပြည့်နေသည်။ နောက်ပိုင်းကာလတွင်မူ အလွန်မာကျောလေတော့သည်။

သမင်သည် ဆိတ်ငြိမ်မှုကို ကြိုက်နှစ်သက်သော တိရစ္ဆာန်မျိုး ဖြစ်သည်။ အခြားတိရစ္ဆာန်များနှင့် ရန်ဖြစ်ခဲသည်။ ရန်သူကို မြင်သောအခါ တခုတည်းသောနည်းလမ်းမှာ 'ထွက်ပြေး' တိမ်းရှောင်နေခြင်းဖြစ်သည်ဟု နားလည်ထားသည်။ ယင်းတို့သည် အပြေးချန်ပီယံများ ဖြစ်ကြခြင်းကြောင့် လက်နက်မလိုချေ။ သမင်မတွင် ဦးချို မပေါက်ခြင်းမှာလည်း ဤယူဆချက်ကို ဖော်ပြနေသည်။

ဤသို့ဖြစ်ပါက သမင်ဖိုတွင် အဘယ်ကြောင့်ဦးချိုပေါက်ရသည်နည်း။

သမင်အုပ်တွင် ပဒေသရာဇ်ဆန်သော ဓလေ့ရှိသည်။ ယင်းမှာ အိမ်ထောင်ပြုခြင်း၊ လွတ်လပ်မှု မရှိခြင်းပင် ဖြစ်သည်။ သမင်ဖိုများသည် အခွင့်အရေးယူလွန်းသည်။ ယင်းတို့မျိုးစပ်ချိန်သည် မိုးကုန်ဆောင်းကူးရာသီဖြစ်သည်။ ထိုရာသီသည် သမင်ဖိုများ၏ဦးချိုများ မာကျောခြင်းပြီးဆုံးသော အချိန်ဖြစ်သည်။ ထိုအချိန်တွင် သမင်ဖိုသည် အရှက်ဦး ဆိတ်ငြိမ်သောအချိန်ကို အသုံးပြုပြီး တောင်ကုန်းလေးပေါ်တက်ကာ ချစ်တေးသံဆိုသည်။ ထိုအခါ အတွဲမရှိသေးသော သမင်ပျိုမများက တေးသံနောက်သို့ ပြေးလိုက် သွားလေသည်။ သမင်ပျိုမကို သမင်ဖိုက သိမ်းပိုက်ပြီး နောက်ပိုင်း မျိုးစပ်ချိန်တွင် လွတ်လပ်စွာ လှုပ်ရှားခြင်းမပြုရတော့ချေ။ အခြားစုံတွဲများနှင့် ဆုံမိကြလျှင် သမင်ဖိုချင်း တိုက်ခိုက်ကြတော့သည်။ နိုင်သူသည် ရှုံးသူ၏သမင်မများကို ယူကြတော့သည်။ ကိုယ်ခန္ဓာ သန်မာ ထွားကျိုင်းသော သမင်ဖိုသည် သမင်မ ဆယ်ကောင်ကျော် ယူထားလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

၅၇။ ။ကုလားအုပ်သည် သဲကန္တာရတွင် ရေရှိသော နေရာကို သိနိုင်သည်၊ အဘယ်ကြောင့်နည်း

ကုလားအုတ်သည် သဲကန္တာရ၏ အသင့်လျော်ဆုံးသော သယ်ယူပို့ဆောင်ရေး ယာဉ်ဖြစ်သည်။ ယင်းသည် ရေရှားသော အခြေအနေအောက်တွင် အသက်ရှင်နေနိုင်သည်။ သဲကန္တာရထဲမှ ကြမ်းတမ်းသော သစ်ပင်များကို အစာအဖြစ် စားသုံးသည်။ အပူဒဏ်နှင့်အအေးဒဏ်ကို ခံနိုင်ရည်ရှိသည်။ ထိုဒေသများ၌ သယ်ယူပို့ဆောင်ရေးကို များစွာ အထောက်အကူပေးသည်။ ထို့ကြောင့်'သဲကန္တာရ သင်္ဘော' ဟူ၍ တင်စားခေါ်ဝေါ်ကြသည်။

ကုလားအုပ်သည် သဲကန္တာရ အခြေအနေနှင့် အလွန် သင့်လျော်သည်။ ယင်း၏ ခြေလေးချောင်းသည် ရှည်ပြီး လှုပ်ရှားမှု ဖျတ်လတ်သည်။ ခြေလှမ်းကျဲဖြင့် ရှေ့သို့ချီတက်နိုင်သည်။ ခြေဖဝါးတွင် တွန်းကန်အားရှိသော အသားများရှိသည်။ သဲထဲသို့ မနစ်ရန်ဖြစ်သည်။ မျက်စေ့ပေါ်တွင် ထူ၍ကြီးသော မျက်ခုံးမွေးရှည်ကြီးရှိသည်။ သဲမှုန်များ မျက်စေ့ထဲ မဝင်နိုင်အောင် ကာကွယ်ထားခြင်းဖြစ်သည်။နှာခေါင်းပေါက် စောင်းနေပြီး အလိုအလျောက်နှင့်ပိတ်နိုင်သည်။ ဖုံသဲများ ဝင်ခြင်းမှ ကာကွယ်နိုင်သည်။ ၎င်းပြင် ကြွက်သားတွင် အနံ့ခံ ဆဲလ် ပိုမို၍စုစည်းနေခြင်းကြောင့် အစာများ ရှာနိုင်သည့်အပြင် ရေကြောကိုလည်း ဖျတ်လတ်စွာ ရှာဖွေနိုင်စွမ်းရှိသည်။ ထို့ကြောင့် ခြောက်သွေ့သော သဲကန္တာရတွင် အလွန်ဝေးသော နေရာမှပင် ရေ၏စိုစွတ်ခြင်းကို သိရှိနိုင်သည်။ တဖန်ယင်းတွင် မြင့်မားသော ကိုယ်ခန္ဓာရှိခြင်းကြောင့် ရေရှိရာသို့ ဦးတည်လိုက်ပြီး တလှမ်းတလှမ်း ရှာဖွေနိုင်သည်။

၅၈။ ။နွားမများ သီချင်းသံ ကြားသောအခါ နို့ပိုထွက်သည်။ အဘယ်ကြောင့်နည်း

နွားမကြီး ထုတ်သော နို့ရည်၏ နှုန်းနှင့် အရည် အချင်းသည် ယင်း၏အသက်၊ ကိုယ်ခန္ဓာ၊ ကျန်းမာရေး အခြေအနေနှင့် အစုံစုံသော မြင်ပတ်ဝန်းကျင် ပြောင်းလဲမှုတို့ပေါ်တွင် မူတည်သည်။ နွား၏ အသက်သည် နို့ရည်ထွက်မှု၏ အဓိကအကြောင်းရင်း ဖြစ်သည်။ နုပျိုသော နွားမတွင် နို့ရည်အဆက်မပြတ်များစွာရရှိသည်။ တဖြေးဖြေး အိုမင်းလာကာ နို့ဂလင်းများ ထွားကျိုင်းခြင်း ယုတ်လျော့လာခြင်းကြောင့် နို့ရည်ထွက် လျော့နည်းသွားလိမ့်မည်။ နွားမသည် ပထမမှ ဆဌမအကြိမ်ထိ နို့ထွက်ကာလတွင် နို့ရည်များအထွက်တိုးလေ့ရှိသည်။ ဆဌမအကြိမ်၏ နောက်ပိုင်းကာလတွင် နို့ထွက်ရော အရည်အချင်းပါ စံချိန်မကိုက် ဖြစ်လာသည်။ အိုမင်းလာသောအခါ နို့ထွက် တဖြေးဖြေးကျဆင်းလာရုံမျှမက အဆီလည်း နည်း၍နည်း၍ လာသည်။

ရာသီဥတု ပြောင်းလဲခြင်း၊ အစာကောင်းခြင်း မကောင်းခြင်း၊ မွေးမြူမှု စောင့်ရှောက်သောပနစ် စသည့် မြင်ပအကြောင်းရင်းများလည်း နို့ရည်ဖြစ်ပေါ်ခြင်းကို ထနည်းတဖုံ မြှင့်ပေးသည်။ အထူးသဖြင့် မွေးမြူမှု စောင့်ရှောက်သောပနစ်သည် နွားနို့ထွက်နှင့် အရည်အချင်းကို များစွာ ဖန်တီးပေးသည်။ အစာတွင် ဥပမာ ဥအကာဓာတ် (ပရိုတင်း) ပြည့်ဝပြီး သြဂဲနစ်ဆားများ ဗီတာမင်နှင့် သောက်ရေ ကောင်းမွန်လျှင် နို့ထွက်နှုန်းနှင့် အရည်အချင်းကို မြှင့်စေနိုင်သည်။ မွေးမြူမှု စောင့်ရှောက်ရေး စနစ်ကောင်းလျှင်လည်း နို့ထွက်ကောင်းသည်။ တဖန် နွားများ သန့်

www.burmeseclassic.com

www.burmeseclassic.com

ရှင်းစွာရှိခြင်း၊ လေကောင်းလေသန့်ဝင်ထွက်နိုင်ခြင်းနှင့် သင့်တော်သော ကွင်းပြင်တွင် လှုပ်ရှားခြင်း၊ နို့အိမ်ကို အမြဲနှိပ်နယ် ပွတ်ပေးခြင်း စသည်တို့လည်း နို့ရည်ထွက်နှုန်းနှင့် အရည် အချင်းကို မြင့်စေသည်။

ဤသို့ဆိုလျှင် နို့ညှစ်စဉ် နွားကို သီချင်းသံ ကြားစေခြင်းဖြင့် အဘယ်ကြောင့် နို့ပိုထွက်နိုင်သနည်း၊ ဤသည်မှာ ရှို့ထွက်သော ဖြစ်စဉ်၏ ရှုပ်ထွေးသော ခန္ဓာဗေဒတဘောတရားဖြစ်သည်။ နာဗ်ကြောအဖွဲ့၏ ထိန်းချုပ်ခြင်းနှင့် ပြင်ပ ပတ်ဝန်းကျင်မှ တုံ့ပြန်မှုသည် တိရစ္ဆာန်၏ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရူပါရုံ စသည်တို့ကို နှိုးဆွပေးနိုင်လျှင် နို့ထွက်နှုန်းကို ပြောင်းလဲ ဖြစ်ပေါ်စေသည်။ အချို့သည် နို့ပိုထွက်စေပြီး အချို့သည် နို့လျော့ထွက်စေသည်။ နွားကို သီချင်းသံ လွှင့်ပေးသောအခါ ဦးနှောက်ကြီး အရေခွံထပ်၏ နှိုးဆွမှုကို တိုးပေးနိုင်ခြင်းကြောင့် နို့ထွက် တိုးစေသည်။

၅၉။ မျောက်များအလွန် အတုခိုးတတ်သည်။ အဘယ်ကြောင့်နည်း

'အတုမြင် အတတ်တတ်သင်' ဟူသော ဆိုရိုးစကား ရှိသည်။ တိရစ္ဆာန်ရုံထဲတွင် မျောက်ငယ်များ မျောက်ကြီး ဘာလုပ်လုပ် လိုက်အတုခိုးပြီး လုပ်ကြသည်ကို တွေ့ရသည်။ ဆပ်ကပ်ထဲမှ မျောက်များ ဆိုင်းမှုတီးတတ်သေးသည်။ တောဆိပ်ပါများကိုအမိန့်ပေး ကပြစေသည်။ မြင်းစီးပြတတ်သေးသည်။ မျောက်များသည် လူတို့၏ သာမန်အမူအယာများကိုသာ အတုခိုးနိုင်သည်မဟုတ်။ ရှုပ်ထွေးသော လှုပ်ရှားမှုများကိုလည်း အတုခိုးသည်။ လူတဦး သံရိုက်နေသည်ကို မြင်သောမျောက်သည် သံချောင်းများ ရှာပြီး သစ်သားပေါ်တွင် သံရိုက်သကဲ့သို့ ပြုလုပ်သည်။ သုံးလေးကြိမ်မျှ

အတုခိုးပြီးသောအခါ အမှန်ပင် တိတိကျကျ သံရိုက်နိုင်ပေတော့သည်။ အချို့မျောက်များသည် အလွန်ပါးနပ်ပြီး ပြီးခဲ့သော အတွေ့အကြုံများ၊ ထိုအတွေ့အကြုံနှင့် ဆင်တူသော အခြေအနေအောက်တွင် ထိုအတွေ့အကြုံကို ပြန်လည် အသုံးပြုတတ်သည်။ ဤသည်မှာ ဆပ်ကပ်ထဲမှ ဂဏန်းတွက်တတ်သော ခွေးနှင့်အခြေအနေမတူချေ။

မျောက်များ အဘယ့်ကြောင့် အတုခိုးတတ်သနည်း။

ဖြတ်ထိုးဉာဏ် ဖွံ့ဖြိုးခြင်းကြောင့်ဖြစ်သည်။ မျောက်ဝံ၏ဦးနှောက်သည် လူထက်ငယ်သော်လည်း ကိုယ်အလေးချိန်၏ $\frac{၁}{၁၅၀}$ ရှိသည်။ လူ၏ဦးနှောက်သည် ကိုယ်ခန္ဓာအလေး၏ $\frac{၁}{၂၅}$ မှ $\frac{၁}{၄၅}$ ထိရှိသည်။ အခြားတိရစ္ဆာန်၊ ဥပမာ ပါးနပ်သော ခွေး၏ဦးနှောက်သည် ကိုယ်အလေးချိန်၏ သုံးရာမှ လေးရာပုံတပုံရှိသည်။ မျောက်များ သင်ပင်ပေါ်တွင် နေထိုင်ကျက်စားခြင်း၊ လှုပ်ရှားခြင်းများ ပြုလုပ်ရန် ဖျတ်လတ်မှုနှင့် ကြွက်သားအပြောင်းအလဲ ပြုမှုများ ပိုမို လိုအပ်သည်။ ထိုအပြုအမူများသည် ဦးနှောက်ကို ထွားကျိုင်းဖွံ့ဖြိုးစေသည်။ ဦးနှောက်ဝင်ရည် အဆက်မပြတ် ကြီးထွားခြင်းကြောင့် ဦးနှောက်ကြီး ထုလုံးကြီးထွားလာပြီး ဦးနှောက်အလွှာကို လုံးဝ ဖုံးကွယ်ပစ်သည်။ ဦးနှောက်ဖွံ့ဖြိုးလေလေ ဉာဏ်ကောင်းလေလေ ဖြစ်သည်။ ထို့ကြောင့် အမူအယာအမျိုးမျိုးကို အတုခိုး 'မယ့်လာ' နိုင်သော စွမ်းအားရှိလာသည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

၅၉။ ။မျောက်များအဘယ်ကြောင့်စားပိုးနှင့်အောင် စားနိုင်သနည်း

ဝေဿန္တရာဇာတ်တော်တွင် ဇူဇကာ ပုဏ္ဏားသည် စားပိုးနှင့်အောင် စား၍သေရသည်။ 'အစားလွန်က စားပိုးနင့်၍သေတတ်သည်' ဟူသော မြန်မာစကားပုံရှိသည်။ လူများ အကယ်၍စားပိုးနင့်အောင်စားလျှင် ဇူဇကာလို မဖြစ်သော်ငြားလည်း အစာမကြေ၍ အလူးအလိမ့် ခံရလိမ့်မည်။ သို့သော်လည်း မျောက်များသည် ရတတ်သမျှ အစာများကို ပါးစပ်ထဲသို့ထိုးသွင်း၍ မဝါးပဲနေသော်လည်း အစာမကြေသောရောဂါ၊ ဝမ်းပိုက်နာသောရောဂါ မဖြစ်ချေ။

မျောက်များ အဘယ်ကြောင့် စားပိုးနှင့်အောင် စားနိုင်ကြသနည်း။

အမှန်ကား မျောက်များ စားပိုးနှင့်အောင် မစားခြင်းကြောင့်ဖြစ်သည်။ သင်သေချာစွာ လေ့လာလျှင် မျောက်များ "အစာကို လုပြီး ပါးစပ်ထဲ သွင်းသော်လည်း အစာအိမ်ထဲသို့ မျိုချခြင်း မရှိသည်ကိုတွေ့ရမည်။ အဖြစ်အမှန်ကား ဤသို့တည်း။ ယင်း၏ ပါးစပ် နှစ်ဖက်နှစ်ချက်တွင် အိမ်တခုစီရှိသည်။ ယင်းတို့ကို 'ပါးအိမ်' ဟုခေါ်သည်။ ပါးအိမ်၏ အဓိကတာဝန်မှာ အစာသိုလှောင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့မြင်တွေ့ရသော မျောက်အစာ လုစားခြင်းသည် အစာကိုမျိုချခြင်းမရှိပဲ ပါးအိမ်တွင် ယာယီစုထားခြင်းသာ ဖြစ်သည်။ နောက်မှ တဖြေးဖြေး ဝါးစားပြီး အစာအိမ်ထဲသို့ မျိုချသည်။

လူသားတို့တွင်လည်း ပါးအိမ်ရှိခဲ့ဘူးသည် ဟုဆိုလျှင် သင်အံ့ဩ

မှနေလိမ့်မည်။ သို့သော်လည်း ယခုကွယ်ပျောက်နေပါပြီ။ မျောက်သည် လူနှင့်မတူချေ။ ယင်းကို အစာများ မှန်မှန်စားရလိမ့်မည်ဟု မည်သူမျှ အာမခံချက် မပေးချေ။ ထို့ကြောင့် စားရ သောက်ရမည့် အခွင့်ကြုံလာပြီဆိုလျှင် အဝစားရမည့်ပြင် အနည်းငယ် သိုလှောင်ထားရဦးမည်။သို့မှသာ ဝမ်းပိုက်ဆာချိန်တွင် လွယ်လင့်တကူစားနိုင်ပေသည်။ ဤသို့ဖြင့် ယင်းတို့၏ပါးအိမ်များ ဖွံ့ဖြိုးနေလေတော့သည်။

www.burmeseclassic.com